# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ တနင်္လာနေ့။ Monday, 6 January 2025 ၁၁၆၉၄


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

**နှစ်သစ်မှာ ငြိမ်းချမ်းပျော်ရွှင်ကြပါစေ**

ဆောင်းပါး စာမျက်နှာ » ၇

**သီရိလင်္ကာနိုင်ငံက ၂၀၂၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၂ ဘီလီယံအထိ ပို့ကုန်ဝင်ငွေရရှိရန် မျှော်မှန်း**

စာမျက်နှာ » ၁၃

**လူ့တစ်ကိုယ်လုံး ဥပစာအသုံး**

ဆောင်းပါး စာမျက်နှာ » ၁၇

**တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်နေသည့် ဉာဏ်ရည်တုနည်းပညာ**



စာမျက်နှာ » ၁၉

## ပေါင်းတည်မြို့နယ်၌ ဝဲကြီးရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရေများ စတင်ဖြန့်ဝေ

ပေါင်းတည် ဇန်နဝါရီ ၅

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ နွေစပါးစိုက်ပျိုးရန်အတွက် ဝဲကြီးရေလှောင်တမံမှ စိုက်ပျိုးရေများကို ယခုလဆန်းပိုင်းမှ စတင်ဖြန့်ဝေလျက်ရှိသည်။ နွေစပါးစိုက်ပျိုးမြေများသို့ စိုက်ပျိုးရေများ စတင်ရောက်ရှိနေကြပြီဖြစ်ရာ ယခုနှစ်တွင် တောင်သူများသည် ဆောလျင်စွာ လယ်ယာလုပ်ငန်းခွင်ဝင်၍ စိုက်ပျိုးရိတ်သိမ်းမည်ဖြစ်ကြောင်းနှင့် မိုးစပါး မစိုက်ပျိုးမီကြားကာလတွင် ကာလတို သီးထပ်သီးနှံများကို ဆက်လက်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ✰



ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်ရှိ ဝဲကြီးရေလှောင်တမံမှ နွေစပါး စိုက်ပျိုးရေများ ပေးဝေနေမှုကို တွေ့ရစဉ်။



ဝယ်လိုအားကောင်းနေသည့် ငါးနှပ်ငါးများကို တွေ့ရစဉ်။

## ရေထွက်ကုန်များ ပြည်ပနိုင်ငံများသို့ ပုံမှန်တင်ပို့လျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်မြို့ရှိ ကြည့်မြင်တိုင် စံပြငါးဈေးသို့ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အဖြစ် ပင်လယ်ထွက်ကုန်အမျိုးအစား ၈၀ ခန့် ပုံမှန်ဝင်ရောက်လျက်ရှိပြီး ပြည်ပပို့ကုန်အဖြစ် ဆော်ဒီအာရေဗျ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ အအေးခန်းစက်ရုံများမှတစ်ဆင့် ရေလမ်းကြောင်းဖြင့် ပုံမှန်တင်ပို့လျက်ရှိကြောင်း အဆိုပါဈေးမှ သိရသည်။

"ပင်လယ်ကဝင်လာတဲ့ ငါး၊ ပုစွန်တွေကို ရန်ကုန်ဆိပ်ခံတံတားကနေ အအေးခန်းစက်ရုံတွေကို တင်ပို့ပြီး အဲဒီကနေတစ်ဆင့် ကွန်တိန်နာနဲ့ ရေလမ်းကြောင်းကနေ ပြည်ပကို ပို့ကြတာပါ။ ပြည်ပ ဝယ်လက်တွေ ကိုယ်တိုင်ဆင်းပြီး မှာလို့ပို့တာရှိသလို ကိုယ်စားလှယ်တွေကနေတစ်ဆင့် ပို့တာလည်း ရှိပါတယ်။ ဒီလိုပို့တဲ့အခါ ပင်လယ်ငါးအပြင် ရေချိုထွက်ကုန်တွေ ပို့နေတာလည်း ရှိတယ်။ ပင်လယ်ငါးက ရာသီမရွေး ပို့ပါတယ်" ဟု ရေလုပ်ငန်းရှင် ဒေါ်တင်နွယ်က ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❋

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မနောအကဖြင့် ဆင်နွှဲနိုင်ရေး ရိုးရာအစဉ်အလာနှင့်အညီ မနောတိုင်စိုက်ထူ

မြစ်ကြီးနား ဇန်နဝါရီ ၅

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်သော (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားတွင် ပြည်ထောင်စု၏ စည်းလုံးခြင်း၊ စီးပွားလာဘ်လာဘ တိုးပွားစေခြင်းနှင့် အောင်မြင်ခြင်းအထိမ်းအမှတ် မနောအကဖြင့် ဆင်နွှဲနိုင်ရေး ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်း ရုံးရှေ့မြက်ခင်းပြင်၌ မနောတိုင်ကို ရိုးရာအစဉ်အလာနှင့်အညီ စိုက်ထူခဲ့ကြသည်။

**တက်ရောက်**

ဦးစွာ မနောတိုင်စိုက်ထူပွဲအခမ်းအနားကို ကတ်သလစ်အသင်းတော်မှ ဘုန်းတော်ကြီး ဖာသာဒေါက်တာဂေါ်လူယုံဝါ၊ နှစ်ခြင်းခရစ်ယာန်အသင်းတော်များမှ သိက္ခာတော်ရဆရာတော်များ ဦးဆောင်၍ မနောပွဲဦးဆောင်သူ နောင်ရှောင်များနှင့်အတူ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်အေးအေး



မော်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဝတ်ပြုပွဲအစီအစဉ်ကို သိက္ခာတော်ရဆရာတော်က ဆုတောင်းဆက်ကပ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အထိမ်းအမှတ်အဖြစ် ပြည်ထောင်စု၏ စည်းလုံးခြင်း၊ အေးချမ်းသာယာခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရိုးရာအစဉ်အလာနှင့်အညီ မနောအကဖြင့် အောင်မြင်စွာကျင်းပဆင်နွှဲနိုင်ရေး ဆုမွန်တောင်းခံပေးနိုင်ရန် ပြောကြားပြီး ဖာသာဒေါက်တာဂေါ်လူယုံဝါက ဆုတောင်းဆက်ကပ် ကောင်းချီးတောင်းခံပေးသည်။

ဆက်လက်၍ မနောပွဲဦးဆောင်သူ နောင်ရှောင်ခေါင်းဆောင်က ရိုးရာအစဉ်အလာနှင့်အညီ မနောပွဲတော် ကျင်းပနိုင်ရေး၊ မနောတိုင်စိုက်ထူခြင်းတို့အတွက် ဆုမွန်ကောင်းများ တောင်းခံပေးကာ သိက္ခာတော်ရဆရာက ကောင်းချီးပေးပြီး မနောတိုင်အားစုပေါင်းစိုက်ထူခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

## ပြင်ဦးလွင်မြို့ရှိ အဓိကလမ်းမကြီးများပေါ်တင်နေသော သဲ၊ ဖုန်များကို ရေဖျန်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

ပြင်ဦးလွင် ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြို့တွင်းလမ်းမကြီးတစ်လျှောက် အဓိကမြို့တွင်းလမ်းမကြီးများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ယနေ့ မွန်းလွဲ ၁ နာရီက ဈေးလေးမီးပွိုင့်လမ်းဆုံမှ မြို့ပတ်လမ်းအတိုင်း ဗိုလ်ချုပ်လမ်းအထိ ရေဖျန်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် အဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ စည်ပင်အမှုဆောင်အရာရှိ ဦးကျော်ခိုင်နှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် မီးသတ်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၁၀၀ တို့ဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။




အဆိုပါ ရေဖျန်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမှိုက်သိမ်းယာဉ် နှစ်စီးနှင့် ရေကားနှစ်စီးတို့ဖြင့် ကတ္တရာလမ်းပေါ်တင်နေသည့် သဲ၊ ဖုန်များကို ရေဖျန်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက မြို့ပေါ်အဓိကလမ်းမကြီးများအား လစဉ်ရေဆေးသန့်ရှင်းရေး ဆောင်ရွက်နိုင်ရေးနှင့် ယာဉ်စည်းကမ်း လမ်းညွှန်ဆေးလိုင်းများ၊ ပလက်ဖောင်းနှင့် လမ်းလယ်ကျွန်း တစ်လျှောက်တို့ရှိ (ဖြူနီကြား၊ ဝါနက်ကြား) ဆေးလိုင်းများအား ပေါ်လွင်ထင်ရှားနေအောင် အပတ်စဉ်ဆေးကြောရေးကိစ္စ ဆောင်ရွက်ပေးရန်တို့ကို တာဝန်ရှိသူတို့အား မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

❋ **ရေထွက်ကုန်များမှ**

ရန်ကုန်မြို့တွင် ပင်လယ်ငါးဖမ်းစက်လှေများ ဆိုက်ကပ်ရာ ဆိပ်ခံတံတား ၁၀ ခု ကျော်ရှိပြီး ယခုရက်ပိုင်းအတွင်း မြန်မာ့ပင်လယ်ပြင်မှ ပြည်ပသို့ တင်ပို့သည့် ငါးနုပ်၊ ငါးတံခွန်၊ ငါးပုတ်သင်နှင့် ပုစွန်များ အဆက်မပြတ် ဝင်ရောက်လျက်ရှိသည့်အတွက် နှစ်သစ်ကူးကာလ၌ ပင်လယ်ရေထွက်ကုန်များ အရောင်းအဝယ်ကောင်းလျက်ရှိသည့် အပြင် ပြည်ပဝယ်လိုအားကောင်းသည့် ငါးသလောက်နှင့် ကင်းမွန်များ ရန်ကုန်ဈေးကွက်သို့ ယခုလအတွင်း လှိုင်လှိုင်ဝင်ရောက်လာနိုင်ကြောင်း ငါးလုပ်ငန်းရှင်များက ခန့်မှန်းထားသည်။

သစ္စာ(MNA)၊ ဓာတ်ပုံ – ဗွဲမာန်



ဝဲကြီးရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရေများ ပေးဝေနေမှုကို တွေ့ရစဉ်။

☆ **ရွှေဖုံးမှ**

ယခုနှစ်တွင် ပေါင်းတည်မြို့နယ်အနေဖြင့် နွေစပါး ဧက ၂၆၀၁၀ စိုက်ပျိုးရန်လျာထားသတ်မှတ်ခဲ့ပြီး တောင်သူများအနေဖြင့် နွေစပါးကို အထူးအလေးထားစိုက်ပျိုးရေး၊ တောင်သူများ၏ အကျိုးစီးပွားနှင့် ထပ်တူနိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာထုတ်ကုန်မြင့်မားရေး၊ ပန်းတိုင်အထွက်နှုန်းများ ရရှိရေးတို့ကို ရည်ရွယ်ကာ စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့နှင့် နွေစပါးစိုက်တောင်သူများသည် စိုက်ပျိုးရေကို အကျိုးရှိစွာ အသုံးပြုစိုက်ပျိုးထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ ရွှေသား(ပြန်/ဆက်)

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

နေပြည်တော် ဇန်နဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ရွာနိုင်သည်။

မိုး/ဇလ

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်း

(ယမန်နေ့မှအဆက်)

## သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တတိလောက၊ ဝေယံဘုံမြင့်(သာသနဥယျာဉ်ပရဟိတ) ကျောင်းတိုက်၊ နန်းကွေ့ကျေးရွာ၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်

၂။ ဒေါက်တာဘဒ္ဒန္တဝဏ္ဏိတ၊ မဇ္ဈိမဝံသရွှေကျောင်းတိုက်၊ အောင်မိုင်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၃။ ဘဒ္ဒန္တဝိမလ၊ ကျွန်းတော်ကျောင်းတိုက်၊ ကျွန်းတော်ကျေးရွာ၊ ရွှေကူမြို့နယ်၊ ကချင်ပြည်နယ်

၄။ ဘဒ္ဒန္တပညာနန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မူလာရှီးဒီရပ်ကွက်၊ ပူတာအိုမြို့၊ ကချင်ပြည်နယ်

၅။ ဘဒ္ဒန္တပညာဓဇ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ရပ်ကွက်(၄)၊ ရှင်ဗွေယန်မြို့၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်

၆။ ဘဒ္ဒန္တတေဇနိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လန်းနို(၁) ကျေးရွာ၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်

၇။ ဘဒ္ဒန္တနိပုဏ၊ နိပုဏာရာမဓမ္မာရုံကျောင်းတိုက်၊ စိုက်ကွင်း(၃) ကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်

၈။ ဘဒ္ဒန္တသူရိယ၊ ဓမ္မနာဒကျောင်းတိုက်၊ ထေးပလော်ခူကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်

၉။ ဘဒ္ဒန္တဇောတိက၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဒေါဆော်ဖျူ ကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်

၁၀။ ဘဒ္ဒန္တကုဏ္ဍလ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ငံရိုးကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်

၁၁။ ဘဒ္ဒန္တပညာစာရ၊ ဖားပြမင်္ဂလာသိပ္ပံကျောင်းတိုက်၊ ဖားပြကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကရင်ပြည်နယ်

၁၂။ ဘဒ္ဒန္တဓမ္မာဝုဓ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ခိတော်ကျေးရွာ၊ ကန်ပက်လက်မြို့နယ်၊ ချင်းပြည်နယ်

၁၃။ ဘဒ္ဒန္တခေမိန္ဒာစာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အမ်လောင်း ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၁၄။ ဘဒ္ဒန္တဝါရိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဒေါက်ဒွေ ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၁၅။ ဘဒ္ဒန္တကုမာရ၊ ဒုံအိမ်ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဒုံအိမ် ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၁၆။ ဘဒ္ဒန္တသြဘသ၊ မြို့မထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၊ ဟားခါးမြို့၊ ချင်းပြည်နယ်

၁၇။ ဘဒ္ဒန္တက္ကန္ဒာစရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လကျန်း ကျေးရွာ၊ လဟယ်မြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တအဂ္ဂသာရ၊ ကျောက်ကြီးတောင်ကျောင်းတိုက်၊ ကြီးအုပ် ကျေးရွာ၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တကုမာရ၊ ရေဆန်ကျွန်းထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကျီကုန်းကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တက္ကသရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အထက် ရပ်ကွက်၊ ပန်ဆောင်မြို့၊ နန်းယွန်းမြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တပညာစာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဂဟုန်း ကျေးရွာ၊ လဟယ်မြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၂။ ဘဒ္ဒန္တဇောတိက၊ တောင်ပယကျောင်းတိုက်၊ တောင်ပယကျေးရွာ၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၂၃။ ဘဒ္ဒန္တဓမ္မာနန္ဒ၊ ခေမာသီဝံဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ရွှေပြည်သာရပ်ကွက်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တခေမာစာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မဇောပြင်ကြီးကျေးရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၂၅။ ဘဒ္ဒန္တပါလိတ၊ မြို့မသီဟနာဒစာသင်တိုက်၊ ဗိုလ်မင်းရောင် ရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၂၆။ ဘဒ္ဒန္တပညာသီရိ၊ ဂုဏ်မင်းအိုင်အေးငြိမ်းချမ်းသာ သဘာဝတရားရိပ်သာ၊ ဂုဏ်မင်းအိုင်ကျေးရွာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၂၇။ ဘဒ္ဒန္တဝါယမ၊ မှန်ပြတောင်ဘုန်းတော်ကြီးကျောင်း၊ (၆)မိုင် ကျေးရွာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၂၈။ ဘဒ္ဒန္တသုနန္ဒ၊ ဓမ္မပါလကျောင်းတိုက်၊ ရှားစေးဖိုကျေးရွာ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၂၉။ ဘဒ္ဒန္တဇာဂရ၊ ရတနာမာရ်အောင်ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ဆည်စုကျေးရွာ၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၃၀။ ဘဒ္ဒန္တပညာသာမိ၊ ရွှေကြာပျိုးခင်း အမှတ်(၁)ဘုန်းတော်ကြီး သင်ပညာရေးအလယ်တန်းကျောင်း၊ ရွှေကျေးကျေးရွာ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၃၁။ ဘဒ္ဒန္တပဏ္ဍိစ္စ၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ကိုးဆောင်ကျောင်းတိုက်၊ ထုံးဘိုကျေးရွာ၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃၂။ ဘဒ္ဒန္တနေမိန္ဒာလင်္ကာရ၊ ဓမ္မပါလဘုန်းတော်ကြီးသင်ပညာရေး ကျောင်း၊ ရွှေကြီးပင်ကွက်သစ်၊ သနပ်ပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃၃။ ဘဒ္ဒန္တဝေပုလ္လ၊ အမှတ်(၁၆)ငါးကြီးအင်း ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ငါးကြီးအင်းကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃၄။ ဘဒ္ဒန္တဇောတိက၊ ရွှေဘုံသာဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ကျိုက်စကောကျေးရွာ၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃၅။ ဘဒ္ဒန္တဝိမလ၊ မေတ္တာဥယျာဉ်(ပဏ္ဍိတာရာမမြတောင်) ရှင်သာမဏေပြုစုပျိုးထောင်ရေးနှင့် မိဘမဲ့ကလေးစောင့်ရှောက် ရေး ပရဟိတဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ မြို့လှမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃၆။ ဘဒ္ဒန္တဓမ္မပါလ၊ ပစ္ဆိမရာမ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်း ကျောင်း၊ ရပ်ကွက်ကြီး(၈)၊ ဥဿာမြို့သစ်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃၇။ ဘဒ္ဒန္တဇဝန၊ ထန်းကောက်ကျောင်းတိုက်၊ ထန်းကောက်ကျေးရွာ၊ ကံမမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၃၈။ ဘဒ္ဒန္တနန္ဒောဘာသ၊ မတောင့်တဘုန်းတော်ကြီးကျောင်းတိုက်၊ ရွှေအိုး(၂)ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး

၃၉။ ဘဒ္ဒန္တသောမ၊ သာသနပါလကျောင်းတိုက်၊ ရွာသာကြီးကျေးရွာ၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၄၀။ ဘဒ္ဒန္တသီလာစာရ၊ စေတော်ဝင်တောရကျောင်းတိုက်၊ အမှတ် (၁)ရပ်ကွက်၊ စေတုတ္တရာမြို့၊ မကွေးတိုင်းဒေသကြီး

၄၁။ ဘဒ္ဒန္တတေဇ၊ သာသနာနုဂ္ဂဟ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ မြောက်ရှားတောကျေးရွာ၊ ဆင်ဖြူကျွန်းမြို့၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၄၂။ ဘဒ္ဒန္တသြဘသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ပနီဆုံကျေးရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၄၃။ ဘဒ္ဒန္တဝရဒီပ၊ ရွှေရန်ကင်းကျောင်းတိုက်၊ ဥယျာဉ်တော်ကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄၄။ ဘဒ္ဒန္တသုမနဉာဏ၊ ဂိုဏ်းထောက်ကျောင်းတိုက်၊ ဆည်တို ကျေးရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄၅။ ဘဒ္ဒန္တဝိစာရ၊ မဟာဝိဇယကျောင်းတိုက်၊ မဟာမြိုင် (၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄၆။ ဘဒ္ဒန္တကောဝိဒ၊ မင်္ဂလာရာမဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ သဲချောင်းကျေးရွာ၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄၇။ ဘဒ္ဒန္တဇောတိပါလ၊ ဘုရားဖြူဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ စာတိုးကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄၈။ ဘဒ္ဒန္တနန္ဒ၊ ဥသျှစ်ကုန်း ဘုန်းတော်ကြီးသင်ပညာရေးမူလတန်း ကျောင်း၊ သီရိမာလာအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄၉။ ဘဒ္ဒန္တအာစာရ၊ ရတနာသိဒ္ဓိကျောင်းတိုက်၊ အောင်သာယာ ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅၀။ ဘဒ္ဒန္တမာနိတ၊ ပတ္တမြားဘုန်းတော်ကြီးသင်ပညာရေးမူလတန်း လွန်ကျောင်း၊ အောင်နီလာ (၂) ရပ်ကွက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၅၁။ ဘဒ္ဒန္တဇနက၊ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်၊ ရွာကြီး ကျေးရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅၂။ ဘဒ္ဒန္တသောဘဏ၊ ဗုဒ္ဓဆာယာ(ပရဟိတ)ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း၊ ရေထွက်ကျေးရွာအုပ်စု၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅၃။ ဘဒ္ဒန္တပညာသာမိ၊ သာသနာ့ဂုဏ်ဆောင်မေတ္တာရောင် ကျောင်းတိုက်၊ ဖျောက်ဆိပ်ကုန်းကျေးရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅၄။ ဘဒ္ဒန္တစန္ဒိမာ၊ ရဲသောင်ကျောင်းတိုက်၊ ကင်မွန်းချောင်းကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၅၅။ ဘဒ္ဒန္တနန္ဒမာလာ၊ စောင်နိုင်ကြီးကျောင်းတိုက်၊ ကင်မွန်းချောင်း ကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၅၆။ ဘဒ္ဒန္တသြဘာသ၊ အောင်သိဒ္ဓိရှင်ကျောင်းတိုက်၊ ကင်မွန်းချောင်း ကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၅၇။ ဘဒ္ဒန္တရေဝတ၊ မဲပျော့ဝကျောင်းတိုက်၊ ကင်မွန်းချောင်းကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၅၈။ ဘဒ္ဒန္တတိလောက၊ မဲရုံကြီးကျောင်းတိုက်၊ ကင်မွန်းချောင်းကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၅၉။ ဘဒ္ဒန္တသြဘာသ၊ ဝင်းစိန်တောရကျောင်းခွဲ၊ ခပ်ရခပ်ယူကျောင်း တိုက်၊ လက်တက်ကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်

၆၀။ ဘဒ္ဒန္တစာရိန္ဒ၊ ကျောက်တန်းကျောင်းဟောင်းကျောင်းတိုက်၊ ကျောက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၆၁။ ဘဒ္ဒန္တပညာသီရိ၊ မြို့ဦးတောင်ပေါ်ကျောင်းတိုက်၊ မြို့မရပ်ကွက်၊ ဂွမြို့၊ ရခိုင်ပြည်နယ်

၆၂။ ဘဒ္ဒန္တဒေဝိန္ဒာလင်္ကာရ၊ မဇ္ဈိမပတ္တမြားရတနာကျောင်းတိုက်၊ ရခိုင်ရိုးကြီးကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၃။ ဘဒ္ဒန္တနန္ဒမာလာသိရီ၊ မြရောင်ခြည်ဘုန်းတော်ကြီးသင်ပညာ ရေးကျောင်း၊ ငြိမ်းချမ်းသာယာကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၄။ ဘဒ္ဒန္တစန္ဒသူရိယ၊ မူလပဋ္ဌာန်းကျောင်းတိုက်၊ အမှတ်(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၅။ ဘဒ္ဒန္တသစ္စပဏ္ဍိတ၊ မင်္ဂလာသီရိမြန်မာကမ္ဘောဒီးယားပရိယတ္တိ စာသင်တိုက်၊ အမှတ်(၂၁)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၆။ ဘဒ္ဒန္တမဏ္ဍလ၊ မြင်းမူကျောင်းတိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး

၆၇။ ဘဒ္ဒန္တဉာဏိသရ၊ ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ ရိပ်သာ၊ ရွှေတောင်ကြားရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး

၆၈။ ဘဒ္ဒန္တကုသလ၊ ဝိမုတ္တိဉာဏဓမ္မရိပ်သာကျောင်းတိုက်၊ ပိန္နဲကုန်း ကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၉။ ဘဒ္ဒန္တသူရိန္ဒဓဇ၊ မင်္ဂလာဦးပရိယတ္တိစာသင်တိုက်၊ မိုင်းပွန်မြို့၊ လွိုင်လင်မြို့နယ်၊ ရှမ်းပြည်နယ်

၇၀။ ဘဒ္ဒန္တနရိန္ဒ၊ မိုးဦးကျောင်းတိုက်၊ မိုးဦးကျေးရွာ၊ ပင်လောင်း မြို့နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၇၁။ ဘဒ္ဒန္တအဂ္ဂဝံသ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ရပ်ကွက်(၁)၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်

၇၂။ ဘဒ္ဒန္တသုစိတ္တ၊ နောင်မွန်ပရဟိတဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်း၊ ကံသာဦးရပ်၊ နောင်မွန်စံပြကျေးရွာ၊ ဆီဆိုင် မြို့နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၇၃။ ဘဒ္ဒန္တပဏ္ဍိတ၊ နယ်စပ်ဒေသပရိယတ္တိ ပဋိပတ္တိ သာသနာပြု ပဏ္ဍိတာရာမ နမ့်ပွန်းကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ တန့်ယန်း မြို့၊ ရှမ်းပြည်နယ်

၇၄။ ဘဒ္ဒန္တဝိမလ၊ ပန်းခင်းထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မိုင်(၃၀) ကျေးရွာ၊ မိုင်းပျဉ်းမြို့နယ်၊ ရှမ်းပြည်နယ်

၇၅။ ဘဒ္ဒန္တနန္ဒန၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နောင်ဆုံ(၂) ကျေးရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်

၇၆။ ဘဒ္ဒန္တသူရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မိုင်းကန် ကျေးရွာ၊ မိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်

၇၇။ ဘဒ္ဒန္တသုမနသာမိ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ စပ်ပလောက် ကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

၇၈။ ဘဒ္ဒန္တဥတ္တမသာရ၊ အေးဝဏ်ဘာကျောင်းတိုက်၊ အရှေ့ပိုင်း ရပ်ကွက်၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၇၉။ ဘဒ္ဒန္တသြဘသ၊ ဝိသုဒ္ဓါရုံကျောင်းတိုက်၊ တကုန်းကြီးကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

## ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၈၀။ ဘဒ္ဒန္တမုနိန္ဒ၊ သီရိမင်္ဂလာကျယ်ဂေါင်ကျောင်းတိုက်၊ ကျယ်ဂေါင် မြို့၊ ရွှေလီမြို့နယ်၊ ယူနန်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၈၁။ ဘဒ္ဒန္တပညာစက္က၊ ဝပ်ဆိုင်းမွန်မြန်မာကျောင်းတိုက်၊ ချင်းမိုင်မြို့၊ ထိုင်းနိုင်ငံ

စာမျက်နှာ ၅ သို့ ✪

❂ စာမျက်နှာ ၄ မှ

### သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်(အဆက်)

၈၂။ Dr.Ven Nandaratan, သီရိလင်္ကာဗုဒ္ဓဝိဟာရကျောင်းတိုက်၊ ဗုဒ္ဓနာဂရိရပ်ကွက်၊ ကုသိနာရုံမြို့၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ

၈၃။ Dr.Ven Dhammaratana, Chinese Buddhist Temple, Nalanda, Bihar, အိန္ဒိယနိုင်ငံ

**သီလရှင်ဆရာကြီးများ**

၈၄။ ဒေါ်ပညာသိရီ၊ သီလရှင်သင်ပညာရေးမူလတန်းကျောင်း၊ သီရိဟေမာသီလရှင်စာသင်တိုက်၊ အမှတ် (၉)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်

၈၅။ ဒေါ်အကိုရဝတီ၊ သကျဓီတာသီလရှင်ကျောင်းတိုက်၊ အလယ်ကုန်းရပ်ကွက်၊ ဆရာစံမြို့သစ်၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၈၆။ ဒေါ်ဟိတကာရီ၊ ရွှေမောင်းမဏိရတနာဦးသီလရှင်စာသင်တိုက်၊ သပြေရိုးကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈၇။ ဒေါ်ဣန္ဒစာရီ၊ ပဋ္ဌာဂီရိချမ်းမြေ့စည် လောကီလောကုတ္တရာပညာသင်ကြားရေးသီလရှင်ကျောင်း၊ လိပ်အင်းရပ်ကွက်၊ သထုံမြို့၊ မွန်ပြည်နယ်

၈၈။ ဒေါ်ပညာဝတီ၊ ပညာသိဂီသီလရှင်သင်ပညာရေးမူလတန်းကျောင်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**လူပုဂ္ဂိုလ်များ**

၈၉။ ဦးငွေသိဏ်းဝင်း၊ အမှတ်(၂၈၅)၊ ဇေယျာ(၅)၊ မြို့သစ်ကြီးရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင် ပြည်နယ်

၉၀။ ဒေါက်တာကျော်ဇင်ဦး၊ ခရိုင်ပြည်သူ့ဆေးရုံ၊ ဝန်ထမ်းအိမ်ရာ၊ မြို့မရပ်ကွက်၊ ပူတာအိုမြို့၊ ကချင်ပြည်နယ်

၉၁။ ဦးအောင်နိုင်စိုး၊ တိုက်အမှတ်(၉)၊ မြရည်နန္ဒာတိုက်ခန်း၊ (၁၁၇-ဒီ)လမ်း၊ ၄၅ x ၄၆ လမ်းကြား၊ အောင်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၉၂။ ဦးကျော်စိုး၊ အခန်း(၀၀၅)၊ တိုက်အမှတ်(၂)၊ ကျီတော်အိမ်ရာ၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၃။ ဒေါ်မြင့်မြင့်အေး၊ အမှတ်(၁၈)၊ ဈေးချိုလမ်း၊ မြို့မမြောက်ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၄။ ဒေါက်တာလင်းဆိုင်၊ ပန်လင်းဆိုင်ကျေးရွာ၊ နမ့်စန်မြို့နယ်၊ ရှမ်းပြည်နယ်

**ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်**

၉၅။ Ms YOSHIDA IKUKO, အမှတ် ၄-၃၂-၄ (၈၀၁)၊ ရှင်ဂျုကုမြို့နယ်၊ တိုကျိုမြို့တော်၊ ဂျပန်နိုင်ငံ

### အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကောသလညာဏ၊ ရွှေတောင်ဦးလယ်တီဝိပဿနာရိပ်သာ၊ ကန်ချောင်အုပ်စု၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဒေါက်တာဘဒ္ဒန္တကုလ္လဓ္ဓေဘာသာဘိဝံသ၊ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ မြို့မ(၁)ရပ်ကွက်၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တသီလာစာရ၊ ကျိုက်ဒေးယျုံကျောင်းတိုက်၊ ပျဉ်ထောင်ကျေးရွာ၊ သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တဓမ္မသာမိ၊ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းရိပ်သာ၊ သီရိမင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တကစ္စာယန၊ စံပယ်ရုံမိုးကုတ်ဝိပဿနာရိပ်သာ၊ မာရ်အောင်ကျောင်းတိုက်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တကုမုဒ၊ ရွှေသစ္စာတောရ၊ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာခွဲ၊ အင်းကန်ကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဒေါက်တာဘဒ္ဒန္တနန္ဒဝံသ၊ ဇနိတာရာမမိုးကုတ်ရိပ်သာ၊ စိန်ရွှေကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဘဒ္ဒန္တဝဏ္ဏိတ၊ ဓမ္မသုခတောရဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ လွယ်လုံကျေးရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်

၁၀။ ဘဒ္ဒန္တဝိစိတ္တသာရ၊ ဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက်၊ မြကန်သာရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

### မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုန္ဒရ၊ ဝံသရက္ခိတမိုးကုတ်ရိပ်သာ၊ ဗလပ်စုံကျောင်းတိုက်၊ အတွင်းရှမ်းချောင်းကျေးရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တသောဘဏ၊ သီတာမြိုင်တောရထာဝရရိပ်သာကျောင်းတိုက်၊ မှတ်ရှည်အုပ်စု၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တတေဇောဘာသ၊ သိဒ္ဓိလာဘမိုးကုတ်ဝိပဿနာကျောင်းတိုက်၊ ကရင်စုရပ်ကွက်၊ သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တနာယက၊ အောင်တော်မူတောရဓမ္မရိပ်သာကျောင်းတိုက်၊ မြို့လှမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တဓမ္မပီယ၊ ငါးဆင့်အရှေ့ကျောင်းတိုက်၊ ရွှေအိုး(၂)ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တဓမ္မသာရ၊ မိုးကုတ်ရိပ်သာအဖွဲ့ခွဲအမှတ်(၂၉၅) ခနုတ်ကျောင်းတိုက်၊ ခနုတ်စံပြကျေးရွာ၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဘဒ္ဒန္တဝိစိတ္တ၊ ရွှေဓမ္မရိပ်ငြိမ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ ပေါင်းကူးညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဇာဂရိယ၊ ရွှေခြံဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၁၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဘဒ္ဒန္တသောဘန၊ ဓမ္မအောင်စည်သာသနာ့ရိပ်သာ၊ အမှတ်(၁၉/၄၈) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဒေါက်တာဘဒ္ဒန္တတေဇဓမ္မ၊ မေတ္တာမဏ္ဍိုင်ကျောင်းတိုက်၊ အမှတ်(၁၄၀)ရပ်ကွက်၊ တောင်ဒဂုံ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တဝိမလ၊ အောင်မင်္ဂလာဓမ္မရိပ်သာကျောင်းတိုက်၊ ထိန်ကုန်းကျေးရွာ၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

### ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တတေဇာနန္ဒ၊ မင်္ဂလာတောရမဟာစည်ရိပ်သာကျောင်းတိုက်၊ မင်္ဂလာကုန်းကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကရင်ပြည်နယ်

၂။ ဘဒ္ဒန္တဓမ္မဓဇ၊ သစ္စာတံခွန်မိုးကုတ်ရိပ်သာကျောင်းတိုက်၊ အမှတ်(၂) ရပ်ကွက်၊ ကန့်ဘလူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တဂန္ဓမာစာရ၊ ရတနာမြိုင်ရိပ်သာကျောင်းတိုက်၊ ငွေပုလဲရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တစန္ဒိမာ၊ ရန်အောင်မြင်တောရ (မြို့တော်ဝန်)ကျောင်းတိုက်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၅။ ဘဒ္ဒန္တဝိမလ၊ ပြည်တော်အေးဓမ္မရိပ်သာကျောင်းတိုက်၊ သရက်ချဉ်ပေါက်ကုန်းကျေးရွာ၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တထေရာနန္ဒ၊ ဓမ္မလမင်းမိုးကုတ်ရိပ်သာကျောင်းတိုက်၊ ကြခတ်ဝါးရုံကျေးရွာ၊ နတ္တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တသာသန၊ ထူပါရုံမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ မောင်းတိုင် (၂) ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တပုညာ၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း၊ ရွှေတောင်တိုက်သစ်ကျောင်းတိုက်၊ စက်မှုဇုန်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး

၉။ ဒေါက်တာဘဒ္ဒန္တဝိဇ္ဇောဘာသာလင်္ကာရာဘိဝံသ၊ ပေါင်လောင်လေးရွာဦးကျောင်းတိုက်၊ ပေါင်လောင်လေးကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တစန္ဒာဝရ၊ ညောင်လွန့်ဓမ္မရိပ်သာကျောင်း၊ ထုံးဘိုတောရတိုက်၊ ပေါက်ချောင်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တဝိသာရဒ၊ အောင်သိဒ္ဓိကျောင်းတိုက်၊ ရွှေပြည်ရန်နိုင်ရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တတိသ၊ ဝိသုဒ္ဓါရုံကျောင်းတိုက်၊ သာယာကုန်းရပ်ကွက်၊ သိမ်ဇရပ်မြို့၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၁၃။ ဘဒ္ဒန္တခန္တိဝရ၊ ဝေဠုဝန်သာသနာ့ရိပ်သာကျောင်းတိုက်၊ သပိတ်ကုန်းကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ဒေါက်တာဘဒ္ဒန္တဝိသိဋ္ဌ၊ ရတနာမြိုင်ကျောင်းတိုက်၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်(တိုက်ခွဲ)၊ အမှတ်(၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တဟိတေသက၊ ဇမ္ဗူရာဇ်ရွှေစဉ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၂) ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တသုန္ဒရ၊ သဟပုညကာရီမိုးကုတ်ရိပ်သာကျောင်းတိုက်၊ အမှတ်(၁၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တပညာဝံသ၊ သာသနာ့အောင်လံမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၈) ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တဓမ္မာနန္ဒ၊ လယ်တီမူရိပ်သာကျောင်းတိုက်၊ အမှတ်(၁၀) ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တဝိလာသ၊ ဓမ္မရံသီရိပ်သာကျောင်း၊ ကျားပုံကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၂၀။ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာ၊ ရေကြည်ကုန်းကျောင်းတိုက်၊ ငါးဖားကျေးရွာ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တဃောသိတ၊ လိပ်ဥကုန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ အမှတ်(၁၈)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး

### အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးကျော်ဇေယျ၊ No.PSHM ( 3 )၊ တစ်ကေအထူးမြေကွက်၊ ရာဇသင်္ဂဟလမ်း၊ မင်္ဂလာဒီပ ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၂။ ဦးဘရန်မိုင်၊ အမှတ်(၁၆၂)၊ ၂၂ လမ်းနှင့် ၈၂ လမ်းထောင့်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဦးကျော်ဖေ၊ အမှတ်(၁၁)၊ မနော်ဟရီလမ်း၊ ပြည်အနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးမြင့်စိုးထွန်း၊ အမှတ်(၆၈)၊ လှိုင်မြင့်မိုရ်(၂)လမ်း၊ အမှတ်(၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်ဝါဝါလှိုင်၊ အမှတ်(ဒ-၃၁၉၃၅)၊ အာသာဝတီ(၆)လမ်း၊ ဒက္ခိဏသီရိရပ်ကွက်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၂။ ဒေါ်မူမူစန်း၊ အမှတ်(၈၂၉/၈၃၀)၊ ဗိုလ်ချုပ်လမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၃။ ဒေါ်မြင့်မြင့်ရီ၊ အမှတ်(၃၂)၊ (၁၁၅)လမ်းနှင့် ရန်ကုန်-မန္တလေးလမ်းထောင့်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်အေးမြင့်(ခ) Lim Pou Kin ၊ အမှတ်(၁၃၀၁)၊ တာဝါ-အေ၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဒေါ်လှဝင်း၊ အမှတ်(၂၁-ဒီ)၊ သုခဝတီလမ်း၊ အမှတ်(၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဒေါ်ချောစုမြတ်၊ အမှတ်(၄၄)၊ ဆရာစံလမ်း၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးကုဋေကျော်၊ (A-454)၊ မြမေတ္တာလမ်း၊ ထန်းတပင်(VIP) ရပ်ကွက်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၂။ ဦးအောင်စေသော်၊ အမှတ်(၉၀၁)၊ Crystal Tower, ကျွန်းတောလမ်း၊ အမှတ်(၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဦးမျိုးဝင်းညွှန့်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဦးတင်လှိုင်၊ အမှတ်(၅/၈)၊ ဗိုလ်ချုပ်လမ်းမကြီး၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်

### သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်ခင်ဝင်းမာ၊ အမှတ်(၄၂)၊ ကင်ပွန်းခြုံလမ်း၊ ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး

၂။ ဒေါ်ဇာခြည်ဝင်း၊ အမှတ်(ဒ-၃/၅၅)၊ (၆၃) လမ်း၊ ၃၇ x ၃၈ လမ်းကြား၊ မဟာမြိုင်အပိုင်း (၂)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဒေါ်အိအိထွေး၊ အမှတ်(၁၁၀)၊ ကျိုက္ခမီလမ်း၊ ရခိုင်ကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၄။ ဒေါ်မြင့်မြင့်သန်း(ခ) ဒေါ်ဘုတ်ဆုံ၊ အမှတ်(၁၀/ဘီ)၊ သီရိမင်္ဂလာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဒေါ်ဖြူဖြူလွင်၊ အမှတ်(ဘီ-၁၀၇)၊ အုတ်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဒေါ်သန္တာစံ(ခ)ဒေါ်သန္တာစန်း၊ အမှတ်(၅/၇၁)၊ အောင်တေဇလမ်း၊ ကုန်းမြင့်ရိပ်သာ၊ အမှတ်(၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးအောင်လင်းနိုင်၊ အမှတ်(၁၂) လမ်းမတော်၊ မြင်းဘက်ရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၂။ ဦးတင်အောင်မိုး၊ အမှတ်(၇)၊ သံဃတက္ကသိုလ်လမ်း၊ အမှတ်(၈) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဦးဇော်မိုးအောင်(ခ)မဂ္ဂုသန်း၊ အမှတ်(၂၅၉)၊ ပိတောက်လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဒေါက်တာသန်းထွန်းဦး၊ အမှတ်(၄၅)၊ (၁၄)လမ်း၊ မင်္ဂလာဒုံဈေးရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဦးချမ်းကျော်ကျော်ပိုင်၊ အမှတ်(၁၁၁)၊ ငါးထပ်ကြီးဘုရားလမ်း၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

စာမျက်နှာ ၆ သို့ ❂

❂ စာမျက်နှာ ၅ မှ

**သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်**

၁။ ဒေါ်မြတင်၊ အမှတ်(၃/၄၆၀)၊ မဲဘောင်ကျောင်းလမ်း၊ အမှတ်(၃) ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်

၂။ ဒေါ်သန်းသန်းဌေး(ခ)ဒေါ်ခင်တာ၊ အမှတ်(၁)၊ တမာတန်းလမ်း၊ အမှတ်(၄)ရပ်ကွက်၊ မင်းဘူးမြို့၊ မကွေးတိုင်းဒေသကြီး

၃။ ဒေါ်မေသိန်း၊ လမ်း(၈၀)၊ ၉xx၁၀လမ်းကြား၊ သူရဲဈေးရပ်၊ အမရဌာနီ အနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်ဝင်းကြည်၊ ဖျောက်ဆိပ်ကုန်းသံရည်ကျိုရပ်၊ နတ်ရေကန်ကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဒေါ်ကြည်ကြည်မြင့်၊ အမှတ်(၄၃-င)၊ (၂၂)လမ်း၊ ၈၉x၉၀ လမ်းကြား၊ မင်းတဲအီကင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဒေါ်နီလာခင်၊ တတ-၁၂၊ အမှတ်(၇၃)၊ ၆၃(B)လမ်း၊ ၁၂၅ x ၁၂၆ လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန် မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၇။ ဒေါ်ဝေဝေနှင်း၊ အမှတ်(၂၅-က)၊ ဆိုင်းတန်းရပ်၊ (၂၆)လမ်း၊ ၈၈ x ၈၉ လမ်းကြား၊ သီရိဟေမာ အရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈။ ဒေါ်ဝင်းဝင်းဌေး၊ အမှတ်(၈၅၄)၊ (၁၀၄)လမ်း၊ ၇၈ x ၈၂ လမ်းကြား၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၉။ ဒေါ်ဝါဝါထိန်၊ (၇၈)လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ကဋ္ဌနမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၀။ ဒေါ်သန်းသန်းကြည်၊ အမှတ် - ၁၃၅ (A-3)၊ သံလွင်လမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဒေါ်ခင်ပြည့်ပြည့်ဖြိုး၊ အမှတ်(၇၂)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဒေါ်ချိုလွဲ့ယဉ်ဝင်း၊ အမှတ်(၁၄၀)၊ ဗိုလ်ဗထူးလမ်း၊ မြကန်သာရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဂဲဂလိတ်ချောင်းသစ်ရေထိန်းတံခါးဖွင့်ပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၅**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကျင်းပသည့် ဂဲဂလိတ်ချောင်းသစ်ရေထိန်းတံခါးဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦး၊ လှည်းကူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက ရေထိန်းတံခါးကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ဂဲဂလိတ်ချောင်းသစ် ရေထိန်းတံခါးသည် လှည်းကူးမြို့နယ် ဖဲခမဲကျေးရွာ၌ တည်ရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ ဖဲခမဲကျေးရွာအုပ်စု ကျီးကန်းသိုက်ကျေးရွာ၊ စိုင်တီကုန်းကျေးရွာနှင့် အလံတပိုကျေးရွာများရှိ တောင်သူများ၏ နွေစပါး စိုက်ဧက ၄၇၀ အား ရေပေးသွင်းနိုင်သည့်အပြင် နွေရာသီတွင် သောက်သုံးရေ၊ စိုက်ပျိုးရေများ၊ အခြားအသုံးပြုရေများ ပြတ်လပ်ခြင်းမဖြစ်ပေါ်စေရန်နှင့် မိုးရာသီမိုးများသောအချိန်တွင် လူနေအိမ်များနှင့် လယ်မြေဧကများ ရေကြီးနစ်မြုပ်မှုလျော့နည်းသက်သာစေရန် ဒေသခံများ၏ တောင်းဆိုမှုကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် အသက်(၈၀)နှင့်အထက် အသင်းဝင်များသက်ကြီးပူဇော်ပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၅**

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် အသက်(၈၀)နှင့်အထက် အသင်းဝင်များ သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးရှိ ရွှေဥဒေါင်းခန်းမ၌ ကျင်းပရာ ပင့်ဖိတ်ထားသည့် သံဃာတော်များ ကြွရောက်တော်မူကြပြီး အသင်းကြီး၏ ကန်တော့ခံသက်ကြီးအသင်းဝင်များ၊ အသင်းအမှုဆောင်များနှင့် အသင်းဝင်များ၊ ဝန်ထမ်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ သံဃာတော်များထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူ၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် သတင်းနှင့် စာနယ်ဇင်း ဝန်ထမ်းဟောင်းများ အသင်းဥက္ကဋ္ဌဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးက အသင်း၏ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကာ ကန်တော့ခံသက်ကြီးအသင်းဝင်များကို ဧည့်ပရိသတ်တို့က ကန်တော့ချိုးဖြင့် ကန်တော့ကြသည်။

ထို့နောက် သက်ကြီးကန်တော့ခံ ဆရာသမားနှစ်ဦးက မုဒိတာစကားနှင့် ဆုံးမဩဝါဒစကား ပြောကြားပြီး အသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက အသင်းကြီး၏ ကန်တော့ခံ သက်ကြီးအသင်းဝင်များ၊ အသင်းအမှုဆောင်များနှင့် အသင်းဝင်များ၊ ဝန်ထမ်းများ၊ အလှူရှင်ခုနစ်ရက်သားသမီးများ အားလုံး ကျန်းမာချမ်းသာပြီး ဘေးဘယာဝေးကွာကြပါစေကြောင်း နှစ်သစ်ဆုတောင်းမေတ္တာများ ပို့သခဲ့ကြောင်း သိရသည်။

**မောင်သီဟ(MNA)**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် မြို့နယ်သက်ကြီးကန်တော့ခံ စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်တွင် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် မြို့နယ်သက်ကြီးကန်တော့ခံ စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအခမ်းအနားကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ကန်တော့ခံစာပေပညာရှင်များ၏ ကိုယ်ရေးအကျဉ်းကို မြို့နယ်စာရေးဆရာအသင်းအမှုဆောင် ကော်မတီဝင် ဦးလပြည့်ဇင် (လက်ယာ-မေတ္တာတံခွန်) က ဖတ်ကြားပြီး အခမ်းအနားနှင့်ပတ်သက်၍ မြို့နယ်စာရေးဆရာအသင်းအတွင်းရေးမှူး ဦးဝင်းကိုကိုလတ်(ဖိုးလောင်းတူး-ဥပဒေ)က ရှင်းလင်းပြောကြားကာ ကန်တော့ခံစာပေပညာရှင်ကြီးများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ခဲ့ရာ ပူဇော်ကန်တော့ငွေနှင့် ပစ္စည်းများအား ဆရာကြီးများထံ ပေးအပ်သည်။

ထို့နောက် ကန်တော့ခံစာပေပညာရှင်ကြီးများကိုယ်စား ဆရာကြီး ဦးဝင်းဆွေ(ဝင်းယုဆွေ)က ဆုံးမစကားပြောကြားပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားပြီးမြောက်ခဲ့ကြောင်း သိရသည်။

**အေးမဇ္ဈူ**



# ကော့သောင်းမြို့နယ်၌ ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်များက ရေငန်ပုစွန်နှင့် ငါးများ ဖြန့်ဖြူးရောင်းချ

**တနင်္သာရီ ဇန်နဝါရီ ၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ ချမ်းမြေ့ကျော် ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၊ သိမ်းထိုက်ဇော်ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်နှင့် အောင်ကျော်ဇေရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်အသင်းများက ယနေ့အထိ ရေငန်ပုစွန်နှင့် ရေငန်ငါး ၂၃၃၉၁၀၂ ကီလိုဂရမ်၊ တန်ဖိုးငွေကျပ် သန်း ၄၀၃၈ ဒသမ ၈၂၇ ဖြန့်ဖြူးရောင်းချခဲ့သည်။

သမဝါယမကဏ္ဍမှ ရေငန်ပုစွန်နှင့် ရေငန်ငါးများကို ပြည်တွင်း၌ ရောင်းချပေးလျက်ရှိရာ ပြည်သူများ ဈေးနှုန်းချိုသာစွာဝယ်ယူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# နှစ်သစ်မှာ ငြိမ်းချမ်းပျော်ရွှင်ကြပါစေ

ကရင်တိုင်းရင်းသားရိုးရာဝတ်စုံကိုယ်စီနှင့် တက်ကြွပျော်ရွှင်စွာသွားလာနေကြသည့် သမီးငယ်လေးများကို မြင်ရသည်မှာ ကြည်နူးစရာကောင်းလှသည်။ သည်နေ့ကား ကရင်တိုင်းရင်းသားတို့၏ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ပေမို့ ကရင်ပြည်နယ်အပါအဝင် အမြို့မြို့အရွာရွာတွင် ကရင်နှစ်သစ်ကူးပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ စောစောကမြင်တွေ့ခဲ့သည့် ကရင်တိုင်းရင်းသူ လှပျိုဖြူလေးများကတော့ ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများကို သွားကြလေမလားဟု မှန်းဆနေမိပါ၏။

**မောင်ကမ္ဘာ**

"Happy New Year"။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးအပါအဝင် မြို့ကြီးများတွင် နိုင်ငံတကာနှစ်သစ်ကူးနေ့ ဂီတဖျော်ဖြေပွဲများ၊ ဈေးပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ဒီဇင်ဘာလ ၃၁ ရက်ညတွင် မြန်မာပြည်သူများ အထူးသဖြင့် မြန်မာလူငယ်များသည် နှစ်ဟောင်းဖြစ်တော့မည့် ၂၀၂၄ ခုနှစ်ကိုနှုတ်ဆက်၍ ၂၀၂၅ ခုနှစ် နှစ်သစ်ကို Countdown ရေတွက်၍ ပျော်ရွှင်စွာ ကြိုဆိုခဲ့ကြပြန်သည်။

## အငြင်းပွားစရာမရှိ

ခေတ်စနစ်တွေ ဘယ်လိုပင်ပြောင်းပြောင်း လူငယ်ဆိုသည်မှာတော့ ပျော်ရွှင်မြူးထူး၊ ပျော်ပါးလိုကြသည်။ ကျွန်တော်တို့ လူငယ်ဘဝကလည်း သူတို့လိုပင် နိုင်ငံတော်၏ နေ့ထူးနေ့မြတ်များ၊ အခါကြီးရက်ကြီး ပွဲလမ်းသဘင်များစွာကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြပါသည်။ ကျွန်တော်တို့က လမ်းစဉ်ပါတီခေတ်တွင် လူလားမြောက်လာခဲ့ကြသူများဖြစ်၍ ယခုခေတ်သို့နှယ် ရုပ်ဝတ္ထုပစ္စည်းများ များများစားစားမရှိခဲ့ပေ။ အလွန်အင်မတန်မှ ရှားပါးလှပါသည်။ သို့ရာတွင် လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ နောက်ဆံမငင်ရသည့် ပျော်ရွှင်မှုများကတော့ တင်းပြည့်ကျပ်ပြည့် အပြည့်အဝပင်။ ကျွန်တော်တို့ သူငယ်ချင်းအုပ်စုထဲတွင် ကရင်လည်းပါသည်။ ရခိုင်လည်းပါသည်။ အစ္စလာမ်ဘာသာဝင်လည်းရှိသည်။ ခရစ်ယာန်ဘာသာဝင်လည်းရှိသည်။ သို့တစေ ဘာသာရေးအားဖြင့်၊ လူမျိုးရေးအားဖြင့် ဝိဝါဒကွဲပြား အငြင်းပွားစရာ ဘာတစ်ခုမျှမရှိခဲ့။

ခရစ္စမတ်နေ့တွင် ခရစ်ယာန်ဘာသာဝင် သူငယ်ချင်းအိမ်သို့သွားပြီး မုန့်တွေစားကြသည်။ အစ္စလာမ်ဘာသာဝင်သူငယ်ချင်းက ရမ်ဇမ်ဥပုသ်လတွင် ဥပုသ်ပြုထားလျှင် ကျွန်တော်တို့ ကျန်သူငယ်ချင်းများက အလိုက်တသိ ဆက်ဆံပြောဆိုကြသည်။ သူတို့ကလည်း ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်အခါကြီးရက်ကြီးများတွင် ကျွန်တော်တို့နှင့်အတူ ရွှေတိဂုံဘုရားသို့ တက်ရောက်ကြည်ညိုကြသည်။ သီတင်းကျွတ်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်၊ မဟာသင်္ကြန်ပွဲတော်၊ ကျိုက္ကစံပြည်ထောင်စုပွဲတော်များဆိုပါက သူတို့က ကျွန်တော်တို့ထက်ပင် ပိုပျော်ကြသည်။ မင်းက ရခိုင်၊ မင်းက ကရင်၊ ငါက ဗမာ၊ မင်းက ခရစ်ယာန်၊ အစ္စလာမ်၊ ငါက ဗုဒ္ဓဘာသာဟူ၍ဘယ်တုန်းကမျှမရှိခဲ့။ အလွန်တရာ ရိုးသားဖြူစင်ခဲ့ကြပါ၏။

ယခုမျက်မှောက်ခေတ်တွင် ဝိဝါဒကွဲပြားစရာများ ပေါ်များလာသည်။ အထူးသဖြင့် နိုင်ငံရေး၊ ပြီးလျှင် လူမျိုးရေး။ ဆိုရှယ်မီဒီယာခေတ်တွင် အွန်လိုင်းပေါ်မှ ဘေးတီးသူများကလည်း အဆက်မပြတ်တီးကြသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအကြောင်းပြု၍ ရှေးအတီအတေကတည်းက ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တစ်မြေတည်းနေ တစ်ရေတည်း သောက်သုံးနေထိုင်လာခဲ့ကြသော တိုင်းရင်းသား ပြည်သူအချင်းချင်းကြား သွေးခွဲသပ်လျှိုသမှုပြုခဲ့ကြသည်။



နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် မီးရှူးမီးပန်းများပစ်ဖောက်၍ ၂၀၂၅ ခုနှစ် နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆိုကြစဉ်။

## ဗမာလူမျိုးကြီးဝါဒကျင့်သုံးမိ

ကြာလာလျှင် ဂျာမနီ နာဇီခေတ် ဟစ်တလာ၏ **"မဟုတ်တာကိုများများပြော၊ ပြောတဲ့သူကိုယ်တိုင် အဟုတ်ထင်လာလိမ့်မယ်"**ဟူသည့် အဆိုအမိန့်အတိုင်း မျိုးဆက်သစ်လူငယ်များမဆိုထားဘိ ကိုယ်ကိုယ်တိုင်ပင် ဗမာလူမျိုးကြီးဝါဒကျင့်သုံးမိလေသလားဟု စောကြောရမလိုဖြစ်လာသည်။ ထိုသူများသည် လူငယ်များ၏ အနာဂတ်၊ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏အနာဂတ်ကို ချိုးဖျက်ရိုက်ချိုးနေသူများဟုဆိုရမည်။ အနာဂတ်ကို အမြော်အမြင်ရှိရှိ သုံးသပ်ပါက လက်ရှိ ၃၀ တန်း၊ ၄၀ တန်း၊ ၅၀၊ ၆၀ တန်း မျိုးဆက်များသည် နောင်နှစ်ပေါင်း ၅၀၊ ၆၀၊ ၇၀ ကျော်ဆိုလျှင် ရှိကြတော့မည်မဟုတ်ပေ။ ကျွန်တော်တို့လည်း ရှိတော့မည်မဟုတ်။

သို့ဆိုလျှင် ကျွန်တော်တို့သည် အနာဂတ်မျိုးဆက်သစ်များကို ဝိဝါဒကွဲပြားမှုများ၊ နာကြည်းမုန်းတီးမှုများ၊ ဒေါသအာဃာတများကို လက်ဆင့်ကမ်းပေးခြင်းဖြင့် သူတို့အတွက် အကျိုးရှိ၊ မရှိ၊ တိုးတက်ရာတိုးတက်ကြောင်းရှိ၊ မရှိ စဉ်းစားသုံးသပ်ချိန်ဆသင့်ပေသည်။

နိုင်ငံတကာမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တစ်ဦး၏ **"ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီးကို ဘိုးဘွားတို့ထံမှ အမွေဆက်ခံခဲ့ခြင်းမဟုတ်၊ မျိုးဆက်သစ်တို့ထံမှ ခေတ္တငှားရမ်းယူထားခြင်းသာဖြစ်သည်"** ဟူသည့် အဆိုအမိန့်ကို ကျွန်တော်ခေါင်းထဲစွဲသည်အထိ နှစ်ခြိုက်လှသည်။

ထို့အတူပင် လက်ရှိမျိုးဆက်များသည် ယခုမျိုးဆက်သစ်များ၊ လာလတ္တံ့သော အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သောအခြေခံကောင်းများနှင့် ပိုမိုကောင်းမွန်သောအနာဂတ်အခွင့်အလမ်းကောင်းများကို ချန်ရစ်ထားနိုင်ရန် တာဝန်ရှိပေသည်။

## စုပေါင်းလုပ်မှအကျိုးရှိနိုင်

လက်ရှိကာလတွင် တိုင်းရင်းသားလူမျိုး မျိုးနွယ်စုမဆိုထားဘိ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးပင် ထီးထီးကြီးရပ်တည်၍ မရနိုင်ပေ။ အပြန်အလှန်အမှီသဟဲပြု ပေါင်းစုမဟာမိတ်ပြု၍ ရပ်တည်နေကြရသည်။ ကမ္ဘာကြီးပင်လျှင် ရွာကြီးတစ်ရွာဖြစ်လာခဲ့သည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်းက တခြား အကွဲကွဲအပြားပြားလုပ်နေကြလျှင် အကျိုးရှိမည်မဟုတ်။ စုပေါင်းလုပ်မှအကျိုးရှိနိုင်မည်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်းသိနိုင်မည်ဟု မိန့်ကြားခဲ့ပါသည်။

ထို့အတူပင် ၁၉၄၅ ခုနှစ် ဩဂုတ်လတွင် ကျင်းပခဲ့သည့် နိုင်ငံရေးခေါင်းဆောင်များ အစည်းအဝေးတွင် ဗိုလ်ချုပ်က **"ကျွန်တော်တို့မြန်မာပြည်ရဲ့အရေးဟာ မြန်မာပြည်သူပြည်သားတွေ၊ ခေါင်းဆောင်တဲ့လူတွေ ညီညွတ်စွာလုပ်တတ်ရမယ်။ လုပ်မယ်ဆိုရင် အေးအေးဆေးဆေးနဲ့ပြီးမြောက်နိုင်မယ်။ ရာထူးဝေစားရုံသာဖြစ်တဲ့ ညီညွတ်ရေးမျိုး၊ ရွေးကောက်ပွဲချိန် မီးငြိမ်းရုံလောက်တတ်နိုင်အောင် ညီညွတ်ရေးမျိုးဆိုရင်တော့ ဘယ်နည်းနဲ့မှဖြစ်မှာမဟုတ်ဘူး"** ဟူ၍ မိန့်ကြားခဲ့ပါသည်။

တစ်ဖန် ဗိုလ်ချုပ်က ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော် စသည့် လက်ဝဲလူငယ် နိုင်ငံရေးသမားများအား ရည်ညွှန်း၍ **"လူငယ်နိုင်ငံရေးသမားတွေဟာ လွတ်လပ်ပြီးတဲ့ ဗမာပြည်မှာ သိပ်မမိုက်ဘဲ၊ တစ်ဦးနဲ့တစ်ဦး ညီညီညွတ်ညွတ်လုပ်ကြဖို့လိုတယ်။ ဒီလိုမှမလုပ်ရင် လွတ်လပ်တဲ့ဗမာပြည်ဟာ လွတ်လပ်တဲ့အရသာကို ကျပ်ပြည့်တင်းပြည့် ခံစားရမှာမဟုတ်ဘူး"**ဟု သတိပေးမိန့်ကြားခဲ့ပါသည်။

## ရလဒ်ကောင်းများပိုမိုရရှိ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ကကျရောက်သည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခါသမယတွင် **"ယနေ့နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကရင်ပြည်နယ်မှ ကရင်တိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်အပါအဝင် မိမိတို့နေထိုင်ရာ နေရာဒေသများအတွင်း တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာစေရန် အချင်းချင်းဝိုင်းဝန်းဆောင်ရွက်ပြီး တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ခြင်းဖြင့် ပြည်ထောင်စုကြီးအေးချမ်းသာယာဝပြောရေးဖော်ဆောင်ကြကာ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို ပိုမိုရရှိနိုင်ပါစေကြောင်း"** စသည်ဖြင့် သဝဏ်လွှာပေးပို့ခဲ့ပါသည်။

ထို့အတူ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့ကကျရောက်ခဲ့သည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့အခမ်းအနားတွင်လည်း နိုင်ငံတော်အကြီးအကဲက **"နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သမဝါယမနှင့် စက်မှုလက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး မတည်ရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၁၀ ဘီလီယံကို ခွင့်ပြုထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါမတည်ငွေကို တောင်သူဦးကြီးများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ သမဝါယမအသင်းများနှင့် စက်မှုလက်မှုလုပ်ငန်းဆောင်ရွက်သူများသို့ ခွဲဝေဆောင်ရွက်ထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ပေးနေခြင်းသည် ရခိုင်ပြည်နယ်နှင့် ရခိုင်ဒေသတိုင်းရင်းသားပြည်သူများအပေါ်ထားရှိသည့် နိုင်ငံတော်၏ စေတနာနှင့် တိုင်းရင်းသားညီနောင်အချင်းချင်း မိသားစုစိတ်ဓာတ်၊ စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို မြင်တွေ့ရမည်ဖြစ်ပါသည်"** စသည်ဖြင့် သဝဏ်လွှာပေးပို့ခဲ့ပါသည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတော်အကြီးအကဲက **"ယနေ့အချိန်အခါတွင် ပြည်တွင်းမှ ပြည်ဖျက်သစ္စာဖောက်များနှင့် အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားအတွက်** စာမျက်နှာ ၈ သို့ ❐

**"အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်းက တခြား အကွဲကွဲအပြားပြား လုပ်နေကြလျှင် အကျိုးရှိမည်မဟုတ်။ စုပေါင်းလုပ်မှအကျိုးရှိနိုင်မည်။**

**ကျွန်တော်တို့မြန်မာပြည်ရဲ့အရေးဟာ မြန်မာပြည်သူပြည်သားတွေ၊ ခေါင်းဆောင်တဲ့လူတွေ ညီညွတ်စွာလုပ်တတ်ရမယ်။ လုပ်မယ်ဆိုရင် အေးအေးဆေးဆေးနဲ့ပြီးမြောက်နိုင်မယ်။ ရာထူးဝေစားရုံသာဖြစ်တဲ့ ညီညွတ်ရေးမျိုး၊ ရွေးကောက်ပွဲချိန် မီးငြိမ်းရုံလောက်တတ်နိုင်အောင် ညီညွတ်ရေးမျိုးဆိုရင်တော့ ဘယ်နည်းနဲ့မှ ဖြစ်မှာမဟုတ်ဘူး" ဟူ၍ မိန့်ကြားခဲ့**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကျင်းပ

ပုသိမ် ဇန်နဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမတွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ညနေပိုင်းတွင် ပြုလုပ်ခဲ့ရာ ညစာစားပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဆုရရှိသူများ တက်ရောက်ခဲ့ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်ကို ပြည်ထောင်စုဖွားတိုင်းရင်းသားညီနောင်အားလုံးက လေးနက်စွာခံယူ၍ သမိုင်းအစဉ်အလာကြီးမားသော အမိမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် စစ်မှန်သော မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များဖြင့် သွေးစည်းညီညွတ်စွာ လက်တွဲပါဝင်၍ လွတ်လပ်ရေး၏တန်ဖိုးကို သိရှိနားလည်ကြကာ မိမိနိုင်ငံနှင့် မိမိဒေသကောင်းကျိုးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း အမှာစကားပြောကြားသည်။




ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြခန်းပြိုင်ပွဲနှင့် သစ်သီးဝလံပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားထုတ်ကုန်ယှဉ်ပြိုင်မှု အကောင်းဆုံး ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးကလည်းကောင်း၊ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တိုင်းဒေသကြီးတရားသူကြီးချုပ်ကလည်းကောင်း၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံး၊ မူလတန်းအဆင့် စာစီကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း၊ Green City ဆု၊ Clean City ဆု၊ အထူးဆုဖွဲ့စည်းပုံ(က) အဆင့်မြို့ဆုနှင့် ဖွဲ့စည်းပုံ(က)အောက် အဆင့်မြို့ဆုများကို တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးနှင့် သယံဇာတရေးရာဝန်ကြီးကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ပညာအလင်္ကာတေးဂီတအဖွဲ့က လွတ်လပ်ရေးနေ့ ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**`တိုင်းဒေသကြီး(ပြန်/ဆက်)**



(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက မြန်အောင်မြို့ ပြည်သူ့ရင်ပြင် လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်က (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာဖတ်ကြားစဉ်။

မြို့နယ်(ပြန်/ဆက်)

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းများတွင် လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိ

ထားဝယ် ဇန်နဝါရီ ၅

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားရင်ပြင်၌ ယမန်နေ့နံနက်ပိုင်းက (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းများ ခင်းကျင်းပြသထားရာ လာရောက်ကြည့်ရှုသူ ဒေသခံပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

၂၀၂၅ ခုနှစ်(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းတွင် ဌာနဆိုင်ရာများ၏လုပ်ငန်းဆောင်ရွက်ချက်များကို ခင်းကျင်းပြသထားရှိရာ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူတို့က စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။



ပြခန်းများအတွင်း၌ ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုပြကွက်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ မှတ်တမ်းမှတ်ရာပစ္စည်းများနှင့် လုပ်ငန်းများ၊ တိုင်းဒေသကြီးအတွင်းမှထွက်ရှိသော ဒေသထွက်ကုန်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများနှင့် တူရိယာပစ္စည်းများ၊ ပိုလီတက္ကနစ်တက္ကသိုလ်(ထားဝယ်)မှ ပြသထားသည့် Product Show၊ သင်ထောက်ကူပစ္စည်းများ၊ သင်ရိုးညွှန်းတမ်းနှင့် Reference Book များ၊ ဒေသမှထွက်ရှိသော MSME ပြခန်းများ စသည့် ပြခန်း ၁၃ ခန်း ပြသထားသည့်အပြင် ယနေ့ညနေပိုင်းတွင် စင်တင်တေးဂီတများဖြင့် သီဆိုဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**




# မြဝတီမြို့၌ ဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်

မြဝတီ ဇန်နဝါရီ ၅

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကရင်ပြည်နယ် မြဝတီခရိုင်ပညာရေးကော်မတီဥက္ကဋ္ဌဖလား အသက်(၁၆)နှစ်အောက် အမျိုးသားကျောင်းပေါင်းစုံ ဘောလုံးနှင့် ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲစဉ်သို့ တက်ရောက်လာသည့် အထကခွဲ (ရေပူ)နှင့် အလက(အင်ကြင်းမြိုင်)တို့ ယှဉ်ပြိုင်ကစားကြရာ အထကခွဲ (ရေပူ)ကလည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲတွင် အထက(၃)ကလည်းကောင်း အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုဆုဆွဲပြားနှင့် ဒိုင်းဆုကြီးများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

❐ စာမျက်နှာ ၇ မှ

**မိမိတို့တိုင်းရင်းသားများကိုဆင်းရဲဒုက္ခရောက်စေပြီး မိမိတို့နေထိုင်ရာဒေသ ဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်များကို ဖျက်ဆီးနေမည့်အစား မိမိတို့ ရှင်သန်ကြီးပြင်းခဲ့ရာ ဒေသနှင့် နိုင်ငံတော်၏အကျိုးအတွက် အားလုံးကအရှည်ကို မြော်တွေးကြရန် အရေးကြီးသည့်အချိန်ဖြစ်ပါသည်။ မိမိတို့အချင်းချင်း သွေးကွဲနေကြမည်ဆိုလျှင် နိုင်ငံတော်၏စွမ်းအားများ လျော့နည်းပြီး သူတစ်ပါးအလိုကျ လိုက်ပါဆောင်ရွက်ကြရသော လူမျိုးများအဖြစ် သမိုင်းမှတ်တမ်းကျန်ရစ်မည်ကို သတိချပ်ကြရန်”**တိုက်တွန်းမှာကြားခဲ့ပါသည်။

ကျွန်တော်သည် မူလက ဤဆောင်းပါးစာစုကို ရေးရန် မရည်ရွယ်ခဲ့ပါ။ ကရင်အမျိုးသားနှစ်သစ်ကူးနေ့တွင် ကရင်နှစ်သစ်ကူးပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲမည့် ကရင်တိုင်းရင်းသူ သမီးငယ်လေးများကိုလည်းကောင်း၊ နိုင်ငံတကာ နှစ်သစ်ကူးနေ့တွင် နှစ်သစ်ကူးပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေကြသော မြန်မာလူငယ်အပေါင်းကိုလည်းကောင်း တွေ့မြင်ရသည်မှအစပြု၍ ရင်တွင်းဖြစ်ပေါ်လာသော ခံစားချက်များကြောင့် ရေးဖွဲ့မိခြင်း ဖြစ်သည်။

### ချန်ရစ်လိုသည့်အရာများနှင့် သယ်ဆောင်လိုသည့်ဆန္ဒများ

နိုင်ငံတကာနှစ်သစ်ကူးပွဲတော်တွင် ပါဝင်ဆင်နွှဲနေကြသော မြန်မာလူငယ်မောင်မယ်များကို ရုပ်သံဌာနများက လျှပ်တစ်ပြက် တွေ့ဆုံမေးမြန်းမှုများကိုလည်း ရုပ်မြင်သံကြား ဖန်သားပြင်မှ တစ်ဆင့် ကြည့်ရှုနားဆင်ခဲ့ရပါသည်။ ရုပ်သံဌာနတစ်ခုက ၂၀၂၄ ခုနှစ်တွင် ချန်ရစ်လိုသည့်အရာများနှင့် ၂၀၂၅ ခုနှစ်တွင် သယ်ဆောင်လိုသည့်ဆန္ဒများကို မေးမြန်းစောကြောကြရာသမီးငယ်လေးများကလည်း လူငယ်များပီပီ သူတို့ထင်မြင်ခံစားရသည်များကို ပေါ့ပေါ့ပါးပါး၊ ရယ်ရယ်မောမောနှင့် ဖြေဆိုကြသည်။

ပီတိဖြူဖြူစင်စင်၊ တက်တက်ကြွကြွ၊ လန်းလန်းဆန်းဆန်းနှင့် ပျော်ရွှင်နေသော လုံမပျိုသမီးငယ်လေးများကိုကြည့်ရင်း မငြိမ်းချမ်းနိုင်သေးသော ဒေသအချို့မှ မြန်မာလူငယ်မောင်မယ်များ၊ မျိုးဆက်သစ် အနာဂတ်ရင်သွေးငယ်များကို တွေးထင်မြင်ယောင်လာမိသည်။ ၂၀၂၅ ခုနှစ် နှစ်သစ်တွင် မြန်မာလူငယ်မောင်မယ်များ၊ မြန်မာနိုင်ငံနှင့် တိုင်းရင်းသားပြည်သူများအတွက် အလိုအပ်ဆုံး ဆောင်ကြဉ်းပေးရမည့် နှစ်သစ်လက်ဆောင်မှာ **“ငြိမ်းချမ်းခြင်း၊ ပျော်ရွှင်ခြင်း”**သာ ဖြစ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံသည်ပင်လျှင် ယခုရက်ပိုင်းဖြစ်သည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကမ္ဘောဒီးယားငြိမ်းချမ်းရေးနေ့နှင့် ကမ္ဘောဒီးယားပြည်တွင်းစစ်အဆုံးသတ်မှု (၂၆) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ကျင်းပခဲ့ပါသည်။ ကမ္ဘောဒီးယားတို့သည် လွန်ခဲ့သော ၁၉၉၈ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်သာ အောင်မြင်စွာ ဖြေရှင်းအကောင်အထည်ဖော်နိုင်ခဲ့ကြပါသည်။

မြန်မာနိုင်ငံအနေဖြင့်မူ လက်နက်ကိုင်ပဋိပက္ခအတွင်းက နှစ်ပေါင်း ၇၀ ကျော်ကြာသည့်တိုင် ရုန်းမထွက်နိုင် ရှိနေဆဲပင်။ အနာဂတ်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းခြင်း၊ ပျော်ရွှင်ခြင်းများကို ဖန်တီးသယ်ဆောင်ပေးရန်မှာ တိုင်းရင်းသားခေါင်းဆောင်များအပါအဝင် လက်ရှိမျိုးဆက်များ၏ သမိုင်းပေးတာဝန်တစ်ရပ်သာဖြစ်ပေသည်။ ၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယတွင် မြန်မာပြည်ကြီး စည်ပင်သာယာဝပြောပြီး လူငယ်မျိုးဆက်သစ်များလည်း ငြိမ်းချမ်းပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုငွေများချီးမြှင့်ခြင်းအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား ကျင်းပ

**မုံရွာ ဇန်နဝါရီ ၅**

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုငွေများချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၄ ရက် မွန်းလွဲပိုင်းတွင် မုံရွာမြို့ ချင်းတွင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဂုဏ်ထူးဆောင်တံဆိပ်ရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီး အကျိုးစီးပွားအား ကာကွယ်စောင့်ရှောက်ရာတွင် တစ်ဖက်တစ်လမ်းမှ အစွမ်းကုန်ကူညီဆောင်ရွက်ပေးမှုများကို မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မှတ်တမ်းတင်ဂုဏ်ပြုကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှုထမ်းကောင်းဆု ၁၀၂ ဆု၊ ဇေယျာစိမ်ထူးချွန်ဆု (ပထမအဆင့်) ၃၀၊ ဇေယျာစိမ်ထူးချွန်ဆု (ဒုတိယအဆင့်) ၅၄ ဆု၊ ဇေယျာစိမ်ထူးချွန်ဆု (တတိယအဆင့်) ၄၀၊ ဇေယျာလယ်ယာစီးပွား ထူးချွန်ဆု (တတိယအဆင့်) ၁၁ ဆု၊ ဇေယျာ စက်မှုစီးပွားထူးချွန်ဆု(တတိယအဆင့်) ငါးဆုနှင့် ဇေယျာလူမှုထူးချွန်ဆု (ဒုတိယအဆင့်) သုံးဆုနှင့် ဇေယျာလူမှုထူးချွန်ဆု (တတိယအဆင့်) ၄၄ ဆု စုစုပေါင်းဆုရရှိသူ ၂၈၉ ဦးအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများအား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများသည် ညနေပိုင်းတွင် အဆိုပါခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက မုံရွာမြို့ပေါ်ရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေခဲ့ကြသည့် အကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ဂုဏ်ပြုညစာအား အတူတကွ တပျော်တပါး စားသုံးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲ ကျင်းပ

**ဘားအံ ဇန်နဝါရီ ၅**

ကရင်ပြည်နယ် အစိုးရအဖွဲ့က တည်ခင်းဧည့်ခံသည့် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲကို ဇန်နဝါရီ ၄ ရက် ညပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။



ဂုဏ်ပြုညစာစားပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုံလင်စွာ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်ခဲ့ပြီး ပြည်နယ်ဂီတအစည်းအရုံးမှ တေးသံသာများဖြင့် သီဆိုတီးမှုတ် ဖျော်ဖြေမှုကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် ဘားအံမြို့ သီရိကွင်း ဒုံးစင်မြင့်ထက်၌ ကျင်းပသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲအား ကြည့်ရှုအားပေးကြရာ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံနှင့်သင်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူ၊ သင်တန်းသားသင်တန်းသူများ၊ စာပေနှင့်ယဉ်ကျေးမှုအသင်းများမှ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

❂ MFF မှ

ပွဲစဉ် (၃) တွင် MIU အသင်းက SGF အသင်းကို သုံးဂိုး-ဂိုးမရှိ၊ MH Dream Team အသင်းက VUC အသင်းကို လေးဂိုး-သုံးဂိုး၊ M2K အသင်းက ဖူဆယ်ချစ်သူအသင်းကို သုံးဂိုး-နှစ်ဂိုး၊ YCDC Marga အသင်းက Winner Soccer အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး YRG အသင်းနှင့် Generations အသင်းတို့ သုံးဂိုးစီသရေကျခဲ့သည်။ လက်ရှိချန်ပီယံ VUC အသင်းသည် ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့ပြီး တန်းတက် YRG အသင်းမှာမူ အသင်းကြီးများနှင့် ဆက်တိုက်တွေ့ဆုံနေပြီး နိုင်ပွဲရယူနိုင်ခြင်းမရှိသေးဘဲ သုံးပွဲတွင် နှစ်မှတ်သာရရှိသေးသည်။ နာမည်ကြီး MIU အသင်းမှာမူ ရာနှုန်းပြည့်နိုင်ပွဲရခဲ့ပြီး ရာသီကြိုပြင်ဆင်မှုများစွာပြုလုပ်ထားသည့် MH Dream Team အသင်းမှာလည်း လက်ရှိချန်ပီယံ VUC အသင်းကို အနိုင်ကစားနိုင်ခဲ့သည်။

ပွဲစဉ် (၃) အပြီးတွင် MIU အသင်းက ကိုးမှတ်ဖြင့် ဦးဆောင်နေပြီး MH Dream Team အသင်းက ခုနစ်မှတ်၊ Generations အသင်းက ငါးမှတ်၊ VUC အသင်းနှင့် M2K အသင်းတို့က လေးမှတ်စီ၊ YCDC Marga အသင်းနှင့် SGF အသင်းက သုံးမှတ်စီ၊ YRG အသင်းနှင့် Winner Soccer အသင်းတို့က နှစ်မှတ်စီ၊ ဖူဆယ်ချစ်သူအသင်းက တစ်မှတ်ရရှိထားသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇန်နဝါရီ ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ဇန်နဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသောသင်တန်းသား (အမျိုးသမီး/အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း သိရသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၁၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၈၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှာင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့ အနောက်ကွင်း၊ ထားဝယ်မြို့၊
  တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ၊ ဂုဏ်ပြုဖျော်ဖြေပွဲနှင့် ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

ထားဝယ် ဇန်နဝါရီ ၅

တနင်္သာရီ တိုင်းဒေသကြီး အစိုးရအဖွဲ့က တည်ခင်းဧည့်ခံသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ၊ ဂုဏ်ပြုဖျော်ဖြေပွဲနှင့် ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် ညနေပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ထမ်းအိမ်ရာဝင်းအတွင်း၌ ကျင်းပသည်။




### ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်

ဦးစွာ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်များ ထမ်းဆောင်နေသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှု ဂုဏ်ထူးဆောင်တံဆိပ် (ရဲဗလ) ချီးမြှင့်ခံရသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ရဲဗလတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တတိယ၊ စတုတ္ထ၊ ပဥ္စမနှင့် အထူးဆုရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက ဒုတိယဆုရရှိသူများအားလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမဆုရရှိသူများအားလည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဆုဖလားများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအား တေးသံသာများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# တနင်္သာရီမြို့နယ်၌ ချစ်ကြည်ရေးအမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

တနင်္သာရီ ဇန်နဝါရီ ၅

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရပ်ကွက်/ကျေးရွာပေါင်းစုံ ချစ်ကြည်ရေး အမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ဇန်နဝါရီ ၃ ရက် မွန်းလွဲပိုင်းက မြို့မအားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ မော်တုန်းအသင်းက ချောင်းငယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး တတိယဆုရရှိကြောင်း သိရသည်။

အမျိုးသားချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ခြောက်သင်းဖြင့် အုပ်စုနှစ်စုခွဲ၍ ကျင်းပရာ အုပ်စု(က)တွင် Galaxy အသင်း၊ ချောင်းငယ်အသင်းနှင့် မော်တုန်းအသင်းတို့ပါဝင်ပြီး အုပ်စု(ခ)၌ All Star အသင်း၊ ချောင်းကြီးအသင်းနှင့် လုပ်သားအသင်းတို့ ပါဝင်ကြသည်။

### ဆုများချီးမြှင့်

ယင်းပြိုင်ပွဲများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်မှစ၍ ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြပြီး နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက် ညနေ ၃ နာရီ ခွဲတွင် ချောင်းကြီးအသင်းနှင့် လုပ်သားအသင်းတို့က ဆက်လက်ယှဉ်ပြိုင်ကြပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရအသင်းများကို ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား တက်ရောက်

မော်လမြိုင် ဇန်နဝါရီ ၅

မွန်ပြည်နယ် အစိုးရအဖွဲ့က တည်ခင်းဧည့်ခံသော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် ညပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

### ကြည့်ရှုအားပေး

ဂုဏ်ပြုညစာစားပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများက တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြို့နယ် ဂီတအစည်းအရုံးမှ အနုပညာရှင်များနှင့် မော်လမြိုင်ပညာရေးဒီဂရီကောလိပ်မှ ဆရာမများက တေးသံသာများဖြင့် သီဆိုတီးမှုတ် ကပြခြင်း၊ တိုင်းရင်းသား ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းများကို ကြည့်ရှုအားပေးကြသည်။




ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုညစာစားပွဲတွင် ကပြသီဆိုတီးမှုတ်ဖျော်ဖြေ ပေးခဲ့ကြသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး မီးရှူးမီးပန်းများ ပစ်ဖောက်၍ ပျော်ရွှင်စွာဆင်နွှဲခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**




# ပေါင်မြို့နယ်၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ

ပေါင် ဇန်နဝါရီ ၅

မွန်ပြည်နယ် ပေါင်မြို့နယ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က အထက(ပေါင်)ရွှေရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက ပညာရေးစုံညီ သီချင်းဖြင့် စုပေါင်းသီဆိုဖျော်ဖြေကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမင်းညွန့်တင်က ပညာရေးစုံညီပွဲတော်ကျင်းပပေးရသည့် ရည်ရွယ်ချက်နှင့် ပေါင်မြို့နယ်အတွင်း ပညာရေးကဏ္ဍ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက စုံညီအကအလှများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်၌ မြို့နယ်ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရေတာရှည် ဇန်နဝါရီ ၅

၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။




ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်သက်ဦးက ပညာရေးစုံညီပွဲတော် ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်ပြီးဗဟိုအဆင့်၊ တိုင်းဒေသကြီးအဆင့် ဆိုကရေးတီးနှင့် အားကစားဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် စာပေဆိုင်ရာပြိုင်ပွဲများတွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်ရရှိသော ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက အကပဒေသာများ၊ တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေကြသည်။

အဆိုပါ ပညာရေးစုံညီပွဲတော်သို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆေးလိပ်နှင့် ကျန်းမာရေး

**စောအောင်လင်း(မန္တလေး)**

ဆေးလိပ်သောက်တဲ့သူတွေကို ပိုက်ဆံတွေ မီးရှို့သူ၊ ကွမ်းစားတဲ့သူတွေကို အရည်မရ၊ အဖတ်မရ လုပ်တဲ့သူလို့ လူကြီးသူမတွေက ပြောလေ့ရှိကြပါတယ်။

လူငယ်ဘဝ ကျောင်းသားအရွယ်မှာ တခြားသူတွေ ဆေးလိပ်သောက်တာကို အတုယူပြီး စမ်းသပ်သောက်ကြရင်း ဆေးလိပ်သောက်တတ်သွားကြတာများပါတယ်။ စာရေးသူရဲ့အစ်ကိုဆိုရင် ငယ်ငယ်က ဆေးလိပ်မသောက်တတ်ပေမယ့် တက္ကသိုလ်တက်မှ ဆေးလိပ်စပြီး သောက်ပါတယ်။ အစပိုင်းမှာတော့ စီးကရက်ကိုသောက်ပေမယ့် နောက်ပိုင်းမှာ ဆေးပေါ့လိပ်ကို စွဲစွဲလမ်းလမ်းသောက်ပါတယ်။ မနက်အိပ်ရာကထရင် အိပ်ခန်းအပြင်ကို မထွက်သေးဘဲ အိပ်ရာဘေးမှာ ဆေးလိပ်ကိုဝအောင်ထိုင်သောက်ပြီးမှ အိပ်ခန်းထဲကနေ ထွက်တဲ့အထိ သောက်ပါတယ်။ ကွမ်းယာ၊ အရက်၊ ဘီယာ မစားမသောက်ပေမယ့် ဆေးလိပ်ကိုတော့ စွဲစွဲလမ်းလမ်းသောက်ခဲ့တာကြောင့် အသက် (၆၅) နှစ်အရွယ်မှာ အဆုတ်ရောဂါ၊ အသည်းရောဂါတွေနဲ့ သေဆုံးသွားခဲ့ပါတယ်။ မသေခင်ဝေဒနာကို အလူးအလိမ့် ခံစားသွားရပါတယ်။

စာရေးသူနဲ့ ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက်ကတော့ ၁၀ တန်းကျောင်းသားဘဝကတည်းက စီးကရက်ကို စွဲစွဲမြဲမြဲနဲ့သောက်ပါတယ်။ စာသင်ချိန်နားလို့ ကျောင်းရှေ့က လက်ဖက်ရည်ဆိုင်မှာ သွားထိုင်ကြရင် စီးကရက်သောက်ပါတယ်။ သူလည်း အသက် (၅၂) နှစ်မှာပဲ အဆုတ်ရောဂါနဲ့ ကွယ်လွန်သွားခဲ့ပါတယ်။

စာရေးသူလည်း ငယ်စဉ်တုန်းကတော့ ဆေးလိပ်သောက်တဲ့သူဆီက ဆေးလိပ်မီးခိုးငွေ့ကို တောင် မခံနိုင်ခဲ့ပေမယ့် ၁၀ တန်းကျောင်းသားဘဝမှာ သူငယ်ချင်းတွေဆီက အတုမြင်အတတ်သင်ဆိုသလို စီးကရက်စသောက်ဖြစ်ခဲ့ပါတယ်။ ဆေးလိပ်သောက်တာ အမေကမကြိုက်တော့ မသိအောင် သောက်ခဲ့ပါတယ်။ အိမ်ထောင်ကျတော့လည်း ဇနီးဖြစ်သူက ဆေးလိပ်သောက်တာမကြိုက်တော့ အိမ်ပြန်ရောက်ရင် ခြေဆေးလက်ဆေးရင်း သွားတိုက်ပါးစပ်ဆေးတဲ့အလုပ်ကို အမြဲလုပ်ခဲ့ရတယ်။

၁၉၉၃ ခုနှစ်က ရန်ကုန်မှာ ဌာနဆိုင်ရာသင်တန်းတစ်ခုတက်နေရင်း ကျန်းမာရေးမကောင်းဖြစ်တာ သင်တန်းပြီးလို့ ပြန်လာတဲ့အထိပါပဲ။ အရပ်ထဲက ဆေးခန်းမှာကုသတာ မသက်သာလို့ အထူးကုဆေးခန်းကိုသွားပြတော့ အဆုတ်အမြှေးရောင်ရောဂါဖြစ်နေတယ်လို့သိရပါတယ်။ ဆေးလိပ်သောက်လားလို့ ဆရာဝန်ကြီးကမေးတဲ့အခါ သောက်တဲ့အကြောင်းပြောပြတော့ ဆေးလိပ်ဆက်မသောက်ဖို့ ညွှန်ကြားပါတယ်။ သူများတွေလို ဆေးပေါ့လိပ်လည်း မသောက်တတ်လို့ စီးကရက်တွေသောက်ခဲ့တာ ကျောင်းသားအရွယ်ကနေ အသက် (၄၈) နှစ် အရွယ်အထိပါပဲ။ ခံစားရတဲ့ဝေဒနာဒဏ်က အတော်ခံလိုက်ရတာမို့ ဆေးလိပ်ကို မသောက်တော့ဘဲ လုံးဝပြတ်သွားပါတယ်။




ဆေးလိပ်သောက်လို့ရလာတဲ့ ဆိုးကျိုးတွေဟာ ခန္ဓာကိုယ်ပြင်ပမှာ ထိခိုက်မိတဲ့ ဒဏ်ရာတွေလို အပေါ်ယံမှာ မမြင်ရဘဲ အတွင်းကလီစာတွေကို တဖြည်းဖြည်းချင်း ထိခိုက်နေတယ်ဆိုတာ သတိမထားမိခဲ့ပါဘူး။ ခန္ဓာကိုယ်အပေါ်ယံမှာ တစ်ခုခု ထိခိုက်မိလို့ဒဏ်ရာပျောက်သွားရင် အမာရွတ်ကျန်ရစ်သလို ဆေးလိပ်သောက်လို့ရတဲ့ ဒဏ်ရာတွေက အဆုတ်၊ အသည်း၊ နှလုံး စတဲ့ ကလီစာတွေမှာ အမာရွတ်သဘောကျန်ရစ်မှာတော့ အသေအချာပါပဲ။

## အမေရိကတိုက်မှာ ဆေးရွက်ကြီး စတင်ပေါ်ပေါက်ခဲ့

ဆေးလိပ်ရဲ့အဓိကပစ္စည်းက ဆေးရွက်ကြီးဖြစ်ပါတယ်။ ဆေးရွက်ကြီးဟာ တစ်ရာသီခံအရွက်မျိုးဖြစ်ပါတယ်။ စီးပွားဖြစ်စိုက်ပျိုးတဲ့ ဆေးရွက်ကြီးမျိုးက နီကိုရှီယားနား တက်ဘကန် ( Nicotiana Tabacum ) ဖြစ်ပေမယ့် ကမ္ဘာ့အရှေ့ခြမ်းမှာ နီကိုရှီယားနား ရပ်စ်တီကာ ( Nicotiana Rustica ) ကို ပိုပြီး စိုက်ပျိုးသုံးစွဲကြပါတယ်။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၆၀၀၀ ခန့်က အမေရိကတိုက်မှာ ဆေးရွက်ကြီး စတင်ပေါ်ပေါက်ခဲ့ကြောင်း ပညာရှင်တွေက ခန့်မှန်းခဲ့ကြပေမယ့် ခရစ်တော်မပေါ်မီ တစ်နှစ်အလိုမှာ အမေရိကတိုက်မှာနေထိုင်တဲ့ လူရိုင်းတွေ ဆေးရွက်ကြီး စတင်သုံးစွဲလာတဲ့ အထောက်အထားတွေကို တွေ့ရှိခဲ့ကြပါတယ်။ အဲဒီအချိန်က ဆေးရွက်ကြီးကို ဘာသာရေး၊ လူမှုရေးဆိုင်ရာအခမ်းအနားတွေမှာ နတ်ဘုရားကို ပူဇော်တာ၊ ဆေးဝါးအဖြစ်နဲ့သုံးစွဲခဲ့ကြတာလို့ သိရပါတယ်။

ဆေးရွက်ကြီး ငုံတာ၊ ရေစိမ်သောက်တာ ရှေးအကျဆုံးဖြစ်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ဆေးလိပ်၊ စီးကရက်အသွင်နဲ့သုံးစွဲလာကြပါတယ်။ ခရစ်စတိုဖာကိုလံဘတ်ဟာ ခရစ်နှစ် ၁၄၉၂ ခုနှစ်မှာ အမေရိကတိုက် ဗဟားမားကျွန်းကိုရောက်တဲ့အခါ ကျွန်းပေါ်မှာနေထိုင်ကြတဲ့ လူရိုင်းတွေကသစ်ရွက်တစ်မျိုးကို ရှူရှိုက်နေကြတာ မြင်တွေ့ခဲ့ပါတယ်။ ကိုလံဘတ်လည်း ရှူရှိုက်ကြည့်ရာက နှစ်သက်ပြီး ဆေးလိပ်နဲ့ ဆေးရွက်ကြီး မျိုးစေ့တွေကို ယူဆောင်လာခဲ့လို့ဥရောပတိုက်ကိုဆေးရွက်ကြီးစတင်ရောက်ခဲ့တယ်လို့ဆိုပါတယ်။ နောက်ပိုင်း ဥရောပတိုက်ကနေ ကမ္ဘာ့အရှေ့ခြမ်းဆီကိုရောက်လာပြီး ဖိလစ်ပိုင်၊ အိန္ဒိယ၊ တရုတ်နဲ့ ဂျပန်နိုင်ငံတွေမှာ ဆေးလိပ်သောက်သုံးမှု ပျံ့နှံ့ခေတ်စားလာခဲ့ပါတယ်။

၁၆ ရာစုအတွင်းက စပိန်နိုင်ငံ ကာရေဗီယမ်ကျွန်းစုတွေက ဆေးရွက်ကြီးတွေဟာ အင်္ဂလန်၊ အမေရိကန်ပြည်ထောင်စုနဲ့ အခြားဥရောပနိုင်ငံတွေအထိပါ လွှမ်းမိုးခဲ့ပါတယ်။ အင်္ဂလိပ်လူမျိုးတွေနဲ့ ဥရောပတိုက်သား လူကုံထံတွေက ဆေးတံသောက်တာကို လူကြီးလူကောင်းဓလေ့စရိုက်အဖြစ်နဲ့ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲခဲ့ကြပါတယ်။ ခရစ်နှစ် ၁၆၁၂ ခုနှစ်မှာ အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ်မှာ ဆေးရွက်ကြီးစိုက်ပျိုးပြီး ၁၀ နှစ်အကြာမှာ အောင်မြင်လာလို့ ဗာဂျီးနီးယားဆေးရွက်ကြီးဟာ ကမ္ဘာပေါ်မှာ လွှမ်းမိုးခဲ့ပါတယ်။ ဗာဂျီးနီးယားဆေးရွက်ကြီးကို ပေါင်းတင်လိုက်ရင် ရွှေဝါရောင်တောက်ပလာတာကြောင့် Bright Tobacco လို့လည်းခေါ်ကြပါတယ်။

အခုအချိန်မှာ တရုတ်နိုင်ငံက ဆေးရွက်ကြီး အများဆုံးစိုက်ပျိုးပြီး အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယ၊ ဘရာဇီး၊ အီတလီ၊ အင်ဒိုနီးရှား၊ တူကီယဲ၊ ဇင်ဘာဘွေနိုင်ငံတွေက အစဉ်လိုက် အများဆုံး စိုက်ပျိုးကြပါတယ်။ တစ်ကမ္ဘာလုံးမှာ ဆေးရွက်ကြီး စိုက်ပျိုးတဲ့နိုင်ငံ ၁၂၀ ကျော်ရှိတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ မြန်မာသက္ကရာဇ် ၉၉၁ ခုနှစ် သာလွန်မင်းလက်ထက်မှာ ဆေးလိပ်သောက်ဆေး စပြီး ရောက်ရှိလာကြောင်း မှတ်တမ်းများအရ သိရှိရပါတယ်။ စိန္တကျော်သူဦးဩရဲ့ ဩဝါဒပျို့မှာ ဆေးတံညို တစ်တိုလောက်၊ ရော့ သောက်တော့ပေးဆိုတဲ့ စကားအရရော၊ ဆေးတစ်အိုးကျွမ်း ကွမ်းတစ်ရာညက်ဆိုတဲ့ စကားတွေအရ အဲဒီအချိန်ကတည်းက ဆေးလိပ်အသုံးပြုခဲ့တယ်လို့ လေ့လာသိရှိရပါတယ်။

၁၉၈၀ ပြည့်နှစ် သုတေသနပြုလုပ်ချက်အရ ပြုပြင်ထားပြီးတဲ့ ဆေးရွက်ကြီးမှာ ဓာတုဓာတ်အမျိုးပေါင်း ၃၀၄၀ ပါဝင်တယ်လို့ သိရပါတယ်။ ဆေးရွက်ကြီးမှာ အဓိကအနေနဲ့ နီကိုတင်းနဲ့ နိုက်ထရိုတ်၊ အေမင်း၊ ပရိုတင်းနှင့် အယ်လ်ကာလွိုက်တွေက ပြောင်းလဲလာပြီး ကင်ဆာရောဂါဖြစ်နိုင်တဲ့ ဓာတုပစ္စည်းတွေ ပါဝင်ပါတယ်။ တာရှည်ခံအောင် ပြုပြင်ရာက ပိုလီဆိုင်ကလစ် အေရိုမေတစ် ဟိုက်ဒရိုကာဘွန် ( Poly- cyclic aromatic hydrocarbon) တွေ၊ စိုက်ပျိုးတဲ့ မြေနဲ့ လေတို့က ရေဒီယိုသတ္တိကြွပစ္စည်းတွေနဲ့ ကက်ဒ်မီယံဓာတ် ( Cadmiun ) တွေ ပါဝင်လာတယ်လို့ ဆိုပါတယ်။ ဆေးလိပ်သောက်လို့ ဆေးရွက်ကြီး မီးလောင်ရင် ဓာတ်ပြောင်းလဲပြီး ဓာတုပစ္စည်းတွေ အများအပြား ထွက်ပေါ်လာတယ်လို့သိရပါတယ်။

## နှစ်မျိုးနှစ်စား ခွဲခြားလေ့လာနိုင်

ဆေးရွက်ကြီးထွက်ပစ္စည်းတွေကို အဓိက နှစ်မျိုးနှစ်စား ခွဲခြားလေ့လာနိုင်ပါတယ်။ ပထမတစ်မျိုးက အငွေ့ထွက်တဲ့ ဆေးရွက်ကြီးပစ္စည်းတွေပါ။ စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ပြောင်းဖူးဖက်၊ ကွမ်းသီးဖက်ဆေးလိပ်၊ ဘီဒီဆေးလိပ်၊ ဆေးတံနဲ့ ရေပြောင်းတွေ ဖြစ်ပါတယ်။ နောက်တစ်မျိုးကတော့ အငွေ့မထွက်တဲ့ဆေးရွက်ကြီးပစ္စည်းတွေ ဖြစ်ပါတယ်။ အဲဒီအုပ်စုမှာတော့ ဆေးရွက်ကြီးငုံတာ၊ ကွမ်းယာထဲမှာ ဆေးရွက်ကြီး၊ ဆေးပေါင်း၊ နှပ်ဆေးတွေ ထည့်စားတာနဲ့ ဆေးရွက်ကြီးကို ရေစိမ်သောက်တာတို့ဖြစ်ပါတယ်။

ဆေးလိပ်ငွေ့မှာလည်း ပင်မဆေးလိပ်က ထွက်လာတဲ့အငွေ့ကို ဆေးလိပ်အစီခံက တစ်ဆင့်ဖြတ်ပြီး ခန္ဓာကိုယ်အတွင်း ရှူရှိုက်လိုက်တဲ့အငွေ့နဲ့ ဆေးလိပ်မီးညှိပြီး ချထားချိန်ထွက်နေတဲ့ မီးခိုးငွေ့၊ ဆေးလိပ်သောက်တဲ့သူနားမှာ ရှူရှိုက်မိတဲ့အငွေ့တွေဖြစ်ပါတယ်။ လက်ရှိသုတေသနပြုချက်အရ ဆေးလိပ်မီးခိုးမှာ အမျိုးအစားသတ်မှတ်နိုင်တဲ့ ဓာတုပစ္စည်းအမျိုးပေါင်း ၄၀၀၀ ခန့်နဲ့ အမျိုးအစားမသတ်မှတ်နိုင်တဲ့ ဓာတုပစ္စည်းတွေ ပါဝင်တယ်လို့ သိရပါတယ်။

ဆေးလိပ်စသောက်လိုက်တာနဲ့ သုံးစက္ကန့်အတွင်း အဆိပ်ဓာတ်ငွေ့တွေပါတဲ့ ဆေးလိပ်မီးခိုးဟာ အဆုတ်၊ နှလုံး၊ ဦးနှောက်နဲ့ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေဆီကို ရောက်ရှိပြီး နှလုံးခုန်နှုန်းနဲ့ သွေးပေါင်ချိန်တွေ တက်လာစေပါတယ်။ ခံတွင်းမှာရှိတဲ့ အမြှေးပါးလေးတွေကိုလည်း ပျက်စီးစေပါတယ်။ အဆုတ်အတွင်းမှာ အသက်ရှူလမ်းကြောင်းကိုပိတ်စေပြီး ကင်ဆာဖြစ်စေနိုင်တဲ့ ဓာတုပစ္စည်းတွေ ကျန်ရစ်ပါတယ်။ အဲဒီကတစ်ဆင့် အစာအိမ်၊ ကျောက်ကပ်၊ ဆီးအိမ်စတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေကို ဒုက္ခပေးပါတယ်။

ဆေးလိပ်ရှိုက်ဖွာပြီး ၁၀ စက္ကန့်အတွင်းမှာ ဦးနှောက်အတွင်းကို နီကိုတင်းရောက်ရှိသွားပါတယ်။ နီကိုတင်းဆဲလ်များ လှုံ့ဆော်မှုကြောင့် စိတ်ကိုသာယာမှုပေးတယ်။ အစာစားလိုစိတ်လျော့နည်းစေတယ်။ စိတ်ကိုတက်ကြွစေတယ်။ အာရုံခံစားမှုကို နိုးကြွစေတယ်။ မှတ်ဉာဏ်တိုးတက်စေတယ်။ စိတ်ခံစားမှုကို ပြောင်းလဲစေတယ်။ စိတ်သောကပူပင်မှု၊ စာမျက်နှာ ၁၂ သို့

> ❝ ဆေးလိပ်စသောက်လိုက်တာနဲ့ သုံးစက္ကန့်အတွင်း အဆိပ်ဓာတ်ငွေ့တွေပါတဲ့ ဆေးလိပ်မီးခိုးဟာ အဆုတ်၊ နှလုံး၊ ဦးနှောက်နဲ့ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေဆီကို ရောက်ရှိပြီး နှလုံးခုန်နှုန်းနဲ့ သွေးပေါင်ချိန်တွေတက်လာစေပါတယ်။ ခံတွင်းမှာရှိတဲ့ အမြှေးပါးလေးတွေကိုလည်း ပျက်စီးစေပါတယ်။ အဆုတ်အတွင်းမှာ အသက်ရှူလမ်းကြောင်းကိုပိတ်စေပြီး ကင်ဆာဖြစ်စေနိုင်တဲ့ ဓာတုပစ္စည်းတွေ ကျန်ရစ်ပါတယ်။ အဲဒီကတစ်ဆင့် အစာအိမ်၊ ကျောက်ကပ်၊ ဆီးအိမ်စတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေကို ဒုက္ခပေးပါတယ် ❞

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ဌာနဆိုင်ရာပေါင်းစုံ အမျိုးသားအမှတ်ပေးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ



**တောင်ကြီး ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ဌာနဆိုင်ရာပေါင်းစုံ အမျိုးသားအမှတ်ပေးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၃ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

**အနိုင်ရရှိ**

ဌာနပေါင်းစုံ အမျိုးသားအမှတ်ပေး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပြည်နယ်စည်ပင်သာယာရေးနှင့်စီးပွားရေးရာအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြရာ ပြည်နယ်စည်ပင်သာယာရေး အသင်းက အနိုင်ရရှိကြောင်း သိရသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ပွဲစဉ်တစ်လျှောက် ဂိုးသွင်းအများဆုံးဆုရရှိသူ၊ အကောင်းဆုံး ဂိုးသမားဆုရရှိသူ၊ နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိသူများအား ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးများက ဆုတံဆိပ်နှင့် ငွေသားဆုကို ပေးအပ်ချီးမြှင့်ကြသည်။ တတိယဆုရရှိသောအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု ၁၅သိန်းကို ပြည်နယ်လုံခြုံရေးရာဝန်ကြီးမှလည်းကောင်း၊ ဒုတိယဆုရရှိသော ပြည်နယ် စည်ပင်သာယာရေးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုသိန်း ၃၀ ကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးက လည်းကောင်း၊ ပထမဆုရရှိသော စီးပွားရေးရာအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု သိန်း ၅၀ ကို ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်တို့က ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဟသ်ာတမြို့နယ်၌ ပညာရေးစုံညီပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ဟသ်ာတ ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဟသ်ာခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်အခမ်းအနားတွင် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ခဲ့ပြီးနောက် ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ အောင်ချက် အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ပညာရေးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများမှ နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်တို့တွင် ဆုရရှိသောလူရည်ချွန်များ၊ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားတွင် ဟသ်ာတမြို့နယ် ပညာရေးဌာနအနေနှင့် နိုင်ငံတော်အဆင့် ဆုရရှိခဲ့သူလေးဦး၊ တက္ကသိုလ်ဝင် အောင်ချက်အကောင်းဆုံးဆု ခြောက်ဆု၊ တိုင်းဒေသကြီးအဆင့်ထူးချွန်ဆု ၁၂ ဆု၊ ဗဟိုလူရည်ချွန်ဆု ခြောက်ဆု၊ မြို့နယ်လူရည်ချွန်ဆု ရှစ်ဆု၊ စာပေထူးချွန်ဆု ၁၈၀၊ အားကစားနှင့် ဂီတထူးချွန်ဆု ၆၃ ဆုစုစုပေါင်း ၂၈၃ ဆုတို့ကိုပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ စုစုပေါင်း ၃၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သုံးခွမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အဇန်းတောစွန်းကျေးရွာအုပ်စု သဲကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် ယနေ့နံနက်ပိုင်းက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်း ပြုလုပ်ပေးသည်။

ထိုသို့ပြုလုပ်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန သုံးခွမြို့နယ်ဦးစီးမှူး ဦးထွန်းဆွေက နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးရသည့်ရည်ရွယ်ချက်၊ ပန်းခင်းစီမံချက်အကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိခြင်းကြောင့် ရရှိမည့် အခွင့်အရေး၊ အကျိုးကျေးဇူးများ၊ လိုက်နာရမည့်စည်းကမ်းချက်များ၊ မပျောက်မပျက်အောင် စနစ်တကျထိန်းသိမ်းရန်လိုအပ်ပုံတို့ကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားအရည်အချင်းပြည့်မီသူများအား ကာယကံရှင်များတင်ပြသော လိုအပ်သည့်သက်သေခံအချက်အလက်အထောက်အထားများ အား စိစစ်ပြီးဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့သည်။ ထို့ပြင် နိုင်ငံသားတစ်ဦးချင်းစီ၏ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**



❐ စာမျက်နှာ ၁၁ မှ

စိတ်တင်းကျပ်မှုလျော့နည်းစေတယ်။ ဒီသတ္တိတွေကြောင့် ဆေးလိပ်သောက်လိုက်ရင် စိတ်တက်ကြွတာ၊ စိတ်တင်းကျပ်မှုနဲ့ စိတ်ဖိစီးမှု လျော့နည်းတာ၊ အာရုံခံစားလို့ကောင်းတာနဲ့ စိတ်ရှုပ်ထွေးမှုတွေကို ဖြေရှင်းနိုင်တဲ့ အရသာကိုရရှိစေပါတယ်။ ဒါပေမဲ့ နီကိုတင်းဟာ စွဲလမ်းစေတာမို့ ဆေးလိပ်သောက်သူ ဆေးရွက်ကြီးငုံသူတွေဟာ စွဲလမ်းသွားပါတယ်။

ကမ္ဘာ့လူဦးရေရဲ့သုံးပုံတစ်ပုံဟာ ဆေးလိပ်သောက်သုံးကြပြီး အမျိုးသားတွေသာမကဘဲ အမျိုးသမီးတွေပါ သောက်ကြကြောင်း သိရပါတယ်။ ကလေးသူငယ် သန်းပေါင်း ၁၀၀၀ နီးပါးဟာ ဆေးလိပ်သောက်ကြပြီး သုံးပုံတစ်ပုံက ဆေးလိပ်ဆိုးကျိုးကြောင့် အရွယ်မတိုင်မီ သေဆုံးနိုင်ကြောင်း ခန့်မှန်းထားပါတယ်။

ဆေးလိပ်သောက်သုံးမှုကြောင့် ဆေးလိပ်အခိုးအငွေ့ထဲမှာပါဝင်တဲ့ နီကိုတင်းနဲ့ ကာဗွန်မိုနောက်ဆိုက်ဓာတ်တွေကြောင့် အဆုတ်မှတစ်ဆင့် ခန္ဓာကိုယ် သွေးကြောတွေဆီရောက်သွားပြီး နှလုံးခုန်နှုန်း မြန်စေပါတယ်။ အဲဒီရဲ့အကျိုးဆက်က နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ နှလုံးခုန်မမှန်တဲ့ရောဂါ၊ ဦးနှောက်သွေးကြောတွေ ပိတ်ပြီး လေဖြတ်ရောဂါ၊ သွေးတိုးရောဂါ၊ ပင်မသွေးကြောကြီးကို လွယ်ကူစွာပေါက်တဲ့ ရောဂါ၊ ချောင်းဆိုးရင်ကျပ်ရောဂါ၊ အဆုတ်ကြောင့်ဖြစ်တဲ့ နှလုံးရောဂါ၊ ခြေချောင်းနဲ့ လက်ချောင်းထိပ်ပုပ်တဲ့ ရောဂါတွေ ခံစားရနိုင်ကြောင်း သိရပါတယ်။

ဒါ့အပြင် အဆုတ်ကင်ဆာ၊ ခံတွင်းကင်ဆာ၊ အသံအိုးကင်ဆာ၊ အစာမျိုလမ်းကြောင်းကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ သားအိမ်ထိပ်ကင်ဆာတွေ ဖြစ်ပွားနိုင်တဲ့အပြင် ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်ပွ၊ အဆုတ်ရောင်ရောဂါတွေလည်း ဖြစ်ပွားနိုင်တဲ့အတွက် ဆေးလိပ်ရဲ့ဆိုးကျိုးတွေဟာ အင်မတန် ကြောက်စရာကောင်းပါတယ်။

မျက်မှောက်ကာလမှာ ဆေးလိပ်၊ စီးကရက်နဲ့ အခြားဆေးလိပ်ထွက် ပစ္စည်းတွေနေရာမှာ အီးစီးကရက်ကို အစားထိုးအသုံးပြုလာကြပါတယ်။ ဆေးလိပ်သောက်တဲ့အစားအသုံးပြုတယ်ဆိုပေမယ့် အီးစီးကရက်တွေမှာလည်း ဆေးရွက်ကြီးထွက် ပစ္စည်းတွေကို အသုံးပြုထားတာဖြစ်ပါတယ်။ ဆေးလိပ်ဖြတ်ဖို့ အစားထိုးသုံးစွဲတာ မှန်ပေမယ့် ရေရှည်မှာ ကျန်းမာရေးကို ဆိုးကျိုးတွေဖြစ်စေပါတယ်။ အီးစီးကရက်အများစုဟာ ဘက်ထရီတစ်လုံးက အပူပေးတဲ့ ဒြပ်စင်ကွိုင်နဲ့ ဆေးရည်ထည့်တဲ့ ပြွန်ပါပါတယ်။ အများအားဖြင့် နီကိုတင်း ပါဝင်တဲ့ အရည်တစ်မျိုးကို အပူပေးလိုက်ပြီး ထွက်လာတဲ့လေဖိအားနဲ့ အငွေ့တွေထွက်အောင် စီမံထားတာဖြစ်ပြီး ပုံမှန် စီးကရက်၊ ဆေးပြင်းလိပ်နဲ့ အခြားဆေးရွက်ကြီးထွက်ပစ္စည်းတွေထက် အနံ့အရသာ ပိုကောင်းအောင် စီမံထားတာဖြစ်ပါတယ်။ အဲဒီအီးစီးကရက်မှာပါဝင်တဲ့ ဓာတုပစ္စည်းတွေဟာလဲ စွဲလမ်းစေတဲ့ နီကိုတင်းဓာတ်တွေ ပါဝင်နေပါတယ်။

အီးစီးကရက်ကအငွေ့ကို ရှူရှိုက်လိုက်တာနဲ့ အဆုတ်ထဲကို အဆိပ်ငွေ့တွေရောက်သွားပါတယ်။ သူတို့က မှုတ်ထုတ်လိုက်တဲ့ အငွေ့တွေက လေထုထဲကတစ်ဆင့် ဘေးလူတွေရဲ့ အသက်ရှူလမ်းကြောင်းဆီကို ရောက်ရှိသွားတာမို့ သုံးစွဲသူသာမက ပတ်ဝန်းကျင်ကိုပါ ဆိုးကျိုးသက်ရောက်စေပါတယ်။

အထူးသဖြင့် လူငယ်တွေဟာ အတုမြင် အတတ်သင်ဆိုစကားလို အကောင်းအဆိုးကို ဝေဖန်ဆုံးဖြတ်နိုင်တဲ့ အသိနည်းပါးသေးတာကြောင့် ဆေးလိပ်၊ ကွမ်းယာတွေကို အလွယ်တကူ သုံးစွဲတတ်ကြပါတယ်။ ဆေးလိပ်ကနေအစပြုပြီး မူးယစ်ဆေးဝါး သုံးစွဲတဲ့လမ်းကြောင်းဆီကို ကူးပြောင်းတတ်တာကြောင့် လူငယ်တွေအပါအဝင် ဆေးလိပ်သောက်သုံးသူတွေအတွက် ကောင်းကျိုးလုံးဝမရှိဘဲ ဆိုးကျိုးတွေကို ဖြစ်ပေါ်စေပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ဦးဆောင်မှုနဲ့ ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းမှာ မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေနဲ့ပါဝင် ဆောင်ရွက်လျက်ရှိပါတယ်။ ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကိုလည်း ၂၀၀၆ ခုနှစ် မေလ ၄ ရက်နေ့ ရက်စွဲနဲ့ ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါတယ်။

ဆေးလိပ်သောက်ခြင်းကြောင့် ရရှိလာနိုင်တဲ့ ဆိုးကျိုးတွေကို တစ်ဦးချင်းစီက အသိတရားနဲ့ သတိထားပြီး မသုံးစွဲမိအောင် သတိပြုဆင်ခြင်ကြရပါမယ်။ အစလုပ်သုံးစွဲပြီး စွဲလမ်းမှ ပြန်ဖြတ်တာမျိုးထက် အစမလုပ်မိတာ အကောင်းဆုံးဖြစ်ပါတယ်။ ဘယ်လိုကောင်းကျိုးကိုမှ မရနိုင်တဲ့ ဆေးလိပ်သောက်တာကြောင့် ရလာနိုင်တဲ့ ဆိုးကျိုးတွေနဲ့ မိမိကျန်းမာရေးအရ သက်တမ်းစေ့နေထိုင်ရေး နည်းလမ်းနှစ်မျိုးကို ရွေးချယ်ရမည်ဆိုလျှင် မိမိကျန်းမာရေးကိုသာ ဦးစားပေးရွေးချယ်သင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

**ကိုးကား -**

- **ဆေးလိပ်အန္တရာယ်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးလိပ်ကင်းဝေးရေးစီမံချက်**
- **နေ့စဉ်ထုတ်သတင်းစာများ**

## ၂၀၂၄ ခုနှစ်အတွင်း ဥရောပသို့ဝင်ရောက်ရန်ကြိုးပမ်းသည့် ရွှေ့ပြောင်းနေထိုင်သူ ၂၀၀၀ ကျော် သေဆုံး

ဘရပ်ဆဲလ် ဇန်နဝါရီ ၅

၂၀၂၄ ခုနှစ်အတွင်း ဥရောပသို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည့် ရွှေ့ပြောင်းနေထိုင်သူ ၂၀၀၀ ကျော် သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂနှင့် အီတလီ သတင်းရင်းမြစ်များမှ နောက်ဆုံးရ သတင်းအချက်အလက်များအရ သိရသည်။



ပြီးခဲ့သည့်နှစ်က မြေထဲပင်လယ်တွင် ရွှေ့ပြောင်းနေထိုင်သူ ၂၂၀၀ ထက်မနည်းသေဆုံး သို့မဟုတ် ပျောက်ဆုံးခဲ့ကြောင်း ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)က ပြောကြားသည်။

### တိုက်တွန်းပြောကြား

သေဆုံးသူအများစုမှာ လူငယ်များဖြစ်ကြောင်း UNICEF ၏ ဥရောပနှင့် ဗဟိုအာရှဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး ရီဂီနာဒီဒိမီနီဆစ်က ပြောကြားပြီး ဥရောပ၌ ဘေးကင်းလုံခြုံရေးအတွက် ရှာဖွေနေသော ကလေးသူငယ်များ ကာကွယ်ရေးကို ဦးစားပေး လုပ်ဆောင်ရန် ဥရောပနိုင်ငံများကို ၎င်းက တိုက်တွန်းပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၉ ရက်အထိ ဥရောပသို့ ဝင်ရောက်ခဲ့သူအရေအတွက် ၁၉၃၄၄၈ ဦးရှိပြီး အီတလီ၊ ဂရိနှင့် စပိန်နိုင်ငံတို့သည် ရွှေ့ပြောင်းနေထိုင်သူများအတွက် အဓိက ဝင်ရောက်ရာနေရာဖြစ်ကြောင်း ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့၏ အစီရင်ခံစာအရ သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်

## အီသီယိုးပီးယားနိုင်ငံတစ်ဝန်း၌ လျှပ်စစ်ကားများ ပိုမိုအသုံးပြုနိုင်စေရန် ကြိုးပမ်းဆောင်ရွက်

အဒစ်အဘာဘာ ဇန်နဝါရီ ၅

အီသီယိုးပီးယား နိုင်ငံတစ်ဝန်းရှိ မြို့များ၌ လျှပ်စစ်ကားများ ပိုမိုအသုံးပြုနိုင်စေရန် ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း အီသီယိုးပီးယားအစိုးရက ယနေ့ ပြောကြားသည်။

လောင်စာ စွမ်းအင်သုံး မော်တော်ကားအစီးရေ ၁ ဒသမ ၅သန်းခန့်ကို လျှပ်စစ်ကားများဖြင့် အစားထိုးအသုံးပြုမှုများကို စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့တော် အဒစ်အဘာဘာနှင့် မြောက်ဘက် ခရီးသွားမြို့တော် ဂွန်ဒေါတို့၌ အများသူငါသယ်ယူပို့ဆောင်ရေးအတွက် လျှပ်စစ်ကားများကို အသုံးပြုလျက်ရှိကြောင်း ပြည်နယ်သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဝန်ကြီး ဘာရီယိုဟာဆန်က ပြောကြားသည်။

နိုင်ငံအရှေ့ပိုင်းရှိ ဒီရီဒါဝါ၊ ဟာရာနှင့် ဂျီဂျီဂါမြို့တို့၌ အားသွင်းရုံများထားရှိပြီး အခြားမြို့များတွင်လည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အီသီယိုးပီးယားနိုင်ငံသည် ၁၀ နှစ်အတွင်း ရုပ်ကြွင်းလောင်စာ စွမ်းအင်သုံး မော်တော်ယာဉ် ၄၃၂၀၀၀ ခန့်ကို လျှပ်စစ်ကားများဖြင့် အစားထိုးရန် ရည်မှန်းထားပြီး လွန်ခဲ့သည့် နှစ်နှစ်ခွဲအတွင်း တစ်နိုင်ငံလုံးတွင် လျှပ်စစ်ကား အစီးရေတစ်သိန်းကျော် အသုံးပြုလည်ပတ်လျက်ရှိကြောင်း သိရသည်။

### ကြိုးပမ်းလျက်ရှိ

အီသီယိုးပီးယား အစိုးရသည် လျှပ်စစ်ကား ထုတ်လုပ်မှုနှင့် အများသူငါ အားသွင်းရုံများ တပ်ဆင်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများအတွက် အခမဲ့ သို့မဟုတ် ငှားရမ်းထားသော မြေများကဲ့သို့သော ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများအတွက် ပံ့ပိုးမှုနှင့် မက်လုံးများပေးရန်လည်း ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အစိမ်းရောင် အသွင်ကူးပြောင်းမှုအတွက် တွန်းအားပေးသည့် အနေဖြင့် အစိုးရက ဓာတ်ဆီ သို့မဟုတ် ဒီဇယ်စွမ်းအင်သုံး မော်တော်ကားများ တင်သွင်းခြင်းကို တားမြစ်ပိတ်ပင်ထားကြောင်းလည်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်

## သီရိလင်္ကာနိုင်ငံက ၂၀၂၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၂ ဘီလီယံအထိ ပို့ကုန်ဝင်ငွေရရှိရန် မျှော်မှန်း

ကိုလံဘို ဇန်နဝါရီ ၅

သီရိလင်္ကာနိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၂ ဘီလီယံအထိ ပို့ကုန်ဝင်ငွေရရှိရန် မျှော်မှန်းထားကြောင်း သီရိလင်္ကာနိုင်ငံ၏ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ (EDB) ဥက္ကဋ္ဌ မန်ဂါလာဝီဂျီဆင်ဂီက ယနေ့ပြောကြားသည်။

လာမည့်ငါးနှစ်အတွင်း သီရိလင်္ကာနိုင်ငံ၏ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံအထိ တိုးမြှင့်ရရှိရန် ရည်မှန်းထားကြောင်း ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ဥက္ကဋ္ဌ မန်ဂါလာဝီဂျီဆင်ဂီက ဆက်လက်ပြောကြားသည်။

၂၀၂၄ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသည် အထည်အလိပ်၊ သတင်းအချက်အလက်နည်းပညာနှင့် ဆက်သွယ်ရေးကဏ္ဍတို့မှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၂ ဘီလီယံ စံချိန်တင်ရရှိခဲ့ကြောင်း ၎င်းကပြောသည်။

### မျှော်လင့်ထား

၂၀၂၅ ခုနှစ်အတွက် ကျောက်မျက်နှင့် လက်ဝတ်ရတနာများ၊ သင်္ဘောတည်ဆောက်မှု၊ ထောက်ပံ့ပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့် အီလက်ထရွန်းနစ်ပစ္စည်းများ အပါအဝင် အခြားစက်မှုလုပ်ငန်းအများအပြားမှ ပို့ကုန်ဝင်ငွေအများအပြားရရှိရန် မျှော်လင့်ထားကြောင်း သီရိလင်္ကာနိုင်ငံ၏ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ (EDB) ဥက္ကဋ္ဌ မန်ဂါလာဝီဂျီဆင်ဂီက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် နှစ်စဉ်ဒေါ်လာ သန်း ၄၀၀ ခန့် ဝင်ငွေရရှိသည့် ကျောက်မျက်နှင့် လက်ဝတ်ရတနာကဏ္ဍသည် လာမည့်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် ဝင်ငွေရရှိနိုင်ကြောင်းလည်း ၎င်းက ခန့်မှန်းပြောကြားသည်။

ထို့ပြင် သီရိလင်္ကာနိုင်ငံ၏ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့သည် အီလက်ထရွန်းနစ်နှင့် လျှပ်စစ်စက်မှုလုပ်ငန်းများ အားကောင်းလာစေရန် နိုင်ငံ၏ ပို့ကုန်အခြေစိုက်လုပ်ငန်းများကို ပိုမိုချဲ့ထွင်ရန် ရည်ရွယ်ထားကြောင်း မန်ဂါလာဝီဂျီဆင်ဂီက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်

## ဂျပန်နိုင်ငံမှ အသက် ၁၁၆ နှစ်အရွယ် ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးကွယ်လွန်

တိုကျို ဇန်နဝါရီ ၅

ဂျပန်နိုင်ငံမှတိုမီကို အိုင်တူကာအမည်ရှိ အသက် ၁၁၆ နှစ်အရွယ် ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးသည် ဂျပန်နိုင်ငံ အနောက်ပိုင်း ဟိုင်ဂိုစီရင်စု အီရှီယာမြို့ရှိ သက်ကြီးစောင့်ရှောက်ရေးဂေဟာတွင် ဒီဇင်ဘာ ၂၉ ရက်က ကွယ်လွန်ခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

၁၉၀၈ ခုနှစ် မေ ၂၃ ရက်တွင် မွေးဖွားခဲ့သည့် ၎င်းသည် အိုဆာကာစီရင်စု ကီရီဝါယာမြို့တွင်နေထိုင်သည့် အသက် ၁၁၆ နှစ်အရွယ်ရှိ ဖူဆာတက်ဆူမီ ကွယ်လွန်ခဲ့ပြီးနောက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာတွင် ဂျပန်နိုင်ငံ၏ အသက်ကြီးဆုံး လက်ရှိရှင်သန် နေထိုင်နေသူဖြစ်လာခဲ့သည်။

စပိန်နိုင်ငံတွင် နေထိုင်သည့် အသက် ၁၁၇ နှစ်အရွယ်ရှိ မာရီယာ ဗရန်းနက် ကွယ်လွန်ပြီးနောက် ကမ္ဘာ့အသက်ကြီးဆုံး လက်ရှိရှင်သန်နေထိုင်နေသူအဖြစ်၎င်းအား ဂင်းနစ် ကမ္ဘာ့မှတ်တမ်းစာအုပ်တွင် ၂၀၂၄ ခုနှစ် စက်တင်ဘာလက သတ်မှတ်ခဲ့သည်။ လက်ရှိ ကမ္ဘာ့အသက်ကြီးဆုံး အမျိုးသမီးမှာ ဘရာဇီးနိုင်ငံမှ အသက် ၁၁၆ နှစ်အရွယ်ရှိ သီလရှင် အင်အက်ကင်နာ ဗာရိုလူကတ်ဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



## အစ္စရေးတပ်ဖွဲ့ဝင်များက ဂါဇာကမ်းမြောင်တစ်လျှောက်၌ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ရာ၌ အနည်းဆုံး ၄၃ ဦး သေဆုံး

ဂါဇာစီးတီး ဇန်နဝါရီ ၅

အစ္စရေးတပ်မတော်သည် ရွှေ့ပြောင်းနေထိုင်သူများ နေထိုင်လျက်ရှိသည့် လူသားချင်းစာနာမှုဆိုင်ရာ ဇုန်တစ်ခု အပါအဝင် ဂါဇာကမ်းမြောင်တစ်လျှောက်၌ ယမန်နေ့က လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ရာ ၄၃ ဦး အနည်းဆုံး သေဆုံးခဲ့ကြောင်း သိရသည်။

ဂါဇာတောင်ပိုင်းရှိ ခန်ယွန်နစ်မြို့ရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဇရိယာအား ထောက်လှမ်းရေးအခြေပြု တိုက်ခိုက်မှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း အစ္စရေးတပ်မတော်က ဇန်နဝါရီ ၂ ရက်တွင် ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုသည် နယ်မြေအတွင်းရှိ ဟားမတ်စ်အဖွဲ့ အကြီးအကဲကို ရည်ရွယ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ယင်းသို့ တိုက်ခိုက်မှုများပြုလုပ်ရာတွင် အရပ်သားများ ထိခိုက်မှုအန္တရာယ်လျော့ပါးစေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်းလည်း ၎င်းတို့ကပြောသည်။

သို့သော် လူသားချင်းစာနာထောက်ထားမှုဇုန်တွင် တိုက်ခိုက်မှုကြောင့် သေဆုံးသူများတွင် အမျိုးသမီးများနှင့် ကလေးသူငယ် ၁၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုတွင် ဒေသဆိုင်ရာအာဏာပိုင်များ၏ အိမ်ရာအဆောက်အအုံတစ်ခု ပျက်စီးသွားခဲ့သည်။

ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်ရန် ဟားမတ်စ်အဖွဲ့သည် အီဂျစ်နိုင်ငံသို့ ဇန်နဝါရီ ၁ ရက်တွင် လာရောက်ခဲ့ကြောင်း အာရပ်မီဒီယာတစ်ခုကဖော်ပြသည်။ အီဂျစ်သည် အစ္စရေးနှင့် ဟားမတ်စ်တို့ကြား စေ့စပ်ညှိနှိုင်းပေးသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

သို့သော် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများသည် မကြာသေးမီ ရက်ပိုင်းများအတွင်း ကမောက်ကမဖြစ်ခဲ့ရသည်ဟု အာရပ်ဖျန်ဖြေသူ များ၏ ပြောကြားချက်ကိုကိုးကားပြီး အမေရိကန်သတင်းစာတစ်စောင် က သတင်းဖော်ပြသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

## အစ္စရေးနိုင်ငံရှိ အိုရော့ရာဗင် လျှပ်စစ်ဓာတ်အားပေးစက်ရုံအား ဟူသီစစ်သွေးကြွအဖွဲ့က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်

ဆာနာ ဇန်နဝါရီ ၅

အစ္စရေးနိုင်ငံရှိ အိုရော့ရာဗင် လျှပ်စစ်ဓာတ်အားပေးစက်ရုံအား ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ယီမင်နိုင်ငံရှိ ဟူသီစစ်သွေးကြွ အဖွဲ့က ဇန်နဝါရီ ၅ ရက်တွင် ပြောကြားသည်။

တာဝေးပစ်ဒုံးကျည်အမျိုးအစားဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကာ ပစ်မှတ်ကို ထိမှန်ခဲ့ကြောင်း ဟူသီစစ်သွေးကြွအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ယာယာဆာယီယာက ပြောကြားသည်။

ဂါဇာဒေသခံများဘက်မှ ရပ်တည်သည့်အနေဖြင့် တိုက်ခိုက်ခြင်းဖြစ်ကာ ဂါဇာဒေသအား အစ္စရေးတပ်ဖွဲ့၏ တိုက်ခိုက်မှုရပ်တန့်သည့်အချိန်မှသာ ယခုကဲ့သို့သော တိုက်ခိုက်မှုများကို ရပ်တန့်မည်ဟု ၎င်းကထပ်လောင်းပြောကြားသည်။ ဇန်နဝါရီ ၅ ရက် အစောပိုင်းကလည်း အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့များက ယီမင်နိုင်ငံ ဆာဒါဒေသသို့ တိုက်ခိုက်မှုများဆောင်ရွက်ခဲ့သည်။ ဟူသီစစ်သွေးကြွအဖွဲ့သည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစတင်၍ ပင်လယ်နီအတွင်း သွားလာနေသည့် အစ္စရေးသင်္ဘောများကို တိုက်ခိုက်ခဲ့ပြီး ဂါဇာဒေသခံများနှင့် တစ်သားတည်းရပ်တည်ကြောင်း ပြသခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၅**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာ၌ တရားမဝင်အခြားသစ်သုည ဒသမ ၇၁၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၇၇၉) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံး အတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၅၆၁၁၃၆၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။


ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာ ယာယီယာဉ်စစ်ကွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Doh Shwe Myanmar Light Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ကျိုင်းဖောင်းရွာအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း လေးမျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ သာမညမှ တောင်ငူမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် မီးသွေး တန် ၂၀၀၊ ကျွန်းသစ် ၁ ဒသမ ၄၀၉ တန်၊ သစ်မာသုည ဒသမ ၅၃၇ တန်၊ အခြားသစ် ၁ ဒသမ ၉၄၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၀၅၂၁) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၃၀၅၂၁ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂ ရက်နှင့် ၄ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၅၁၆၁၆၆၀) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ ဖြစ်မှုကျူးလွန်သူများနှင့်အတူ ဆိုင်ကယ်အစီး ၃၀ နှင့် ယာဉ်နှစ်စီးတို့အား ဆက်စပ်ဖော်ထုတ်ဖမ်းဆီးရမိ

**ပဲခူး ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက် ကမ်းနားလမ်းထိပ်တွင် ဒီဇင်ဘာ ၃၀ ရက် ညနေပိုင်းက ဆိုင်ကယ်လုယက်ခံရသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ရာ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ၏ ကြိုးစားစွမ်းဆောင်မှုကြောင့် ဖြစ်မှုကျူးလွန်သူများနှင့်ဆက်စပ်ပစ္စည်းများကို ရက်ပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ဖြစ်စဉ်မှာ ပဲခူးမြို့ ဇိုင်းဂနိုင်း တောင်ပိုင်းရပ်ကွက် ဖောင်တော်ဦးခိုင်မာလာလမ်းနေ ကယ်ရီသမား ဖြိုးမောင်မောင်(အသက် ၂၉ နှစ်)အား အမည်မသိလူတစ်ဦးမှ ဓားဖြင့်ထောက်ပြီး ၎င်းပိုင် New ဇင်းနစ်(အဖြူရောင်)ဆိုင်ကယ်တစ်စီးအား လုယူထွက်ပြေးသွားကြောင်း သတင်းအရ ပဲခူးမြို့ အမှတ်(၂)ရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဝေဖြိုးခိုင်နှင့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ လိုက်လံဖမ်းဆီးခဲ့ရာ လုယူထွက်ပြေးသွားသူ သက်ပိုင်ဦး(ခ)ဖိုးသဲနှင့် ၎င်း၏ဇနီးဖြစ်သူ မမီမီဂျူးတို့အား အောင်မြေသာရပ်ကွက်ရှိ ဟိုတယ်တစ်ခုတွင် အရှည် ၁၂ လက်မရှိ ဓားနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့အား စစ်ဆေးခဲ့ရာ လုယက်ထားသည့် ဆိုင်ကယ်ငါးစီးကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်စစ်ဆေးရာ ဇန်နဝါရီ ၂ ရက်တွင် ဆိုင်ကယ် ၂၅ စီးအပါအဝင် ယင်းဆိုင်ကယ်များအား ပေါင်နှံထားသည့် ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်ရှိ အပေါင်ဆိုင်မှ ဆိုင်ကယ်များနှင့် အပေါင်ခံထားသည့် ယာဉ်နှစ်စီးတို့ကိုပါ ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

**၅၈၆**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၁-၂၀၂၅ တနင်္လာနေ့

**MRTV HD**

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ တောကောင်းစဉ်ကျန်းမာဖို့...GAP စနစ်လိုက်နာစို့
၀၉:၁၀ စိုက်ပျိုးမွေးမြူသုတဘဏ်
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၅ မျိုးမှန်မြေမှန်စိုက်ပျိုးနည်းမှန်မြေဆီပွဲမျိုးဝင်ငွေတိုး
၁၁:၂၅ ဘဝနှင့်အနုပညာ "အဆင့်ဆင့်တက်လှမ်းခဲ့သောအနုပညာခရီးစဉ်" (အပိုင်း-၂)(ဇာက်ပျောကြော်)
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ (ဗီလစ်ပိုင်) "**ဆုတောင်းပြည့်ကြယ်တာရာစတာလာ**" (အပိုင်း-၂၆)
၁၃:၃၀ MRTV National News
၁၄:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း "**ရဟန်းစားရသောဆွမ်းတစ်နပ်**"
၁၄:၅၅ ကျန်းမာရေးမဂ္ဂဇင်း(ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ်)
၁၅:၁၀ မျိုးဗုဏ်တင့်စေဆိုကရေးတီးအငွေ
၁၆:၄၀ ချစ်စရာ့အရွယ်ကစားကြမယ်
၁၇:၁၀ သတင်းသမားပြောတဲ့သတင်းစကား
၁၇:၃၅ This Week's Special Interest
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၅၀ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) "**ဆုတောင်းပြည့်ကြယ်တာရာစတာလာ**" (အပိုင်း-၄၇)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
၂၁:၁၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "**ယုံကြည်ရာလမ်း**" (အပိုင်း-၄၃)
၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

07:01 Evergreen Classic: Aseinnaya (Takkatho Lae Lae)
07:10 Malikha & Fairy Island
07:23 Myanmar Traditional Snacks: Myanmar Doughnut
07:30 Myanmar Marionette
08:01 News
08:26 Asia Updates; Carbon Farming A Climate Solution Under Our Feet
09:01 Mt. Taung Pu La
09:32 Danu Food: Pounded Crab Apple Salad
09:38 The Great Collector: Myanmar Antique Furniture and Handicraft
10:01 News
10:26 Topical Topics; Golden Apple Snail
10:40 Dances of Myanmar: Proud of Being a Myaung Zee (or) Hmong
10:45 Myanmar's Entrepreneurs: Soe Moe Aung
11:01 Ngapali Beach: Fishing Villages

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
စီးပွားဖြစ်တဲ့ငှက်ပျောခင်း
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း
**ဝကေကာကရင် (၁၀:၀၀ မှ ၁၁:၀၀)**
စောဘလက်အင်တာဗျူး
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ဖျိုင်းဖြူရွာကရေလုပ်သားကြီးဘဝ
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဖားပုတောင်ပေါ်မှလှပသောမြင်ကွင်းတစ်ခွင်
**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
တာရှန်းရိုးရာတောင်တက်ကပွဲ
**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ငှက်ပျောသီးနှင့်ကျန်းမာရေး
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ရာမညမြေမှအလှတရားများ (အပိုင်း-၃)
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
မြောက်ဦးဆရာတော်တရားစခန်း
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ခမ်းနားထည်ဝါအင်းသားတို့ရဲ့ရှေးလက်ရာ
**'ဝ' (၂၁:၀၀ မှ ၂၃:၀၀)**
'ဝ' ရိုးရာဝက်သားပဲနှပ်ဟင်းရည်

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၈:၄၅ Weekly Selected News
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၃၅ Sports Diary
၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (**ကိုရီယားနိုင်ငံ**)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**ကိုယ်နှင့်မဆိုင်သော်လည်း**"
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (**စင်ကာပူနိုင်ငံ**)
၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (**အာဖရိကနိုင်ငံ**)(အပိုင်း-၁)
၁၁:၀၀ ရှေ့သို့ချီမည်....ပန်းတိုင်ဆီ (အပိုင်း-၃၁)

**MRTV FARMERS' / HTV Channel**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၅ လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ်ကြီးစားဖို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကိုရွေးချယ်စို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၃၅ Rose Tour
၁၉:၂၀ Massive green bean harvest from the front yard trilles
၁၉:၄၅ International Music Hits
၂၀:၀၀ "ညို့" (ဇာတ်လမ်း)
၂၂:၀၀ Barbie (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၁၇:၀၀ အားကစားသတင်း
၂၀:၀၀ The Class of 92

Scan Here
MRTV
MRTV
MRTV Radio
MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေ (၃)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်လျက်ရှိသော Together Urban Force အမည်ခံ အကြမ်းဖက်အဖွဲ့မှ တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Together Urban Force အမည်ခံ အကြမ်းဖက်အဖွဲ့မှ တရားခံများအား လက်နက်/ခဲယမ်းနှင့်အတူ ဖမ်းဆီးရမိမှု အခြေပြဇယား




နေပြည်တော် ဇန်နဝါရီ ၅

နိုင်ငံတော် အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ပတ်သက်ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင် ပစ္စည်းများအား ခေးပြတိုက်လုယက်ခြင်း စသည့် အကြမ်းဖက် လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့မှ ခွင့်ပြန်လာသည့် တပ်မတော်အရာရှိတစ်ဦးသည် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် အထက်ဗဟိုလမ်းရှိ “Apollo” ဟိုတယ်၌ ကျင်းပပြုလုပ်သည့် ညီဖြစ်သူ၏ မင်္ဂလာပွဲသို့ သွားရောက်ခဲ့ပြီး ညီမဖြစ်သူနှင့်အတူ မော်တော်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာစဉ် ဟိုတယ်ရှေ့ အထက်ဗဟိုလမ်းမပေါ်သို့ အရောက်တွင် အကြမ်းဖက်သမားနှစ်ဦးက ပစ္စတိုဖြင့် သုံးချက်ပစ်ခတ် ထွက်ပြေးသွားခဲ့ရာ တပ်မတော်အရာရှိတွင် ယာလက်ဖျံဖောက်ဝင်ဒဏ်ရာ(မစိုးရိမ်ရ)နှင့် ညီမဖြစ်သူတွင် ယာခါးရုပ်ထိမှန်ဒဏ်ရာ(မစိုးရိမ်ရ)တို့ ရရှိသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အထက်ပါဖြစ်စဉ်နှင့် ပတ်သက်၍ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ သတင်းပေးမှုများကြောင့် ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် လုံခြုံရေးပူးပေါင်းအဖွဲ့က တရားခံ မိုးထက်အောင်(ခ) မိုးထက်(ခ)တိမ်ညို၊ နိုင်ဝင်းလတ်၊ ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း(ခ) ပါပီလွန်နှင့် မိုးထက်အောင်(ခ) မိုးထက်(ခ)တိမ်ညို၏ မိဘများဖြစ်သည့် သန်းအောင်၊ ချိုမာလွင်တို့ ငါးဦးအား အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ရပ်ကွက် အင်းစိန်လမ်း ရတနာသိင်္ခဘုန်းကြီးကျောင်းဝင်းအတွင်းရှိ စူပါပါဝါ ကိုမွန်လေး ကားဆေးဘော်ဒီရုံ၌ ဒီတိုနေတာ အချောင်း ၅၀၀၊ ယမ်းကြိုး(ပေ ၂၀၀) တစ်ခွေ၊ နိုက်ထရိုကလယ်ဇင်း၅၀ ကျပ်သား၊ လက်လုပ်ဗုံး တစ်လုံး၊ ယမ်းမှုန့် (ရောစပ်ပြီး) သုံးပိဿာ၊ ပုလဲ ၅၀ ပိဿာ၊ Black Powder ၂၀ ကျပ်သားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ရတနာသိင်္ခဘုန်းကြီးကျောင်းတိုက်အတွင်း၌ လက်နက်/ခဲယမ်းများ သို၀ှက်သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် ဝင်ရောက်ရှာဖွေခဲ့ရာ အနန္တဂုဏ်ရည်ကျောင်းဆောင် ဒုတိယထပ် အခန်းအတွင်းမှ ပွိုင့် 38 Specialအမျိုးအစား ခြောက်လုံးပြူးသေနတ် တစ်လက်၊ ၎င်းကျည် ၂၅ တောင့်၊ TNT ယမ်းတောင့် နှစ်တောင့်၊ ဒီတိုနေတာ ၃၅ ချောင်း၊ ပန်းရောင်ယမ်းမှုန့် ၅၀ ကျပ်သားနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သော လက်နက်/ခဲယမ်းများအား ကြည့်မြင်တိုင်မြို့နယ် ကရင်အမျိုးသားရပ်ကွက် ဦးကောင်းလမ်း အမှတ်(၅၂၈) (မြေညီထပ်)အခန်းတွင် နေထိုင်သည့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် စွမ်းထက်(ခ)အေရွှန်နှင့် နှန်းပွင့်ဖြူတို့ထံတွင် သိမ်းဆည်းထားကြောင်းသိရှိရသဖြင့် အဆိုပါနေ့ မွန်းလွဲပိုင်းတွင် သွားရောက်ရှာဖွေခဲ့ရာ ၎င်းတို့ နှစ်ဦးမှာ ထွက်ပြေး တိမ်းရှောင်သွားခဲ့ပြီး ဖမ်းဆီးရန်ကျန်တရားခံ စွမ်းထက်(ခ)အေရွှန်၏ မိခင်ဖြစ်သူခင်ယုဆွေအား နေအိမ်မီးဖိုခန်းအတွင်းမှ Sig Sauer ပစ္စတိုသေနတ် နှစ်လက်၊ ကျည်အိမ် သုံးခု၊ 9mm Thai Arms ကျည် ၁၅ တောင့်၊ 9mm Luger ကျည် ကိုးတောင့်၊ လက်လုပ်ဗုံး တစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ မိုးထက်အောင်(ခ)မိုးထက်(ခ)တိမ်ညို၏ ထွက်ဆိုချက်အရ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက် မွန်းလွဲပိုင်းတွင် တရားခံ ထက်အောင်လှိုင်အား အင်းစိန်မြို့နယ် ဗဟိုလမ်း မီးရထားဒီဇယ်စက်ခေါင်းစက်ရုံဝင်ပေါက်အနီး၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် **စာမျက်နှာ ၁၆ သို့ »»**



၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်း သမိုင်းလမ်းဆုံမီးပွိုင့်အနီး၌ ပေါက်ကွဲမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၄ ခုနှစ် မေ ၆ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီး၌ ပေါက်ကွဲမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။





၂၀၂၄ ခုနှစ် မေ ၁၂ ရက်တွင် အင်းစိန်မြို့နယ် ပေါက်တောဝမီးပွိုင့်ရှိ ဆက်သွယ်ရေး Box အား မိုင်းထောင်ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၄ ခုနှစ် မေ ၃၀ ရက်တွင် အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက်ရှိ ကောင်းသန့် ထမင်းဆိုင်၌ ရစဖမှူး ဦးစောဝင်းလွင်အား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၁)ရပ်ကွက် သုဓမ္မာလမ်းမကြီး ဘုန်းကြီးလမ်းမီးပွိုင့်အနီး၌ တွေ့ရှိခဲ့သည့် လက်လုပ်မိုင်း၏ မှတ်တမ်းဓာတ်ပုံ။






၂၀၂၄ ခုနှစ် ဇူလိုင် ၈ ရက်တွင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက်ရှိ အင်းဝဘဏ်အနီး၌ ပေါက်ကွဲမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။





အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် ရတနာသိခ်ဘုန်းကြီးကျောင်းဝင်း၌ သိမ်းဆည်းရမိသည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



ကြည့်မြင်တိုင်မြို့နယ် ကရင်အမျိုးသားရပ်ကွက်ရှိ နေအိမ်တွင် သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



အင်းစိန်မြို့နယ် ရတနာသိခ်ဘုန်းကြီးကျောင်းဝင်းအတွင်းနှင့် ကြည့်မြင်တိုင်မြို့နယ် ကရင်အမျိုးသားရပ်ကွက်ရှိ နေအိမ်တို့တွင် သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

»»» **စာမျက်နှာ ၁၅ မှ**

တရားခံ အမျိုးသား ငါးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ခုနစ်ဦးတို့အား Sig Sauer ပစ္စတိုသေနတ် နှစ်လက်၊ ၎င်းကျည်အိမ် သုံးခု၊ 9mm ကျည် ၂၄ တောင့်၊ ပွိုင့် 38 Special အမျိုးအစားခြောက်လုံးပြူးသေနတ် တစ်လက်၊ ၎င်းကျည် ၂၅ တောင့်၊ လက်လုပ်ဗုံး နှစ်လုံး၊ TNT ယမ်းတောင့် နှစ်တောင့်၊ ဒီတိုနေတာ ၅၃၅ ချောင်း၊ ယမ်းမှုန့် သုံးပိဿာ ၅၀ ကျပ်သား၊ နိုက်ထရိုကလယ်ဇင်း ၅၀ ကျပ်သား၊ ပုလဲပိဿာ ၅၀၊ Black Powder ၂၀ ကျပ်သား၊ ယမ်းကြိုး(ပေ ၂၀၀) တစ်ခွေ၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း (ခ) ပါပီလွန်နှင့် မိုးထက်အောင်(ခ)မိုးထက်(ခ)တိမ်ညို တို့နှစ်ဦးသည် ၂၀၂၁ ခုနှစ် မတ်လခန့်တွင် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် ဝိုင်ချို၊ နေမင်းတို့နှင့်အတူ ကော့မှူးမြို့နယ် ၎က်အော်စမ်းကျေးရွာအနီးတွင် PDF အကြမ်းဖက်သင်တန်းအား သင်တန်းသားအင်အား ၁၇ ဦးဖြင့် ခုနစ်ရက်အားလည်းကောင်း၊ ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း(ခ)ပါပီလွန်သည် ၂၀၂၁ ခုနှစ် ဇွန်လခန့်တွင် မြဝတီမြို့နယ်လေးကေ့ကော်မြို့သစ်အနီး KNLA တမဟ(၆)နယ်မြေတွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းအမှတ်စဉ်(၁)အား သင်တန်းသားအင်အား ၂၀ ဖြင့် ၁၀ ရက်အားလည်းကောင်း တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း(ခ)ပါပီလွန်သည် အကြမ်းဖက်သင်တန်းဆင်းပြီးနောက် လူမှုကွန်ရက်မှတစ်ဆင့် ရင်းနှီးခဲ့သူ ဖမ်းဆီးရန်ကျန် တရားခံ ခင်လင်းလင်း၏ ချိတ်ဆက်ပေးမှုဖြင့် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ သွားရောက်၍ ၂၀၂၃ ခုနှစ် ဇူလိုင်လအထိ နေထိုင်ခဲ့ကြောင်း၊ ဩဂုတ်လခန့်တွင် အကြမ်းဖက်သင်တန်းတက်ရောက်စဉ် ရင်းနှီးခဲ့သူ ဖမ်းဆီးရန်ကျန် တရားခံ အဲရစ်အောင်ငြိမ်းသည် Messenger မှတစ်ဆင့် ဆက်သွယ်၍ PDF အကြမ်းဖက်အဖွဲ့များအတွက် ထောက်ပို့လုပ်ငန်းများ လုပ်ဆောင်ရာတွင် လာရောက်ကူညီပေးရန် ပြောကြားခဲ့သောကြောင့် ထိုင်းနိုင်ငံ မဲဆောက်မြို့မှ ရန်ကုန်မြို့သို့ပြန်လာခဲ့ပြီး မိုးထက်အောင်(ခ)မိုးထက်(ခ)တိမ်ညို နေထိုင်သည့်ရတနာသိခ်ဘုန်းကြီးကျောင်းဝင်းအတွင်း၌ သွားရောက်နေထိုင်ခဲ့ကြောင်း၊ ယင်းနောက် လူမှုကွန်ရက် Facebook စာမျက်နှာတွင် "ဆာကူရာ"အမည်ဖြင့် အကောင့်ဖွင့်လှစ်၍ ထောက်ပံ့ငွေများ ကောက်ခံခဲ့ပြီးရရှိလာသောငွေကြေးများကို အဲရစ်အောင်ငြိမ်းထံသို့ Kpay မှတစ်ဆင့် လွှဲပြောင်းပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။




၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် ရတနာသိခ်ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ဖမ်းဆီးရမိသည့် တရားခံ ခြောက်ဦး၏ မှတ်တမ်းဓာတ်ပုံ။



ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း(ခ) ပါပီလွန်၏ ထွက်ဆိုချက်အရ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလခန့်တွင် ယခင် ငွေကြေးထောက်ပံ့ပေးနေသည့် ထိုင်းနိုင်ငံ၌ နေထိုင်သူ ဖမ်းဆီးရန်ကျန်တရားခံ ကိုမျိုး(ခ) ဆရာကျောင်း (ခ) ဦးလေးကြီးထံသို့ Telegram မှတစ်ဆင့် ဆက်သွယ်ပြီး ထောက်ပံ့ငွေတောင်းခံခဲ့ရာ ၎င်းမှ အကြမ်းဖက်အဖွဲ့တစ်ခုဖွဲ့စည်းပါက ငွေကြေးထောက်ပံ့ပေးမည်ဟု ပြောကြားခဲ့သည့်အတွက် Together Urban Force အမည်ခံ အကြမ်းဖက်အဖွဲ့အား ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း(ခ)ပါပီလွန်က ခေါင်းဆောင်၍ မိုးထက်အောင်(ခ)မိုးထက်(ခ)တိမ်ညို၊ နိုင်ဝင်းလတ်၊ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် စွမ်းထက်(ခ)အေရွှန်၊ ဇွန်ပွင့်ဖြူတို့ ငါးဦးဖြင့် စတင်ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

Together Urban Force အမည်ခံအကြမ်းဖက်အဖွဲ့သည် ကိုမျိုး (ခ) ဆရာကျောင်း(ခ) ဦးလေးကြီး၏ ခိုင်းစေမှုဖြင့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန်ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု ခြောက်ကြိမ်၊ အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်မှု နှစ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ❖ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် သမိုင်းလမ်းဆုံရှိ လုံခြုံရေးဘန်ကာအား ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် ခင်ဇော်ဝင်းနှင့် ထိုက်လင်းတို့ နှစ်ဦးက လက်လုပ် ရီမုတ်မိုင်းဖြင့် ဖောက်ခွဲခဲ့ပြီး ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း(ခ)ပါပီလွန်၊ မိုးထက်အောင်(ခ)မိုးထက်(ခ)တိမ်ညို၊ ထက်အောင်လှိုင်တို့ သုံးဦးက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ❖ ၂၀၂၄ ခုနှစ် မေ ၆ ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ရုံးအား နိုင်ဝင်းလတ် ဖမ်းဆီးရန်ကျန်တရားခံများ ဖြစ်သည့် စွမ်းထက်(ခ)အေရွှန်၊ ဇွန်ပွင့်ဖြူတို့ သုံးဦးက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း။
- ❖ မေ ၁၂ ရက်တွင် အင်းစိန်မြို့နယ် ပေါက်တောဝမီးပွိုင့်ရှိ ဆက်သွယ်ရေး Box အား ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း(ခ)ပါပီလွန်နှင့် မိုးထက်အောင်(ခ)မိုးထက်(ခ)တိမ်ညိုတို့ နှစ်ဦးက လက်လုပ်ရီမုတ်မိုင်းဖြင့် ဖောက်ခွဲခဲ့ပြီး ဖမ်းဆီးရန်ကျန် တရားခံ ခင်ဇော်ဝင်းက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- ❖ မေ ၃၀ ရက်တွင် အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက်ကောင်းသန့်ထမင်းဆိုင်၌ ရစဖမှူး ဦးစောဝင်းလွင်အား ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း(ခ)ပါပီလွန်၊ ဖမ်းဆီးရန်ကျန် တရားခံ စွမ်းထက်(ခ)အေရွှန်တို့နှစ်ဦးက ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် မိုးထက်အောင်(ခ)မိုးထက်(ခ)တိမ်ညိုက အခြေအနေ စောင့်ကြည့်ပေးခဲ့ပြီး လူထိခိုက်သေဆုံးမှု မရှိခဲ့ကြောင်း။
- ❖ ဇူလိုင် ၈ ရက်တွင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက်ရှိ အင်းဝဘဏ်အား ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း(ခ)ပါပီလွန်နှင့် ဖမ်းဆီးရန်ကျန်တရားခံများ ဖြစ်သည့် စွမ်းထက် (ခ) အေရွှန်၊ ဇွန်ပွင့်ဖြူ၊ သူရိန်ဝင်း(ခ) ဘုးသီးတို့ လေးဦးက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း။
- ❖ ဩဂုတ် ၁၄ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ဘုန်းကြီးလမ်းရှိ ယာဉ်ထိန်းရုံး(အဟောင်း)အား ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် စွမ်းထက်(ခ)အေရွှန်၊ ဇွန်ပွင့်ဖြူ၊ သူရိန်ဝင်း(ခ) ဘုးသီးတို့သုံးဦးက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း။



၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် ဦးချစ်မောင်လမ်း ဦးချစ်မောင်အိမ်ရာ 29 ရွှေဆိုင်ရှေ့ မီးစက်ဘေး၌ တွေ့ရှိသည့် လက်လုပ်မိုင်း၏ မှတ်တမ်းဓာတ်ပုံ။

- ❖ အောက်တိုဘာ ၁၂ ရက်တွင် တာမွေမြို့နယ် ဦးချစ်မောင်လမ်းရှိ 29 ရတနာ ရွှေဆိုင်အား ခိုင်မင်းစိုး(ခ)ငြိမ်းခန့်လင်း(ခ)ပါပီလွန်၊ မိုးထက်အောင်(ခ)မိုးထက်(ခ)တိမ်ညိုနှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် စွမ်းထက်(ခ)အေရွှန်၊ ဇွန်ပွင့်ဖြူတို့ လေးဦးက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ကြောင်း။
- ❖ ဒီဇင်ဘာ ၂၂ ရက်တွင် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် အထက်ဗဟိုလမ်း အမှတ် (၁၃)ရှိ Apollo Hotel ရှေ့တွင် တပ်မတော်အရာရှိနှင့် ညီမဖြစ်သူတို့အား မိုးထက်အောင်(ခ) မိုးထက်(ခ) တိမ်ညိုနှင့် ဖမ်းဆီးရန်ကျန် တရားခံ သောကြာ(ခ) ကောင်းဆက်သွေး (ခ) အောင်မြတ်သူတို့ နှစ်ဦးက ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် ခိုင်မင်းစိုး(ခ) ငြိမ်းခန့်လင်း (ခ) ပါပီလွန်၊ နိုင်ဝင်းလတ်၊ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် စွမ်းထက်(ခ) အေရွှန်၊ ဇွန်ပွင့်ဖြူ၊ ညဏ်လင်းထက်(ခ)ယဉ်လတ်တို့ ငါးဦးက အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို လုပ်ကြံ သတ်ဖြတ်ခြင်းများ ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် လက်နက်/ ခဲယမ်းများအား ဖမ်းဆီးရန်ကျန် တရားခံ ကိုမျိုး(ခ)ဆရာကျောင်း(ခ)ဦးလေးကြီးက ဖမ်းဆီးရန်ကျန် တရားခံ သောကြာ(ခ)ကောင်းဆက်သွေး(ခ)အောင်မြတ်သူနှင့် ချိတ်ဆက်၍ ပို့ဆောင်ပေးခြင်းဖြစ်ပြီး ဆောင်ရွက်ပြီးပါက လူမှုကွန်ရက်တွင်တင်၍ထောက်ပံ့ငွေတောင်းခံခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်း ထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# လူ့တစ်ကိုယ်လုံး ဥပစာအသုံး

ယဉ်(မြန်မာစာ)

ကျွန်မတို့ဟာ မြန်မာစာ၊ မြန်မာစကားကို နေ့စဉ် ရေးသား ပြောဆိုနေကြရပါတယ်။ ထိုသို့ရေးသား ပြောဆိုတဲ့ စကားလုံးဝေါဟာရတွေမှာ ရိုးရိုး အနက်အဓိပ္ပာယ်သာရှိသလို တင်စားထားတဲ့ ဥပစာအနက်အဓိပ္ပာယ်ပါရှိတဲ့ အသုံးအနှုန်းများ လည်း ပါဝင်နေပါတယ်။ ဥပစာသုံးများဟာ နယ်ပယ် အမျိုးမျိုးက ဆင်းသက်လာတာကို တွေ့ရပါတယ်။

လူကိုအခြေပြုတဲ့ ဥပစာစကားများ၊ လူ့အသုံး အဆောင်များကိုအခြေပြုတဲ့ ဥပစာစကားများ၊ ဝတ်စားဆင်ယင်မှုဆိုင်ရာ ဥပစာစကားများ၊ စားသောက်နေထိုင်မှုဆိုင်ရာ ဥပစာစကားများ လုပ်ငန်း အသီးသီးကိုအခြေခံတဲ့ ဥပစာစကားများ စသည်တို့ ဖြစ်ပါတယ်။ ယခုတင်ဆက်မယ့် ဥပစာဝေါဟာရများ ကတော့ လူ့ခန္ဓာကိုယ်တစ်ခုလုံးကို တင်စားသုံးနှုန်း ထားတဲ့ ဥပစာစကားများပဲဖြစ်ပါတယ်။

လူတို့နေ့စဉ်စကားပြောဆိုကြရာမှာ တွင်တွင် ကျယ်ကျယ်သုံးစွဲနေကြတဲ့ "မျက်နှာကြီးရာ ဟင်းဖတ်ပါတယ်"၊ "နှာခေါင်းကျည်ပွေ့တွေ့တယ်"၊ "ဦးနှောက်ဖောက်စားခံရတယ်"ဆိုတဲ့ အသုံးတွေဟာ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများရဲ့ ဂုဏ်ထူးဝိသေသ၊ ပြုမူလှုပ်ရှားပုံ၊ စွမ်းရည်သတ္တိတွေကို အစွဲပြုတင်စား ထားတဲ့ ဥပစာအသုံးအနှုန်းများပဲဖြစ်ပါတယ်။

ပထမဦးစွာ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများထဲ က အရေးပါဆုံးအင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်တဲ့ "ဦးခေါင်း"ကနေ စတင်ပါမယ်။ "သားသမီးမကောင်း မိဘခေါင်း"၊ "တပည့်မကောင်း၊ ဆရာ့ခေါင်း" ဆိုတဲ့ စကားမှာ သားသမီးများ၊ တပည့်များမလိမ္မာပါက ပြောဆိုဆုံးမရမည့် မိဘများ၊ ဆရာများဝတ္တရား ပျက်ကွက်တယ်လို့ယူဆပြီး ဆရာ မိဘအပေါ် အပြစ်ပုံကျတဲ့အတွက် တာဝန်ဝတ္တရားကို"ဦးခေါင်း" နှင့် တင်စားထားတာကို တွေ့နိုင်ပါတယ်။

လူတော်၊ လူကောင်းတွေကို "ခေါင်းခေါက်" ပြီးရွေးယူတယ်လို့ဆိုရာမှာ အကောင်းဆုံးတွေကို ရွေးချယ်စိစစ်ပြီးယူတဲ့သဘောဖြစ်ပြီး လူဖြစ်စေ၊ စီးပွားရေးလုပ်ငန်းတစ်ခုခုဖြစ်စေ "ခေါင်းထောင်" လာတယ်ဆိုတာကတော့ "ပြန်လည်ကြီးပွား ရှင်သန်" လာတဲ့သဘောနဲ့ ဥပစာတင်စားသုံးနှုန်း ထားတာ ဖြစ်ပါတယ်။

ဦးခေါင်းခွံအတွင်းမှာ တည်ရှိနေတဲ့ "ဦးနှောက်" နဲ့ပတ်သက်တဲ့ ဥပစာစကားတွေလည်း ရှိပါတယ်။ "စိတ်ရှုပ်ထွေးတာ"ကို "ဦးနှောက်ရှုပ်တယ်"၊"အခက် အခဲ အကျပ်အတည်းကိုရှင်းလင်းဖို့ ဆုံးဖြတ်ရခက်၊ ဝေခွဲရခက်ခဲ"တဲ့အနေအထားကို "ဦးနှောက် ခြောက်"တယ်လို့သုံးပြီး "စိတ်ရှုပ်ထွေးနေတဲ့ အခြေ အနေပြောင်းလဲသွားတာ" ကိုတော့ "ဦးနှောက် ရှင်း" သွားတယ်လို့ သုံးလေ့ရှိပါတယ်။ "ဦးနှောက်" ကိုပင်ထပ်မံ၍ "ဉာဏ်အရည်အသွေး"နဲ့ တင်စား သုံးစွဲတတ်ကြပါသေးတယ်။ "ကောက်ကျစ်စဉ်းလဲ တဲ့အကြံအစည်"ကို "ဉာဏ်နီဉာဏ်နက်"၊ "ကလိမ်ကျ"တာကို "ဉာဏ်များ"တယ်။ ပါးနပ်မှု မရှိတာကို "ဉာဏ်တုံး"တယ် "ဉာဏ်နည်း" တယ်လို့ သုံးလေ့ရှိပြီး "ထူးချွန်ထက်မြက်" တာကိုတော့ "ဉာဏ်ကောင်း"တယ် "ဉာဏ်ထက်"တယ်လို့ သုံးတတ်ကြပါတယ်။

ဆက်လက်ပြီး "မျက်နှာ"နဲ့ပတ်သက်တဲ့ ဥပစာ တွေအကြောင်းဆက်ပါ့မယ်။ "မျက်နှာ"ရဲ့ ဥပစာ အနက်ကတော့ "ငဲ့ကွက်ထောက်ထားရမည့် ဂုဏ်၊ ကျေးဇူး"ကို ဆိုလိုတာဖြစ်ပါတယ်။ ဒါကြောင့် "ခွေးရိုက်ချင်ရင်တောင် ခွေးရှင်မျက်နှာထောက်ရ သေးတယ်" ဆိုတဲ့စကားကို သုံးနှုန်းလေ့ရှိကြတာပါ။ မျက်နှာနဲ့ပတ်သက်တဲ့ ဥပစာတွေကတော့ "ချစ်ခင် နှစ်သက်ခြင်း၊ အလေးပေးခြင်းခံရ" ရင် "မျက်နှာ ရတယ်" "မျက်နှာပွင့်"တယ်၊ "ခင်မင်ရင်းနှီးမှုပျက်" တာကို "မျက်နှာပျက်ရတယ်"၊ "ဂုဏ်သိက္ခာ ကျဆင်း" တာကို "မျက်နှာငယ်တယ်"၊ ဖြစ်လိုရာ ဖြစ်စေလို့ တာဝန်မဲ့သဘောထားတာကို "မျက်နှာလွှဲ ခဲပစ်" လုပ်တယ်လို့ သုံးစွဲကြပါတယ်။

တစ်ဖန် "မျက်နှာ"မှာပါတဲ့ အင်္ဂါအစိတ်အပိုင်း တွေဖြစ်တဲ့ "မျက်စိ၊ နှာခေါင်း၊ ပါးစပ်၊ လည်ပင်း" စတာတွေနဲ့ တင်စားထားတဲ့ ဥပစာတွေအကြောင်း ဆက်ပါမယ်။ "သက်ရှိ၊ သက်မဲ့ အရာတစ်ခုခုကို ရယူလိုကြောင်းလက္ခဏာပြတာ" ကို "မျက်စပစ်" တယ်၊ "ရယူလိုစိတ်နဲ့ ရည်မှန်းတာ"ကို "မျက်စောင်း ထိုးတယ်"၊ ဘယ်ကိစ္စမဆို အရှည်ကိုမမြော်မြင်တဲ့ အကြောင်းကို "မျက်မွေးတစ်ဆုံး" ပဲ ကြည့်တယ်လို့ သုံးနှုန်းကြသလို အသိအမြင်တိုးတက်ပြီး ဉာဏ်ပွင့် လင်းတာကို "မျက်စိပွင့်" တယ်၊ အမြင်ကျယ်တာကို "မျက်စိကျယ်တယ်" လို့ သုံးကြပြီး ရှင်းရှင်းလင်းလင်း သဘောမပေါက်တာကို "မျက်စိလည်"တယ်၊ အခက်အခဲ အကျပ်အတည်းကြီးမားစွာ ကြုံတွေ့ရ တာကို "မျက်ဖြူဆိုက်" တယ်လို့ သုံးလေ့ရှိပြီး တစ်ဦးတစ်ယောက် ကွယ်လွန်သွားတာကို "မျက်ကွယ်ပြုသွားပြီ၊ မျက်စိမှိတ်သွားပြီ" လို့ တင်စားသုံးနှုန်းကြတာကို တွေ့မြင်နိုင်ပါတယ်။

> **လူတို့နေ့စဉ်စကားပြောဆိုကြရာမှာ တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြတဲ့ "မျက်နှာကြီးရာဟင်းဖတ်ပါတယ်"၊ "နှာခေါင်းကျည်ပွေ့တွေ့တယ်"၊ ဦးနှောက်ဖောက်စားခံရတယ်"ဆိုတဲ့ အသုံးတွေဟာ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများရဲ့ ဂုဏ်ထူးဝိသေသ၊ ပြုမူလှုပ်ရှားပုံ၊ စွမ်းရည်သတ္တိတွေကို အစွဲပြုတင်စားထားတဲ့ ဥပစာအသုံးအနှုန်းများပဲဖြစ်**

နှာခေါင်းနဲ့ပတ်သက်တဲ့ ဥပစာစကားလေးတွေ ကတော့ အကြောင်းတစ်စုံတစ်ရာကြောင့် ဘာမှ မပြောဘဲ နှုတ်ပိတ်နေတာကို ပုံပြင်ထဲက ယုန်ကလေး ပြောတဲ့စကားယူပြီး "နှာစေး" နေတယ်လို့သုံးစွဲပြီး မနှစ်သက်တဲ့သဘောကိုပြလိုရင်တော့ "နှာခေါင်းရှုံ့" တယ်လို့ သုံးနှုန်းကြတယ်။ အခက်အခဲ၊ အကျပ် အတည်းနဲ့ကြုံတွေ့ရတာကိုတော့ "နှာခေါင်း ကျည်ပွေ့တွေ့တယ်" လို့ သုံးတတ်တာ တွေ့နိုင်ပါ တယ်။ အပွဲပွဲတွင်အနိုင်ရ၊ အသာစီးရလာပြီးမှ တစ်ချီချီတွင် အရေးနိမ့်သွားတဲ့အခါမျိုးတွင်မှာ တော့ "အပွဲပွဲနွှဲခဲ့သမျှ ဒီတစ်ချိန်တွင် "နှပ်" ပစ်ခံရ တယ်" လို့ တင်စားသုံးစွဲကြပါတယ်။

ပါးစပ်နဲ့ပတ်သက်တဲ့ ဥပစာအသုံးလေးတွေ လည်းရှိပါသေးတယ်။ ပါးစပ်ရဲ့အစိတ်အပိုင်းတွေ ထဲမှာ "နှုတ်ခမ်း၊ လျှာ၊ သွား" စတဲ့ အင်္ဂါတွေပါဝင် ပါတယ်။ "နှုတ်ခမ်း"နဲ့ပတ်သက်တဲ့ ဥပစာစကား တွေကတော့ မိဘဆရာ စသူတို့ကို ပြန်ခံပြောဆိုတဲ့ အခါ "နှုတ်"ကို "လုံ့" အဖြစ်တင်စားပြီး "နှုတ်လုံ့ထိုး" တယ်လို့ သုံးနှုန်းလေ့ရှိပါတယ်။ "လျှာ"ဟာ ပါးစပ် ထဲမှာရှိတဲ့ အရသာခံစားနိုင်၊ လှုပ်ရှားနိုင်တဲ့အင်္ဂါ တစ်ခုဖြစ်သလို စကားပြောနိုင်တဲ့ အင်္ဂါတစ်ခုလည်း ဖြစ်ပါတယ်။

ဒါကြောင့် စကားနဲ့ပတ်သက်တဲ့ ဥပစာအသုံး တွေမှာ "လျှာ" ကိုဖလှယ်ပြီး သုံးစွဲထားကြတာကို တွေ့မြင်နိုင်ပါတယ်။ တစ်စုံတစ်ရာကို ပြောလိုစိတ် အလွန်ထက်သန်နေတဲ့အခါ "ပြောပြချင်လိုက်တာ လျှာကိုယားနေတာပဲ" လို့ သုံးနှုန်းကြပြီး မလိုအပ်ဘဲ စကားတွေ ရှည်ရှည်ဝေးဝေးပြောတာကိုတော့ "လျှာရှည်" တယ်လို့ သုံးကြပါတယ်။ မစားဘူးတဲ့ အစားအစာတစ်ခုခုကိုစားပြီး နှစ်သက်လွန်းလို့ ထပ်ခါတလဲလဲစားလိုတဲ့အခါ "လျှာလည်" သွား တယ်လို့ တင်စားသုံးစွဲကြပါတယ်။ ပါးစပ်ထဲမှာရှိတဲ့ သွားအကြောင်းဆက်ပါဦးမယ်။ အတွေ့အကြုံ အလွန်များတဲ့အဖြစ်ကို "အံခွ"နေပြီ၊ "အံတို" နေပြီလို့ သုံးလေ့ရှိပါတယ်။

လျှာနဲ့ဆက်စပ်နေတဲ့ "သွားရည်" နှင့်ပတ်သက် တဲ့ ဥပစာအသုံးတွေလည်း ရှိပါသေးတယ်။ တစ်စုံ တစ်ရာကို လိုလားတပ်မက်စိတ်ဖြစ်ပေါ်သည်ကို "သွားရည်ယိုတယ်၊ သွားရည်ကျတယ်"လို့ တင်စား တတ်ကြပါတယ်။ လူအများကဲ့ရဲ့ပြစ်တင်ခြင်းခံရ တာကို "တံတွေးကွက်ပက်လက်မျောတယ်"လို့ သုံးတတ်ကြပါတယ်။ တစ်ဖက်သတ်ပြုမူပြောဆို သမျှကို မတုံ့ပြန်ဘဲငုံ့ခံနေရတဲ့အဖြစ်ကိုတော့ "လည်စင်းခံ"တယ်လို့သုံးကာ၊ "ငွေကြေးကိစ္စပဲ ဖြစ်ဖြစ် ဆောင်ရွက်ရန်အလုပ်ကိစ္စပဲဖြစ်ဖြစ် အကြွေးအမြောက်အမြားတင်" နေရင်တော့ "ကြွေးလည်ပင်းခိုက်"နေပြီလို့ တင်စားလေ့ရှိပါတယ်။

ဆက်လက်ပြီး ကိုယ်ခန္ဓာမှာ အလွန်အလုပ်များ တဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ "လက်" အကြောင်း ပြောပါမယ်။ အစစအရာရာ အားထားခိုင်းစေ၍ရသူ ကို "လက်ကသုံးတောင်ဝှေး"ဟု သုံးသလို၊ "အမြဲ စွဲပြီး အသုံးပြုသောအရာကို "လက်ကိုင်"၊ "တစ်စုံ တစ်ယောက်ရဲ့ကိုယ်ကျိုးအတွက် အသုံးချခံရသူ" ကို "လက်ကိုင်တုတ်"လို့ သုံးလေ့ရှိတာကို တွေ့နိုင် ပါတယ်။ "သူတစ်ပါး ပျက်စီးရာပျက်စီးကြောင်း လျှို့ဝှက်ကြံစည်တာ"ကို "လက်သီးပုန်းထိုးတယ်" လို့ ပြောတတ်သလို၊ "တစ်စုံတစ်ရာကို ပြုလုပ် ချင်စိတ်ပြင်းပြနေတာ" ကိုတော့ "လက်ယား" နေ တယ်လို့ သုံးလေ့ရှိပါတယ်။ "ဘယ်ကိစ္စမျိုးမဆို ကြိုတင်ညှိနှိုင်းသဘောတူပြီးသား" ဖြစ်နေရင် "လက်ဝါးချင်းရိုက်ထားတယ်"လို့ ပြောတတ်သလို၊ "မိမိနှင့်နီးစပ်သူကို အခွင့်အရေးအကျိုးအမြတ် ရအောင် တိတ်တဆိတ်ပြုလုပ်တာ" ကိုတော့ "လက်သိပ်ထိုး" တယ်လို့ သုံးလေ့ရှိပါတယ်။

"လက်ချောင်းလေး" တွေရဲ့ တင်စားမှုဥပစာ စကားတွေလည်းရှိပါသေးတယ်။ "တစ်ပါးသူတို့ ကဲ့ရဲ့ခြင်း အပြစ်တင်ခြင်းခံရ" သည်ကို "လက်ညှိုးထိုး" ခံရတယ်လို့ပြောတတ်သလို "မာန်ဝင့်ခြင်း၊ ဝင့်ဝါ ခြင်းဖြစ်တာကို "လက်မထောင်" တယ်လို့ သုံးလေ့ ရှိပါတယ်။ မျှော်လင့်ချက်ကင်းမဲ့လို့ စိတ်အား လျှော့တာကို "လက်မှိုင်ချတယ်" သုံးတတ်သလို၊ "ခိုးတတ်ဝှက်တတ်တာ" ကို ဥပစာစကားအနေနဲ့ "လက်ဆော့တယ်"လို့ သုံးလေ့ရှိပါတယ်။ လက်နဲ့ ပတ်သက်တဲ့ဥပစာတွေ အများကြီးရှိသေးပေမယ့် ကိုယ်ခန္ဓာအင်္ဂါအစိတ်အပိုင်းတွေထဲက နောက်ထပ် အလုပ်အများဆုံး အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ "ခြေထောက်"နဲ့ပတ်သက်တဲ့ ဥပစာစကားတွေဆီ ဆက်ပါဦးမယ်။

တစ်နေရာရာကို ကြိမ်ဖန်များစွာ သွားလာ ရနေမှုအား "ခြေတို" အောင်သွားရတယ်လို့ တင်စား ကာ အလုပ်ကိစ္စတစ်ခုခု အမြန်ဆုံးပြီးမြောက်အောင် အားထုတ်ဆောင်ရွက်တာကို "ခြေကုန်သုတ်" ရတယ်လို့သုံးလေ့ရှိပါတယ်။ ကိစ္စတစ်စုံတစ်ရာ အတွက် ရှုပ်ယှက်ခတ်အောင် လှုပ်ရှားသွားလာ ဆောင်ရွက်နေပုံကို "ခြေချင်းလိမ်" တယ်လို့သုံးလေ့ ရှိကြပါတယ်။ အကြံအစည်တစ်ခုခုအတွက် ဆောင်ရွက်လှုပ်ရှားမှုများနေတာကို "ခြေများ" တယ်လို့ တင်စားသုံးနှုန်းတတ်ပါတယ်။

"ကြံစည်လုပ်ကိုင်ပုံ"ကိုလည်း "ခြေလှမ်း" နဲ့တင်စားလေ့ရှိကြပါတယ်။ တစ်စုံတစ်ယောက်က တစ်စုံတစ်ခု ကြံစည်လုပ်ကိုင်တော့မည့်အနေအထား ကို "ခြေလှမ်းပြင်" နေပြီလို့သုံးပြီး ကြံစည်လုပ်ကိုင် ပုံကျယ်ပြန့်လာလျှင် "ခြေလှမ်းကျဲ" တယ်လို့သုံးကာ ကြံစည်လုပ်ကိုင်ပုံ လျင်မြန်လာလျှင်တော့"ခြေလှမ်း သွက်" နေတယ်လို့ ဥပစာပြုသုံးစွဲကြပါတယ်။

တစ်စုံတစ်ယောက်ရဲ့လုပ်ပုံကိုင်ပုံ "မူမမှန် တိမ်းချော်လာရင်"တော့ "ခြေလှမ်းပျက်"လာပြီ လို့သုံးပြီး လုံးဝပျက်စီးသွားပါက "ခြေလှမ်းမှား" သွားပြီလို့ တင်စားသုံးစွဲကြပါတယ်။ တစ်စုံတစ်ဦး မောက်မာဝင့်ကြွားကာ စိတ်ကြီးဝင်နေတဲ့အခြေ အနေကို "လူတကာ့ခြေနင်းဖတ်" ဖြစ်ရတယ်လို့ ဥပစာပြုပြောတတ်ကြပါတယ်။

ကိုယ်ခန္ဓာအစိတ်အပိုင်းတွေထဲက "ရင်ဘတ်" တို့ "ကျောပြင်" တို့နဲ့ သက်ဆိုင်တဲ့ဥပစာ စကားတွေ ကို တင်ပြပါဦးမယ်။ မိမိတို့ရဲ့ "သားသမီးရတနာ လေး" တွေကို "ရင်နှစ်သည်းချာ"လို့ တင်စားကြ သလို "အမြဲမပြတ်စောင့်ရှောက်ထိန်းသိမ်းရတဲ့ အဖြစ်" ကို "ရင်အုပ်မကွာ" စောင့်ရှောက်တယ်လို့ သုံးကြပါတယ်။ "စိုးရိမ်ကြောင့်ကြခြင်း" ကို "ရင်မ" နေရတယ် "ရင်ပူ" နေရတယ်လို့သုံးနှုန်းပြီး အလွန် အမင်းစိုးရိမ်ကြောင့်ကြ ပူပန်နေရတဲ့အဖြစ်ကို ရင်တမမနဲ့ဖြစ်နေတယ်လို့သုံးကာ စိုးရိမ်ခြင်း ပြေပျောက်ရတဲ့အဖြစ်ကို "ရင်ချောင်" သွားတယ် "ရင်အေး" သွားတယ်လို့ သုံးနှုန်းလေ့ရှိပါတယ်။

ဒါ့ပြင် "အသက်" ကဲ့သို့ အရေးပါအရာရောက်တဲ့ သက်ရှိသက်မဲ့တို့ကို "သူ့ရဲ့အသက်ကလေး၊ အသက် ဘူးကလေး"လို့ ခေါ်ဝေါ်ကြသလို၊ "အရေးပါ အရာရောက်တဲ့အရာကို "အသက်သွေးကြော"လို့ တင်စားပြန်ပါတယ်။ "လုပ်ငန်းတစ်စုံတစ်ရာ ရပ်တန့်မသွားဘဲ ဆက်လက်တည်တံ့စေရန် တစ်စုံ တစ်ရာက အထောက်အကူပြုပေး"တာကို "အသက် ဆက်"တယ်လို့ ပြောဆိုကြပြီး "အခက်အခဲ အကျပ် အတည်းက လွတ်မြောက်နိုင်တဲ့အခွင့်အရေး" ကို "အသက်ရှူပေါက်" လို့ တင်စားကြကာ၊ "စားဝတ် နေရေးစတဲ့ အခက်အခဲတစ်စုံတစ်ရာကို ကျော်လွှား နိုင်ပြီး စိတ်သက်သာရာနဲ့အနေအထားကို "အခုမှပဲ အသက်ရှူချောင်" သွားတော့တယ်လို့ ပြောဆိုတတ် ကြပါတယ်။

လုပ်ငန်းတစ်စုံတစ်ရာရဲ့ ရှင်သန်ရပ်တည်မှု ဖြစ်ထွန်းကြီးပွားမှု စတာတွေရပ်စဲပြီး ပျက်စီး လုဆဲဆဲဖြစ်နေရတဲ့အနေအထား" ကိုတော့ "အသက်ငင်" နေတယ်လို့သုံးကြတာ တွေ့ရပါတယ်။ လူရဲ့ "အရိပ်"ကိုတောင် "အားထားစရာ၊ ခိုလှုံစရာ" လို့တင်စားပြီး "မိဘအရိပ်အောက်မှာနေခဲ့စဉ်က အင်မတန်အေးချမ်းခဲ့တာ" လို့ သုံးနှုန်းလေ့ရှိကြပါ တယ်။ နောက်ဆုံး လူ့တစ်ကိုယ်လုံးရဲ့ အခြေခံ ဖြစ်တဲ့ "အရိုး" ကိုအစွဲပြုပြီး သုံးထားတဲ့ဥပစာ အသုံးလေးနဲ့ နိဂုံးချုပ်ပါမယ်။ လောကဓမ္မတာ အိမ်ထောင်တစ်ခုရယ်လို့ တည်ထောင်ကြပြီဆိုရင် ဇနီး၊ ခင်ပွန်းတို့ဟာ သေတပန်သက်တစ်ဆုံး ပေါင်းသင်းကြရဖို့ကို "ရိုးမြေကျ၊ သက်ဆုံးတိုင် ပေါင်းဖက်ကြရပါစေ" ဆိုတဲ့စကား လူကြီးသူများက ဆုပေးလေ့ရှိကြတာကို တွေ့မြင်နိုင်ပါတယ်။

ယခုတင်ပြခဲ့တဲ့ "လူ့တစ်ကိုယ်လုံး ဥပစာအသုံး များ" ဟာ မကုန်သေးပါဘူး။ အင်မတန်ကျယ်ပြန့်တဲ့ မြန်မာဘာသာစကားနယ်ပယ်မှာ အသစ်အသစ် သော ဥပစာအသုံးများဟာ ပေါ်ပေါက်နေဦးမှာ ဖြစ်သလို နေ့စဉ်သုံးစကားတွေထဲက အခန်းကဏ္ဍ လေးတစ်ခုကို ခြုံငုံမိအောင် အကျဉ်းမျှတင်ပြလိုက် ရခြင်းသာဖြစ်ပါတယ်။ ။

# ရွှေစက်တော်ဘုရားပွဲရာသီတွင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များ မင်းဘူးမြို့နှင့်ဆက်စပ်ဒေသများသို့ လာရောက်သူများပြားနိုင်

မင်းဘူး ဇန်နဝါရီ ၅

ယခုနှစ် ရွှေစက်တော်ဘုရားပွဲရာသီတွင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များအနေဖြင့် မင်းဘူးမြို့နှင့်ဆက်စပ်နေသည့် အထင်ကရနေရာများသို့ လာရောက်လေ့လာလည်ပတ်သူများပြားနိုင်ကြောင်း ရွှေစက်တော်ဘုရားပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

"မန်းရွှေစက်တော်ဘုရားပွဲကို နွေရာသီရုံးပိတ်ရက်တွေမှာဆို ကျွန်တော်တို့အောက်ပြည်အောက်ရွာကနေ အတော်လေးသွားကြတာများပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ ခြေတော်ရာအစစ်ဖြစ်နေတော့ ပိုပြီးစိတ်ဝင်စားမှုများတယ်လို့ ထင်ပါတယ်။ ရွှေစက်တော်ဘုရားပွဲက မကွေးမြသလွန်ဘုရား၊ စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်၊ မန်းရွှေစက်တော်ပါဒစေတီတော်၊ စကုမြို့မှ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများနှင့် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားများနှင့် ခရီးစဉ်က တစ်ဆက်တစ်စပ်တည်း



ဖြစ်နေတော့ ခရီးသွားဧည့်သည်တွေအတွက်လည်း စိတ်ဝင်စားမှုရှိပြီး အသွားများကြတာပါ" ဟု ရွှေတောင်မြို့မှခရီးသွားတစ်ဦးက ပြောသည်။

မန်းရွှေစက်တော်ဘုရားပွဲကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူကာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်၊ ၁၃၈၆ ခုနှစ် တပို့တွဲလဆန်းငါးရက်မှ မြန်မာနှစ်ဆန်းတစ်ရက်အထိ ၇၅ ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာခရီးသွားပြည်သူများ အဆင်ပြေပြေဖူးမြော်နိုင်ရန် တည်းကျောင်းပေါင်း ၆၀၀ ကျော်၊ ဈေးဆိုင်ခန်းပေါင်း ၈၀၀ ကျော် ဆောက်လုပ်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ရွှေစက်တော်ဘုရားပွဲတော်ရာသီမှာ ရာသီဥတုကလည်းသာယာ လမ်းခရီးကလည်းကောင်းမွန်ပြီး ခရီးစဉ်က တစ်ဆက်တစ်စပ်တည်းဖြစ်နေတာမို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ အပန်းဖြေလေ့လာခရီးထွက်လိုသူများ စိတ်ချမ်းမြေ့စရာကောင်းလှသော ခရီးစဉ်ဒေသတစ်ခု ဖြစ်ပါတယ်"ဟု ရွှေစက်တော်ဂေါပကဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

ဇေယျာနိုင်(ရွှေကန်မြေ)




# တာမွေမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပ

တာမွေ ဇန်နဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အမှတ်(၂၆)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိ ကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ တာမွေမြို့နယ်ရှိ အမှတ်(၂၆)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းအား အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် သီဆို၍လည်းကောင်း၊ မြတ်ဆရာသီချင်းအား သီဆို၍လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်နှင့် တာမွေမြို့နယ်ရှိ အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ငြိမ်းငြိမ်းတို့က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း ထူးချွန်ဆုရရှိခဲ့ကြသော ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာမွေမြို့နယ်ရှိ အမှတ်(၂၆)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြပြီး တာမွေမြို့နယ်ရှိ အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်းနှင့် အခမ်းအနားသို့ တာမွေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများ၊ အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လှည်းကူးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုချီးမြှင့်ခြင်း၊ ပညာရေးစုံညီပွဲတော်အခမ်းအနားနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

လှည်းကူး ဇန်နဝါရီ ၅

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ယမန်နေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကြို့ကုန်းရှိ ပညာရတနာကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာရေးစုံညီပွဲတော်အခမ်းအနား ကျင်းပသည်။



ဦးစွာ ပညာရတနာကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ခရိုင်ပညာရေးမှူး ဒေါ်မြတ်မြတ်ထွေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင်(၂) ဦးခင်ဇော်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲနှင့် ပညာရေးစုံညီပွဲတော် အခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကြို့ကုန်း၌ ဆက်လက်ကျင်းပရာ ခရိုင်ပညာရေးမှူး ဒေါ်မြတ်မြတ်ထွေး၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင်(၂)ဦးခင်ဇော်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်တင်တို့က အဖွင့်အမှာစကားပြောကြားပြီး ဘက်စုံထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် ပညာရေးစုံညီပွဲတော် ပျော်ပွဲရွှင်ပွဲများအား ဆက်လက် ကျင်းပလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဇေယျာသီရိမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရပ်ကွက်/ ကျေးရွာများသို့ သွားရောက်၍ လိုက်လံစစ်ဆေး

ဇေယျာသီရိ ဇန်နဝါရီ ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ရပ်ကွက်/ ကျေးရွာများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုက်လံစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကျည်တောင်ကျေးရွာအုပ်စု သာယာဝှမ်းသို့ သွားရောက်၍ ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသူနှင့်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သာယာဝှမ်းကျေးရွာအတွင်းရှိ လူနေအိမ် ၄၂၀ တို့အား မီးဘေးကြိုတင်ကွယ်ရေးစစ်ဆေးအကြံပေးခြင်း၊ အရေးပေါ်မီးသတ်တယ်လီဖုန်းနံပါတ်များဖြန့်ဝေပေးခြင်း၊ မီးဖိုအသုံးပြုသည့်နေအိမ်များနှင့် အခြားမီးသုံးစွဲသည့်နေအိမ်များအား မီးများစနစ်တကျသုံးစွဲရန်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်ချက်များအား လိုက်လံစစ်ဆေး၍




မီးမလောင်ခင်ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မီးလောင်လျှင်ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် မီးလောင်ပြီးဆောင်ရွက်ရမည့် နည်းလမ်းများကို ကျေးရွာအတွင်း လှည့်လည်အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)



ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၌ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် အပြေးမီတာ ၅၀၊ မုန့်စားပြိုင်ပွဲ၊ ပူစီဖောင်းနင်းပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ အပ်နဖားထိုးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများပါဝင်ပြီး မြို့နယ်အတွင်းရှိအခြေခံကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကစားခဲ့စဉ်။

မြို့နယ်(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်နေသည့် ဉာဏ်ရည်တုနည်းပညာ

**စိုးသူရ**

ယနေ့ကမ္ဘာတွင် ဉာဏ်ရည်တုနည်းပညာဆိုင်ရာလုပ်ငန်းများ ခေတ်စားလာသည်ကို တွေ့ရှိရသည်။ စားသောက်ကုန်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုမှုများပြားလာသည်။

တရုတ်နိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို အောက်ပါအတိုင်း တွေ့ရှိရသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ၂၀၂၄ ခုနှစ် ဩဂုတ် ၂၁ ရက်မှ ၂၅ ရက်အတွင်း ကျင်းပသည့် ကမ္ဘာ့စက်ရုပ်ညီလာခံတွင် ဉာဏ်ရည်တုနည်းပညာသုံးစက်ရုပ်များကို သရုပ်ပြသခဲ့သည်။ ပြပွဲတွင် ပြသထားသည့်စက်ရုပ်များ၏ အရေပြားမှာ လူသား၏အရေပြားကဲ့သို့ တည်ဆောက်ထားပြီး လူသားများ၏ ခန္ဓာကိုယ်လှုပ်ရှားမှုနှင့် စိတ်ခံစားမှုများကို ပုံစံတူဆောင်ရွက်နိုင်သည်။



ငင်းညီလာခံတွင် တရုတ်နိုင်ငံ ဇီကျန်းစက်ရုပ်ထုတ်လုပ်ရေးစင်တာမှ ထုတ်လုပ်သည့် NAVIAI အမည်ရှိ ဉာဏ်ရည်တုနည်းပညာသုံးစက်ရုပ်သည် ကော်ဖီဖျော်ခြင်း၊ မိန့်ခွန်းပြောခြင်းနှင့် စစ်တုရင်ကစားခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း သရုပ်ပြသခဲ့သည်။

ယင်းညီလာခံတွင်ပြသသည့် အခြားစက်ရုပ်အမျိုးအစားဖြစ်သည့် ဉာဏ်ရည်တုနည်းပညာသုံး UniX AI အမည်ရှိစက်ရုပ်သည် အဝတ်လျှော်ခြင်း၊ အဝတ်ခေါက်ခြင်းနှင့် နံနက်စာပြင်ဆင်ခြင်းတို့ကို လူသားများကဲ့သို့ ဆောင်ရွက်နိုင်သည်။

ပေကျင်းရှိ ဉာဏ်ရည်တုနည်းပညာလုပ်ငန်းတစ်ခုဖြစ်သည့် Galaxy Bot မှ ထုတ်လုပ်သည့် စက်ရုပ်မှာလည်း ဆေးဆိုင်၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းနှင့် ကားစက်ရုံများတွင် လုပ်သားများအဖြစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း သိရသည်။

ဉာဏ်ရည်တုနည်းပညာသုံး စက်ရုပ်များသည် လာမည့်သုံးနှစ်မှ ငါးနှစ်အတွင်း လုပ်ငန်းနယ်ပယ်အသီးသီးသို့ တဖြည်းဖြည်း ဝင်ရောက်လာမည်ဖြစ်ပြီး လာမည့်ငါးနှစ်မှ ၁၀ နှစ်အတွင်း အိမ်ထောင်စုများတွင် လူသားတစ်ဦးကဲ့သို့ အိမ်မှုကိစ္စများကို ဆောင်ရွက်နိုင်မည်ဟု ပြပွဲတက်ရောက်သူ iFlytek လုပ်ငန်းမှ တာဝန်ရှိသူ Liu က ပြောကြားသည်။ သို့ရာတွင် စက်ရုပ်များ၏ လမ်းလျှောက်ခြင်းနှင့် အပြန်အလှန် တုံ့ပြန်မှုစွမ်းရည်မြှင့်တင်ခြင်းတို့တွင် လိုအပ်ချက်များ ပိုမိုများပြားလာမည်ဟုလည်း ငင်းက ပြောကြားသည်။

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် မြို့တော် ချန်ဒူး၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ကျင်းပသည့် နည်းပညာဆိုင်ရာပြပွဲတွင် ဉာဏ်ရည်တုနည်းပညာသုံးစက်ရုပ်များကို ပြသခဲ့သည်။ ငင်းစက်ရုပ်များသည် တရုတ်နိုင်ငံ ချန်ဒူးမြို့၌ ၂၀၂၅ ခုနှစ် ဩဂုတ်လတွင် ကျင်းပမည့် World Games 2025 အတွက် ဝန်ဆောင်မှုပေးမည်ဟု သိရသည်။ ငင်းစက်ရုပ်များသည် ပြိုင်ပွဲတွင် မီးရှူးတိုင်ထွန်းညှိခြင်း၊ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ ပရိသတ်များအား ဧည့်ခံခြင်းနှင့် လက်လီရောင်းချသည့်ဆိုင်များတွင် ဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

တရုတ်နိုင်ငံရှိ ဉာဏ်ရည်တုနည်းပညာထုတ်ကုန် အသုံးပြုသူအရေအတွက်သည် ၂၀၂၄ ခုနှစ် ဇွန်လတွင် သန်း ၂၃၀ သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်နေပြီး ပင်မကဏ္ဍ၏ တန်ဖိုးသည် ယွမ် ဘီလီယံ ၆၀၀ နီးပါးဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

တရုတ်နိုင်ငံသည် ထွန်းသစ်စနည်းပညာခေတ်အတွက် ကြိုတင်ပြင်ဆင်နိုင်ရန် မျိုးဆက်သစ်လူငယ်များအတွက် ဉာဏ်ရည်တုနည်းပညာ ပညာရပ်ကို မြှင့်တင်သွားမည်ဟု တရုတ်နိုင်ငံ ပညာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

တရုတ်နိုင်ငံမှ ကျောင်းသားများကို ငင်းတို့၏ မူလတန်းကျောင်းပညာသင်နှစ်များတွင် ဉာဏ်ရည်တုနည်းပညာများနှင့် လက်တွေ့အတွေ့အကြုံများရရှိရန် မျှော်လင့်ထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် တရုတ်နိုင်ငံသည် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပညာရေးအတွက် စူးစမ်းလေ့လာရန် ရှေ့ပြေးအခြေခံအဖြစ် စာသင်ကျောင်းပေါင်း ၁၈၄ ကျောင်းကို ရွေးချယ်ခဲ့ပြီး ထပ်မံ၍လည်း ဉာဏ်ရည်တုနည်းပညာဆိုင်ရာ လေ့လာရေးလုပ်ငန်းများ ဆောင်ရွက်မည်ဟု သိရသည်။

ဉာဏ်ရည်တုနည်းပညာသည် အနာဂတ်ပညာရေးကဏ္ဍအတွက် ရွှေရောင်အခွင့်အလမ်းတစ်ရပ်ဖြစ်လာသည်ဟု ပညာရေးဝန်ကြီး Huai Jinpeng က ပြောကြားသည်။ မကြာသေးမီကလည်း တရုတ်နိုင်ငံ၏ ရှန်ကျိူ့-၁၉ အာကာသယာဉ်တွင် ဉာဏ်ရည်တုနည်းပညာသုံးစက်ရုပ်ကို အာကာသအတွင်း တာဝန်ထမ်းဆောင်စေရေးအတွက် ထုတ်လုပ်နေကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာသည် နောင်လာမည့် အနာဂတ်ကာလတွင် ကမ္ဘာပေါ်၌ အောင်မြင်စွာ တည်ရှိနေမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**ကိုးကား-ဆင်ဟွာ**

## ပုဗ္ဗသီရိမြို့နယ် ရွာတော်(မ)ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရွာတော်ကျေးရွာအုပ်စု ရွာတော်(မ)ကျေးရွာ၌ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီမှတာဝန်ရှိသူများက ကျေးရွာ ကော်မတီဝင်များနှင့်အတူ ရွာတော်(မ)ကျေးရွာ၌ နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ရွာတော်(မ) ကျေးရွာ ကျေးလက်ရေရရှိရေး အကျယ် လေးလက်မ၊ အနက်ပေ ၇၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်း၊ ရေစက်ရုံ တည်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေ ကျပ် ၄၇ ဒသမ ၉၅၆ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများစုဖွဲ့ကာ အောက်တိုဘာလ ပထမအပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကျေးရွာ ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၄၀၅ အိမ်၊ လူဦးရေ ၁၆၄၇ ဦးတို့ အတွက် ရာသီမရွေးသောက်သုံးရေ အခက်အခဲများ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သူသူ**

## ကျောင်းကုန်းမြို့၌ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**ကျောင်းကုန်း ဇန်နဝါရီ ၅**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်ပညာရေးမှူးရုံးရှိ မြတ်ပညာခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားကို အထက(ခွဲ)အောက်ပိုင်း ကျောင်းသား ကျောင်းသူများက "ဘက်စုံပညာကိုရည် တို့လှမ်းချီ" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့ နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်မြင့်က ထပ်ဆင့်ဂုဏ်ပြုစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ချီးမြှင့်သည့် တိုင်းဒေသကြီးအဆင့်(အထူးဆု)အဖြစ် "စဉ်ဆက်မပြတ်သန့်ရှင်း၍စိမ်းလန်းစိုပြည်သော ကျောင်းဆု" ရရှိသည့် အမက ဒေါင့်ကွေး ကျောင်းအုပ်ဆရာကြီး ဦးထွန်းနိုင်လင်းအား ဆုချီးမြှင့်ခဲ့သည်။

ထို့နောက် ဆုရရှိကြသူများအား ဆုများချီးမြှင့်ပြီး ကျောင်းသားကျောင်းသူများက "မြင့်မြတ်နှလုံးသားပိုင်ရှင်"၊ "ရတနာပုံ"၊ "ထာဝရမြန်မာ" စသည့်သီချင်းများဖြင့် ကပြဖျော်ဖြေခဲ့သည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



## တာချီလိတ်မြို့နယ်၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**တာချီလိတ် ဇန်နဝါရီ ၅**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက် ၉ နာရီက မကာဟိုခမ်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(တာချီလိတ်) ခန်းမဆောင်၌ ကျင်းပရာ စစ်ဗျူဟာ(အခြေချ) တာချီလိတ်မှ စစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စန်းကြည်ဝင်းက စုံညီပွဲတော် ကျင်းပရခြင်းအကြောင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးကျောင်းများ၊ နေ့ကြီးရက်ကြီးအထိမ်းအမှတ် ကဗျာ၊ စာစီစာကုံး၊ ပန်းချီနှင့် ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ဆုရရှိသူများ၊ အင်္ဂလိပ်စာ၊ သင်္ချာထူးချွန်ဆုနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း (တာချီလိတ်)**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ်ကို ကျေညက်ပိုင်နိုင်စွာ ဖြေဆိုနိုင်ရန် အတွက် အင်္ဂလိပ်စာမေးခွန်းပုံစံ နံပါတ်တစ်ခုချင်းစီအလိုက် မေးခွန်းများနှင့် ဖြေဆိုနည်းများကို ထည့်သွင်းဖော်ပြလိုက်ပါသည်။

(ယခင်တစ်ပတ်တွင် Q No. II ရဲ့ Unit 2 KEY TO HAPPINESS အထိ ဖော်ပြခဲ့ပါတယ်။)

**Unit 3 DIET AND NUTRITION**

(1) It is easy for everyone to understand the ________between a poetry and a prose.
**A. deviation B. difference C. exception**

(2) Drinking milk is a ________way to strengthen bones and get calcium and vitamin.
**A. nutrition B. nutritionist C. nutritious**

(3) Foods ________ in some way are not healthy foods.
**A. processed B. produced C. manufactured**

(4) A ________ proportion of the ingredients can make a Myanmar snack delicious.
**A. balanced B. symmetric C. even**

(5) Honey has ________ properties and can soothe a sore throat.
**A. medical B. medicinal C. medicine**

(6) A habit of eating whole foods can ________us from diseases, like cancer.
**A. protect B. prevent C. prohibit**

(7) Some illnesses, like flu are ________, that is, they can spread from one to another.
**A. infectious B. infect C. infection**

(8) People want to ________ an excellent choice in life.
**A. do B. take C. make**

(9) One of the teacher's ________is to read for 20 minutes to improve vocabulary.
**A. recommend B. recommendations C. recommendation**

(10) The dog ________ tail is wagging is very friendly.
**A. who B. which C. whose**

**Unit 4 EMOTIONAL WELL-BEING**

(1) A football match ________ of eleven members each.
**A. contains B. involves C. consists**

(2) People may feel stress ________ by overwork.
**A. induced B. induce C. inducement**

(3) Praising children for their success is the main ________ for studying.
**A. compulsion B. motivation C. prompting**

(4) ________ is in the eyes of beholder.
**A. Beauty B. Beatify C. Beautician**

(5) Whatever you do, we must stay ________.
**A. peaceful B. intentional C. connected**

(6) Teachers should encourage every student to ________ to the lecture.
**A. contributor B. contribute C. contribution**

(7) Some students are absent ________ school these days because of flu.
**A. to B. from C. at**

(8) We ________ to hear the news of her sudden resignation.
**A. surprised B. were surprising C. were surprised**

(9) Diabetes and hypertension are ________ diseases.
**A. chronic B. prolonged C. elongated**

(10) Everybody hates to experience something ________.
**A. unfairness B. unfairly C. unfair**

**Unit 5 COLOURS**

(1) The teacher makes a ________ to the headmaster about the teaching aids.
**A. representation B. representative C. represent**

(2) ________ you study hard, you will fail the examination.
**A. Although B. Unless C. If**

(3) One's clothes and hair style are a ________ of one's personality.
**A. reflect B. reflection C. reflected**

(4) Assistant engineers are making a project under the ________ of chief engineer.
**A. authority B. power C. rights**

(5) Someone can ________ the privacy of girls in social media.
**A. violator B. violation C. violate**

(6) You can draw out money saved in a bank with your ________.
**A. uniqueness B. individuality C. identity**

(7) Robots are used to ________ a leakage of toxic gas.
**A. senses B. sense C. sensible**

(8) Any criminal must be caught ________.
**A. red - handed B. green - handed C. blue - handed**

(9) The lift broke down and we were ________ inside.
**A. ambushed B. caught C. trapped**

(10) If you have ________, you can make any plant grow healthy and strong.
**A. green horn B. green fingers C. green light**

**Unit 6 ARTIFICIAL INTELLIGENCE**

(1) This company was given an ________ of MMK ten million for a project.
**A. advances B. advance C. advancement**

(2) The play of water peddler is to be ________ at the School Family Day Celebrations.
**A. performed B. made C. done**

(3) Everybody must overcome life how ________ it is.
**A. harden B. hard C. hardening**

(4) While typing a text, everyone can ________ spelling mistakes.
**A. make B. do C. perform**

(5) Eda Interior Architecture Landscape is one of the ________ design companies in Myanmar.
**A. innovate B. innovation C. innovative**

(6) Today, ________ cameras are widely used to shoot photos and movies.
**A. analogue B. numerical C. digital**

(7) Irrelevant articles were cut from the Beauty magazine during ________.
**A. editor B. editing C. edition**

(8) We can ________ various applications by using Google play store.
**A. install B. fix C. connect**

(9) ________ countries have higher standards of living and a wide variety of facilities.
**A. Industrialized B. Industrial C. Industrializing**

(10) Using ________ like tablets can help one learn new things and play educational games.
**A. devices B. tools C. gadgets**

**Unit 7 POLLUTION: A HAZARD TO OUR ENVIRONMENT**

(1) No one must ________ the rubbish into water.
**A. throw B. dump C. toss**

(2) Natural disasters such as volcanic eruption and earthquake are very ________.
**A. destruction B. destructive C. destroy**

(3) If you ________ blue with yellow, you get green.
**A. mix B. add C. fill**

(4) Fuel burning makes the air ________.
**A. pollutant B. pollution C. polluted**

(5) Many people around you may create the ________ of competition for you.
**A. atmosphere B. vicinity C. surrounding**

(6) Don't ________ a word of this matter that you don't really know.
**A. breath B. breathing C. breathe**

(7) When atmospheric pressure is high, there is always a lot of ________.
**A. voice B. noise C. sound**

(8) The ministry provides free ________ for its staff to and from work.
**A. transport B. transportable C. transportation**

(9) Fixing speedometres on highway roads can ________ us from a serious accident.
**A. protect B. prevent C. defend**

(10) The cyclonic storm Mocha battered the coast severely. ________, it left many living things dead and a lot of properties damaged.
**A. As a result of B. Because of C. As a result**

**Unit 8 RENEWABLE ENERGY**

(1) An earthquake or a flood is ________ disaster.
**A. an artificial B. a man - made C. a natural**

(2) You can have fried rice as your breakfast or ________ have vermicelli.
**A. alternatively B. alternate C. alternative**

(3) An essay contains three parts including the ________.
**A. end B. conclusion C. finishing**

(4) Every license has its permitted age so it must be ________ before expiry date.
**A. renewable B. renew C. renewal**

(5) Jackfruit is ________ a sweet smell.
**A. emitting B. releasing C. emerging**

(6) U Ponnya was a famous ________ dramatist in Myanmar.
**A. create B. creative C. creativity**

(7) Grandpa gets older but he is still much in ________ of the whole family.
**A. management B. authority C. control**

(8) Biking to Popa was wonderful but an ------- trip.
**A. exhausts B. exhausting C. exhausted**

(9) To keep save resources, everybody tries to reduce energy ________.
**A. consumption B. conservation C. production**

(10) Flood victims are in ________ of shelters and foods.
**A. needful B. needy C. need**

**Unit 9 HELEN KELLER**

(1) Some people resigned in ________ circumstances.
**A. mysterious B. mystery C. mysteriously**

(2) U Maung heard someone ________ for his name.
**A. shouting B. screaming C. yelling**

(3) Our teacher's manner today is so ________ to us.
**A. stranger B. strange C. strangely**

(4) An online shopper was calling her customers several times but she couldn't ________ them.
**A. contact B. speak C. tell**

(5) We have to take time to clean up the ________ room on weekends.
**A. confused B. complex C. messy**

(6) Please don't ________ your application for the job and put it in a file bag.
**A. fold B. tear C. throw**

(7) Parents ________ to hear their child fail the exam.
**A. hurt B. hurtful C. are hurt**

(8) ________, clothes, and shelter are the most basic needs of human.
**A. Water B. Food C. Sleep**

(9) Students are excited ________ the excursion to Bagan by train.
**A. about B. with C. for**

(10) As ________, Daw Thuzar makes up strange and impossible stories.
**A. if B. a result C. before**

စာမျက်နှာ ၂၁ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

**Unit 10 WHY IMPROVE COMMUNICATION SKILLS?**

(1) Warnings about natural disasters are officially ________ by media.
**A. conveyor B. conveyed C. conveyance**

(2) Jue wrote a novel with the title, 'A woman's ________'.
**A. speaking B. utterance C. talk**

(3) School bus drivers must be careful of ______ stops not to forget to pick up students.
**A. frequency B. frequently C. frequent**

(4) A person who has worked abroad has to ________ with his family using video call over the internet.
**A. interact B. interpret C. translate**

(5) I want to know what had happened in ________ detail.
**A. accurate B. exact C. precise**

(6) Contextual clues can help you in ________ when you can't guess the meaning of a word in a sentence.
**A. translation B. translating C. translator**

(7) Five days passed and they didn't turn out as I ________.
**A. ambitioned B. aimed C. intended**

(8) Language difficulties make ________ very inconvenient.
**A. communicate B. communication C. communicative**

(9) Students have to make their essay ________ to the title given.
**A. relevant B. relevancy C. relevance**

(10) ________ cleanliness is very important to stay healthy.
**A. Personally B. Personal C. Personality**

**Unit 11 A DAY'S WAIT**

(1) A man infected with malaria is lying in a bed with the ________.
**A. shiver B. tremble C. shaking**

(2) The jacket has a ________ lining.
**A. detach B. detachable C. detachment**

(3) Searching for a friend among the passers – by made my head ________ seriously.
**A. aches B. ache C. aching**

(4) The bride in the white wedding ________ was all smiles.
**A. dress B. attire C. clothes**

(5) Moe Moe applied for the position of ________ at a university in her native.
**A. instruction B. instructing C. instructor**

(6) Three different medicines are ________ to the patient suffering from flu.
**A. prescribed B. described C. expressed**

(7) We need to give our furniture a coat of ________.
**A. vanish B. varnish C. vanishing**

(8) In a private school, ________ your books around the study room is not allowed.
**A. scatter B. scattering C. scattered**

(9) The corrupt officer lost his ________ before the courts of inquiry.
**A. poise B. balance C. posture**

(10) The engineer and his company looked very ________ after a heavy project.
**A. relaxation B. relax C. relaxed**

**Unit 12 INTERCULTURAL COMMUNICATION**

(1) The culture, language, lifestyle, and belief etc. in ASEAN are very ______.
**A. various B. diverse C. different**

(2) We know the contractor through work, but not ______.
**A. social B. socialize C. socially**

(3) Please ______ the invitation cards to your relatives.
**A. deliver B. present C. provide**

(4) I saw a lot of ______ eyebrows when the manager came in.
**A. raise B. raising C. raised**

(5) Everybody hates dealing ______ inhuman company.
**A. with B. of C. among**

(6) A good leader must be a ______ person.
**A. tolerant B. tolerate C. tolerance**

(7) Mother never ______ a lie.
**A. says B. tells C. talks**

(8) Impolite behaviours of some youths made older people very ______.
**A. offend B. offender C. offensive**

(9) The moon is ______ thought of as a romantic place.
**A. initially B. initial C. initials**

(10) You can take a ______ leave if you catch a cold.
**A. formal B. usual C. casual**

********************

Answers

Question II

Unit 1 GOOD MANNERS 1. (A) Celebrities 2. (C) responsible 3. (B) cultural 4. (C) gentle 5. (A) charities 6. (B) respectable 7. (A) conscientiously 8. (C) specific 9. (C) imitating 10. (A) toleration

Unit 2 KEY TO HAPPINESS 1. (C) suggestion 2. (A) about 3. (B) be accomplished 4. (A) enjoyment 5. (B) attention 6. (C) downhearted 7. (B) whose 8. (B) connection 9. (A) incident 10. (B) content

Unit 3 DIET AND NUTRITION 1. (B) difference 2. (C) nutritious 3. (A) processed 4. (A) balanced 5. (B) medicinal 6. (B) prevent 7. (A) infectious 8. (C) make 9. (B) recommendations 10. (C) whose

Unit 4 EMOTIONAL WELL–BEING 1. (C) consists 2. (A) induced 3. (B) motivation 4. (A) Beauty 5. (C) connected 6. (B) contribute 7. (B) from 8. (C) were surprised 9. (A) chronic 10. (C) unfair

Unit 5 COLOURS 1. (A) representation 2. (B) Unless 3. (B) reflection 4. (A) authority 5. (C) violate 6. (C) identity 7. (B) sense 8. (A) red–handed 9. (C) trapped 10. (B) green fingers

Unit 6 ARTIFICIAL INTELLIGENCE 1. (B) advance 2. (A) performed 3. (B) hard 4. (A) make 5. (C) innovative 6. (C) digital 7. (B) editing 8. (A) install 9. (A) Industrialized 10. (C) gadgets

Unit 7 POLLUTION: A HAZARD TO OUR ENVIRONMENT 1. (B) dump 2. (B) destructive 3. (A) mix 4. (C) polluted 5. (A) atmosphere 6. (A) breath 7. (B) noise 8. (A) transport 9. (B) prevent 10. (C) As a result

Unit 8 RENEWABLE ENERGY 1. (C) a natural 2. (A) alternatively 3. (B) conclusion 4. (A) renewable 5. (A) emitting 6. (B) creative 7. (C) control 8. (B) exhausting 9. (A) consumption 10. (C) need

Unit 9 HELEN KELLER 1. (A) mysterious 2. (B) screaming 3. (B) strange 4. (A) contact 5. (C) messy 6. (A) fold 7. (C) are hurt 8. (B) Food 9. (A) about 10. (C) before

Unit 10 WHY IMPROVE COMMUNICATION SKILLS? 1. (B) conveyed 2. (B) utterance 3. (C) frequent 4. (A) interact 5. (C) precise 6. (A) translation 7. (C) intended 8. (B) communication 9. (A) relevant 10. (B) Personal

Unit 11 A DAY'S WAIT 1. (A) shiver 2. (B) detachable 3. (B) ache 4. (A) dress 5. (C) instructor 6. (A) prescribed 7. (B) varnish 8. (B) scattering 9. (A) poise 10. (C) relaxed

Unit 12 INTERCULTURAL COMMUNICATION 1. (A) various 2. (C) socially 3. (B) present 4. (C) raised 5. (A) with 6. (B) tolerate 7. (B) tells 8. (C) offensive 9. (A) initially 10. (A) formal

**********************

## Question III ဖြေဆိုနည်းပုံစံ

မေးခွန်း No. III က Grammar instructions မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းကို ကောင်းမွန်စွာ ဖြေဆိုနိုင်ဖို့အတွက် Grade 10, 11, 12 မှာပြဋ္ဌာန်းထားတဲ့ Grammar ခေါင်းစဉ်တွေကို တစ်ခုချင်း ကျေညက်ပိုင်နိုင်စွာ သိရှိနားလည်ထားဖို့ လိုအပ်ပါတယ်။ အခု Grade 12 ပြဋ္ဌာန်းစာအုပ်မှာ ဖော်ပြထားတဲ့ Grammar patterns တွေကို ခေါင်းစဉ်အလိုက် ဖော်ပြလိုက်ပါတယ်။

Grammar

**Modal auxiliaries: can, should, must**

**(A) Fill each blank with an appropriate modal verb: must, can, have to, mustn't, don't have to or should.**

1. We __________ listen carefully when someone is giving instructions.
2. I __________ wake up early tomorrow because I have an important meeting.
3. Tourists __________ enter restricted areas, as doing so could disturb wildlife or damage sensitive ecosystems.
4. You __________ use a dictionary if you don't know the meaning of a word.
5. Students _________ complete their assignments by the deadline.
6. To maintain credibility in your field, you __________ stay updated on the latest developments and research.
7. You __________ bring your laptop; there will be computers available in the lab.

**Relative clauses**

**(A) Join the sentences, using an appropriate relative pronoun or relative adverb.**

1. I met the woman. She wrote the famous novel.
2. My father is an architect. He designed this building.
3. The Eiffel Tower is a popular tourist attraction. It was built in 1889.
4. I know a girl. She speaks five languages fluently.
5. She visited the city. Her parents were born there.
6. I remember the day. I met her on that day.
7. The car belongs to Mr. Smith. Its engine makes a strange noise.
8. He showed me the painting. He bought it last year.
9. The student is very hardworking. His project was selected for the competition.
10. My brother won a scholarship. He has always been an excellent student.
11. He told me the reason. He was late because of it.
12. The man called the police. His wallet was stolen.
13. Do you remember the year? We first met in that year.

**Participle phrases**

**(A) Rewrite the sentence using ' participle phrase'.**

1. The dog barked loudly. It was running toward the gate.
2. They watched the sunset. They felt peaceful and calm.
3. The cake was freshly baked. It smelled delicious.
4. The woman shouted loudly. She was waving her hands.
5. The students were excited about the trip. They started packing their bags.

**"It is / was … who / that …"**

**(A) Join the sentences, using "It is / was … who / that …".**

1. The dog saved the child from drowning.
2. U Myo explained how to drive a car.
3. The artist painted this stunning portrait.
4. I forgot to bring the documents to the meeting.
5. The singer performed a beautiful song.

**"Not only … but also"**

**(A) Join the sentences, using "Not only … but also".**

1. He studied for hours. He passed the exam.
2. The hotel offers free breakfast. It also provides a swimming pool.
3. She likes playing tennis. She enjoys watching movies.
4. They enjoyed the concert. They took great photos.
5. He is an excellent cook. He is also a great baker.
6. The company has launched a new product. It has also expanded to international markets.
7. She has a talent for painting. She also has a passion for photography.

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉–၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# တိတိကျကျ စိုက်ပျိုးသည့်ခေတ်

နီဇော်သစ်

ဂျွန်ဒီးယားသည် အီလီနွိုက်ပြည်နယ် ဂရန်းဒီတိုး၌ အလုပ်လုပ်နေသည့် ပန်းပဲဆရာတစ်ယောက်။ ထိုဒေသမှာ ပရေရီမြက်ခင်းကြီးများရှိသည့် ကျေးလက်ဒေသ၊ အနက်ရောင် မြေစေးများနှင့် ကျယ်ပြန့်သော မြေရေယာကြီးများ ရှိရာဒေသ။ ကမ္ဘာ့ အကောင်းဆုံး သီးနှံများ ဖြစ်ထွန်းသည့်မြေဖြစ်ဖို့ အလားအလာရှိသည်။ ကောက်ပဲသီးနှံတို့အတွက် အလွန်ကောင်းသည့်မြေ။ သို့သော် ထွန်ယက်ဖို့ ခက်သည်။

အပ်ချုပ်ဆရာတစ်ယောက်၏ သားဖြစ်သူ ဒီးယားသည် ငယ်စဉ်က အဖေ့အလုပ်ထဲ၌ အပ်များကို သဲဖြင့်ပွတ်ပြီး ထက်အောင် အကြိမ်ကြိမ် လုပ်ခဲ့ရသည်။ ပန်းပဲဆရာဖြစ်လာချိန်တွင်ပရေရီဒေသ၏ မြေစေးကို အလွယ်တကူ ထွန်ယက်နိုင်မည့် ထယ်သွားတစ်ခု ဖြစ်လာအောင် ထိုနည်းလမ်းကို သုံးဖို့ စဉ်းစားမိပြီး ကြိုးစားသည်။ တစ်နေ့တွင် ဒီးယားသည် ကြိတ်ခွဲစက်တစ်ခု၌ ကျိုးနေသော သံမဏိ လွှသွားတစ်ခု ကောက်ရသည်။ သံမဏိမှာ ရှားပါးသောကြောင့် အိမ်ကိုယူလာပြီး စမ်းသပ်သည်။ ပန်းပဲဆရာတစ်ယောက်အတွက် လိုရာပုံသွင်းဖို့က မခက်။ ထယ်သွားပုံသွင်းပြီး ထက်မြက်အောင် အကြိမ်ကြိမ် ပွတ်တိုက်သည်။ ထို့နောက် ထယ်သွားကို သံအမာစားဖြင့် လုပ်ထားသော ထယ်ထဲသို့ ထည့်ပြီး စမ်းသပ်ထွန်ယက်သည်။ ကောက်ပဲ သီးနှံတို့အတွက် အကောင်းဆုံးဖြစ်သည့် မြေစေးကို အလွယ်တကူ ထွန်ယက်နိုင်မည့် နည်းလမ်းရပြီ။

အနောက်အလယ်ပိုင်းတစ်ခွင်မှ လယ်သမားများ သူ့ထံသို့ စုပြုံရောက်ရှိလာကြ၏။ ၁၈၃၇ ခုနှစ်တွင် ဂျွန်ဒီးယားနှင့် ရောင်းရင်းများဆိုသည့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း ကုမ္ပဏီတစ်ခုကို တည်ထောင်လိုက်သည်။ သူ့ တီထွင်မှုသည် ပရေရီမြက်ခင်းကြီးကို လာရောက် နေထိုင် သူများဖြင့် ပြည့်သွားအောင် ဖွင့်ပေးလိုက်၏။ အနောက် အလယ်ပိုင်းသည် ကမ္ဘာ့ ပေါင်မုန့်ခြင်းကြီးဖြစ်လာလေသည်။ ယခုနှစ် ဇန်နဝါရီလတွင် ဂျွန်ဒီးယားကုမ္ပဏီသည် နာမည်ကျော် အယ်လွန်မက်စ်၏ စပေ့အိက်စ် ကုမ္ပဏီနှင့် မိတ်ဖက်လုပ်ကိုင်ဖို့ စာချုပ်ချုပ်လိုက်ပြီဟု ကြေညာသည်။ လယ်သမားများ အချိတ်အဆက်ရစေရန်နှင့် တိကျသော စိုက်ပျိုးရေးနှင့် အလိုအလျောက်စနစ်များကို အပြည့်အဝ ထိန်းချုပ်နိုင်ရန် စပေ့အိက်စ်၏ ဂြိုဟ်တုများကို အသုံးပြုဖို့ ဖြစ်သည်။

## စိုက်ပျိုးရေးထဲမှ အေအိုင်

ကုမ္ပဏီတစ်ခုက နှစ်ပေါင်း ၂၀၀ နီးပါး လုပ်ငန်းလောကနှင့် ဈေးကွက်တစ်ခုကို ဦးဆောင်လာခဲ့သည်မှာ အထင်ကြီး လေးစားစရာပင်။ သို့သော် ယခုပြောလိုသည်မှာ ထိုအကြောင်းမဟုတ်။ လက်ရှိ စိုက်ပျိုးရေး နည်းပညာများ အကြောင်းနှင့် အနာဂတ် စိုက်ပျိုးရေး နည်းပညာများအကြောင်း အနည်းအကျဉ်း ပြောလိုရင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်အနည်းငယ်က အိန္ဒိယ အစိုးရ ဝက်ဘ်ဆိုက်တစ်ခု ဖြစ်သော IndiaAI မှ တက်လာသည့် ဆောင်းပါးတစ်ပုဒ်ကို ဖတ်ရသည်။ အိန္ဒိယ စိုက်ပျိုးရေးလုပ်ငန်းတွင်အေအိုင်နည်းပညာ၏ အကျိုးပြုမှုများအကြောင်း ရေးထားခြင်းဖြစ်ပြီး ဆောင်းပါးရှင် ဒေါက်တာ နီဗက်ရှ်ဂျီဗာနန်ဒမ်က လယ်သမားများအား အချိန်နှင့်တစ်ပြေးညီ အချက်အလက်ပေးနိုင်ခြင်း၊ လူအစား စက်များဖြင့် အလုပ်လုပ်ခြင်း၊ ကြိုမသိနိုင်သည့် ရာသီဥတုလို စိန်ခေါ်မှုများကို ရင်ဆိုင်ခြင်း၊ လုပ်သားရှားပါးခြင်းတို့အတွက် အေအိုင်က အကူအညီပေးခြင်းကြောင့် ၂၀၂၅ ခုနှစ်တွင် ဈေးကွက်တိုးတက်မှု ၂၃ ဒသမ ၁ ရာခိုင်နှုန်း ရည်မှန်းချက် ပြည့်မီနိုင်သည့် အကြောင်း ရေးပြထားခြင်းဖြစ်သည်။

ကမ္ဘာ့စိုက်ပျိုးရေးလောကတွင် အေအိုင်ပါဝင်မှုကို ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံမှ ၂၀၂၈ ခုနှစ်တွင် ၄ ဒသမ ၇ ဘီလီယံအထိ တိုးတက်လာဖို့ မျှော်မှန်းထားသည်။ ယင်းမှာ နှစ်စဉ် ဈေးကွက်တိုးတက်မှုနှုန်း ၂၃ ဒသမ ၁ ရာခိုင်နှုန်း ဖြစ်သည်။ အိန္ဒိယက ထိုနှုန်းကို အမီလိုက်နိုင်ရန် ကြိုးစားနေခြင်းပင်။ အမီလိုက်နိုင်ရန်ဆိုလျှင် နောက်ဆုံးပေါ်



နည်းပညာဖြစ်သည့် အေအိုင်၏ အကူအညီယူဖို့လိုသည်။ စိုက်ပျိုးရေးတွင် အေအိုင်က ဘယ်လိုပါဝင်လဲ။ ထိုအကြောင်းကို ပြောဖို့ဆိုလျှင်တော့ အေအိုင်မတိုင်ခင် စိုက်ပျိုးရေး တိုးတက်မှုများကို အရင်ကြည့်မှ ဖြစ်မည်ထင်သည်။ ကျွန်တော်တို့နှင့်အလှမ်းဝေးသည် မဟုတ်ပါလား။

## ခေတ်သစ် စိုက်ပျိုးရေးသုံး နည်းပညာများ

ရှေ့တွင် ပြောခဲ့သည့် စပေ့အိက်စ်နှင့် လက်တွဲရာ၌ ဂျွန်ဒီးယား၏ ရည်မှန်းချက်ထဲတွင် တိကျသော စိုက်ပျိုးရေးဆိုသည့် အသုံးအနှုန်းကို တွေ့ပါလိမ့်မည်။ ယင်းမှာ ခေတ်သစ် စိုက်ပျိုးရေး နည်းပညာများ၏ အစဟု ဆိုနိုင်သော ၂၀ ရာစုနှောင်းပိုင်းမှ စတင်ပေါ်ထွက်ခဲ့သည့် အသုံးအနှုန်းဖြစ်သည်။ ဘယ်လိုမျိုး တိကျသော စိုက်ပျိုးရေးလဲဟု ဆိုလျှင် စိုက်ပျိုးရေးလုပ်ငန်း၌ ခေတ်မီနည်းပညာများ အသုံးပြုပြီး လယ်ကွင်းယာကွင်းများအား တိုင်းတာဖို့၊ စောင့်ကြည့်ဖို့၊ စီမံခန့်ခွဲဖို့ လုပ်ဆောင်ခြင်းဖြစ်သည်။

၁၉၈၀ ပြည့်လွန်နှစ်များအတွင်း ဂျီပီအက်စ် ပေါ်လာခြင်းနှင့်အတူ လယ်ကွင်းများနှင့် လယ်ယာသုံး စက်ပစ္စည်းများ တည်ရှိရာနေရာများကို အတိအကျ မြေပုံဆွဲနိုင်လာသည်။ ယင်းမှာ မြေနေရာအထူးပြု စီမံခန့်ခွဲခြင်းအတွက် အရေးကြီးဆုံး ပထမခြေလှမ်းဖြစ်ခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် အထွက်နှုန်းစောင့်ကြည့်မှု နည်းပညာ ပေါ်လာရာ လယ်သမားများ အနေဖြင့် ဘယ်အကွက်မှ ဘယ်လောက်ထွက်လဲဆိုသည်ကို တိတိကျကျ တိုင်းတာပြီး မြေပုံဆွဲထားနိုင်လာသည်။ ထို့ပြင် ဗွီအာရ်တီဟုခေါ်သည့် နှုန်းအမျိုးမျိုးနည်းပညာကို ယူသုံးလိုက်ခြင်းဖြင့် မျိုးစေ့ဘယ်လောက်ထည့်မလဲ၊ မြေဩဇာဘယ်လောက်ထည့်မလဲ၊ ပိုးသတ်ဆေး ဘယ်လောက်သုံးမလဲဆိုသည်ကို တိတိကျကျ တွက်ချက်လာနိုင်သည်။

၂၀၀၀ ပြည့်လွန်နှစ်များအတွင်း ပထဝီ သတင်းအချက်အလက်စနစ် (ဂျီအိုင်အက်စ်)တိုးတက်လာခြင်းနှင့် အဝေးမှ အာရုံခံနည်းပညာများ အကူအညီရလာခြင်းကြောင့် တိကျသော စိုက်ပျိုးရေးသည် ပိုမိုလက်တွေ့ကျလာပြီး လူတိုင်းနီးပါး လုပ်နိုင် ကိုင်နိုင်လာသည်။ လယ်သမားများသည် ဒရုန်းများ၊ ဂြိုဟ်တုဓာတ်ပုံများကို စတင်အသုံးပြုလာကြပြီး မြေကြီးအာရုံခံကိရိယာများကို အချိန်နှင့်တစ်ပြေးညီ ကြည့်နိုင်လာကြသည်။ ၂၀၁၀ ပြည့်လွန်နှစ်များတွင်မှ အင်တာနက်နှင့် အေအိုင်တို့ စိုက်ပျိုးရေးတွင် ဝင်ပါလာကြပြီး တိတိကျကျ စိုက်ပျိုးရေးကို တိုးတက်စေခဲ့သည်။

## တိတိကျကျခေတ်

စိုက်ပျိုးရေး နည်းပညာများ တစ်ဆစ်ချိုးပြောင်းလဲခဲ့သည်မှာ ၂၀ ရာစု အလယ်ပိုင်းလောက်တွင်ဖြစ်သည်။ ထိုကာလတွင် နော်မန်ဘော်လောက်လို သိပ္ပံပညာရှင်များက ဂျုံနှင့် စပါးတို့ကို မျိုးဗီဇအရ ပြောင်းလဲတိုးတက်စေခဲ့ပြီး အထွက်နှုန်း သိသိသာသာ တိုးစေခဲ့သည်။ ဓာတ်မြေဩဇာများနှင့် ဓာတုပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေး များကြောင့် အလေအလွင့်နည်းလာပြီး အထွက်လည်း တိုးလာသည်။ ထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်များ ပိုကောင်းလာသဖြင့် လူအင်အားသုံးရနည်းပြီး အလေအလွင့်လည်း ပိုနည်းလာသည်။ သို့သော်ထိုခေတ်ကို ခေတ်သစ် စိုက်ပျိုးရေးထဲသို့ မထည့်။ အစိမ်းရောင် တော်လှန်ရေးကာလဟု ခေါ်သည်။ ယနေ့ခေတ်ကတော့ ၂၀ ရာစု နှောင်းပိုင်းကစတင်ခဲ့သည့်တိတိကျကျခေတ်။

တိတိကျကျခေတ်တွင် မြေနေရာအထူးပြု စီမံခန့်ခွဲရေးအကြောင်း ရှေ့တွင် ဖော်ပြခဲ့ပြီးပြီ။ နောက်ထပ် ထူးခြားချက်မှာ မျိုးဗီဇနည်းပညာတိုးတက်လာခြင်းကြောင့် ဓာတ်မြေဩဇာများ၊ ဓာတုဆေးဝါးများ မလိုဘဲ ပိုးအန္တရာယ်ကို ခုခံကာကွယ်နိုင်သည့်၊ အထွက်နှုန်းလည်းကောင်းသည့် မျိုးများ ဖော်ထုတ်လာနိုင်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်အတွက် ပိုကောင်းလာသည်။ မြေဆီဩဇာအခြေအနေ၊ ကောက်ပဲသီးနှံအခြေအနေ၊ ရာသီဥတုအခြေအနေတို့ကို အချိန်နှင့်တစ်ပြေးညီ သိရသောကြောင့် လယ်သမားများသည် အရင်းအမြစ်အသုံးပြုမှုကို အသင့်လျော်ဆုံးအနေအထားသို့ ချိန်ညှိနိုင်ပြီး အလေအလွင့်များစွာ လျှော့ချနိုင်သည်။ ဂျွန်ဒီယား၏ နာမည်ကျော် “နည်းပညာက ကျွန်တော်တို့ကို နည်းနည်းနဲ့ များများပိုလုပ်နိုင်စေတယ်”ဆိုသည့် စကားအတိုင်းပင်။

စမတ်ဖုန်းတို့၊ စမတ်အလုပ်တို့ကို လူကြိုက်များသည့်ခေတ်တွင် စမတ်ရေသွင်းစနစ်က စိုက်ပျိုးရေးတွင် ပါဝင်လာသည်။ ယင်းမှာ အမြစ်များသို့ ရေတိုက်ရိုက်ရောက်အောင် ဘယ်လိုရေသွင်းရမလဲဆိုသည့် နည်းပညာဖြစ်သည်။ ယင်းမှာ ရာသီဥတုနှင့် မြေဆီအနေအထားကို ချိန်ညှိပြီး အပင်ကျန်းမာရေးကောင်းအောင် ရေကို လိုသလောက် ထိန်းပေးထားနိုင်သည်။ အစိမ်းရောင်တော်လှန်ရေးခေတ်က စက်မှုလယ်ယာသုံး ပစ္စည်းများသည် လူကိုယ်တိုင်မောင်းစရာမလိုသည့် အနေအထားသို့ ရောက်လာသည်။ လုပ်အားခ ပိုသက်သာသွားသည့်အပြင် ထိရောက်မှုလည်း ပိုရှိသည်။

ယခုလောက်ဆိုလျှင် စိုက်ပျိုးရေး၌ အသိဉာဏ်တု နည်းပညာဟုခေါ်သော အေအိုင်ဘယ်လိုပါဝင်လာမလဲဆိုသည်ကို ရိပ်မိလောက်ပါပြီ။ အေအိုင်သည် အထွေထွေသုံး နည်းပညာတစ်မျိုးဖြစ်ရာ ဂျီပီအက်စ်မှ လာသည့် အချက်အလက်များကို ပိုမိုတိကျအောင် တွက်ပေးနိုင်သလို မျိုးဗီဇနယ်ပယ်ထဲမှ တွက်ချက်မှုများကို မှန်းဆမရနိုင်လောက်အောင် ပိုမိုမြန်ဆန်လာစေသည်။ ရှေ့ကပြောခဲ့သည့် အချိန်နှင့်တစ်ပြေးညီဆိုသည့်ကိစ္စတိုင်းတွင် အေအိုင်က ပိုမိုတိကျအောင်၊ ပိုမိုမြန်ဆန်အောင် လုပ်ပေးသည်။ ယန္တရားနယ်ပယ်တွင် လူကိုယ်တိုင်တက်မောင်းစရာမလိုသည့်အနေအထားမှ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်မောင်းနိုင်သည့် စက်ရုပ်ဆန်ဆန်စက်များကို မြင်လာစေသည်။

ယင်းတို့မှာ ကောင်းသောအချက်များ ဖြစ်သော်လည်း စိန်ခေါ်မှုများ ရှိနေသည်။ အဓိကစိန်ခေါ်မှုမှာ ကုန်ကျစရိတ်နှင့် အခြေခံအဆောက်အအုံ လိုအပ်ချက်။ အချက်အလက် မူပိုင်ခွင့်နှင့် ဂေဟထိခိုက်မှုဆိုင်ရာများလည်း ရှိသည်။ နည်းပညာအပေါ် အလွန်အကျွံ မှီခိုရသည်မှာလည်း အားနည်းချက်တစ်ခုပင် မဟုတ်ပါလား။ မည်သို့ပင်ဖြစ်စေ အမီလိုက်ဖို့ ကြိုးစားသည့်နိုင်ငံများကတော့ ကြိုးစားနေကြပြီဖြစ်သည်။

Ref:https://indiaai.gov.in/article/
https://www.verdict.co.uk/
https://chatgpt.com/

# ချစ်သူခင်သူတို့နှင့် အချိန်ဖြုန်းခြင်းသည် သက်ရှည်ကျန်းမာစေနိုင်

မိတ်ဆွေများ၊ မိသားစုများနှင့် တွေ့ဆုံခြင်းသည် လူမှုရေးအကျိုးရှိရုံသက်သက်သာမဟုတ်။ ကိုယ်ခံအားကောင်းလာစေသည်။ လေဖြတ်ခြင်း၊ လေဖြန်းခြင်း ဖြစ်နိုင်ခြေကို လျှော့ချပေးသည်။ အမှတ်(၂) အမျိုးအစား ဆီးချိုရောဂါကို တိုးမလာအောင် တားဆီးပေးနိုင်သည်။ ယင်းမှာ သိပ္ပံလေ့လာမှုတစ်ရပ်မှ တွေ့ရှိချက်ဖြစ်သည်။

တကယ်တော့ သိပ္ပံပညာရှင်များသည် လူမှုရေးကောင်းခြင်း၏ အကျိုးကျေးဇူးများကို လေ့လာနေခြင်းတော့ မဟုတ်။ ဆန့်ကျင်ဘက် အထီးကျန်ခြင်း၏ ဆိုးကျိုးများကို လေ့လာနေခြင်းဖြစ်သည်။ ထိုသို့ လေ့လာရင်း အထီးကျန်ခြင်းနှင့် ကျန်းမာရေးထိခိုက်မှုကြားတွင် ဆက်စပ်ပေးနေသော ပရိုတင်း ငါးမျိုးကို တွေ့သွား၏။

ကိန်းဘရစ် တက္ကသိုလ်မှ ပညာရှင်များသည် ဗြိတိန် ဇီဝဘဏ်သို့ လာရောက်လှူဒါန်းထားသော အသက် ၄၀ မှ ၆၉ နှစ်အကြား အလှူရှင်များ၏ သွေးနမူနာ ၄၂၀၀၀ ထဲမှ အထက်ပါ ပရိုတင်း ငါးမျိုးကို လေ့လာပြီးနောက် အထီးကျန်ခြင်းသည် နှလုံးနှင့် သွေးကြောဆိုင်ရာ ရောဂါများ၊ သွေးတွင်း ကိုလက်စထရော မြင့်တက်စေမှု၊ အင်ဆူလင်ခုခံမှု တိုးမြင့်စေမှု၊ အရွယ်မတိုင်ခင် သေဆုံးမှုတို့နှင့် ချိတ်ဆက်နေကြောင်း တွေ့ရှိခဲ့ကြသည်။

တစ်ဆက်တည်းမှာပင် ပြောင်းပြန်သက်ရောက်မှုကို ဆက်လက်လေ့လာရာမှ ချစ်သူခင်သူတို့နှင့် တွေ့ဆုံစကားပြော အချိန်ဖြုန်းခြင်းသည် အထက်ပါ ကောင်းကျိုးများကို ရရှိစေကြောင်း ဆက်လက်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

လေ့လာမှုထဲတွင် ပါဝင်ခဲ့သည့် ဒေါက်တာချွန်ရှန်းက “လူမှုရေးသီးခြားနေထိုင်မှုနဲ့ အထီးကျန်မှုတွေဟာ ကျန်းမာရေးကိုထိခိုက်စေတယ်ဆိုတာ ကျွန်တော်တို့သိပြီးသားပါ။ ဒါပေမဲ့ ဘာကြောင့်လဲဆိုတာကိုတော့ မသိခဲ့ပါဘူး။ ကျွန်တော်တို့ရဲ့ လေ့လာမှုက ဒီနှစ်ခုရဲ့ ဆက်စပ်မှုမှာ ပရိုတင်းတွေ ပါဝင်တယ်ဆိုတာကို မီးမောင်းထိုးပြနိုင်ခဲ့ပါတယ်။



အထီးကျန်ခြင်းရဲ့ တိုက်ရိုက်အကျိုးဆက်အနေနဲ့ တချို့ပရိုတင်းတွေ ပါဝင်မှုမြင့်မားလာတာကို တွေ့ခဲ့ရတာပါ”ဟု ဆိုသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)ကလည်း အထီးကျန်ခြင်းကို “ကမ္ဘာလုံးဆိုင်ရာ အများပြည်သူ ကျန်းမာရေးစိုးရိမ်မှု”အဖြစ် သတ်မှတ်ထားသည်။

Ref: Daily Mail

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသော မိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း စခန်း ၁၀ ခုမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့်စခန်း ၁၀ ခုတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင် ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ–၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၁၀ ခုတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပုံ (၂)၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH | စဉ် | စခန်းအမည် | pH |
|---|---|---|---|---|---|
| ၁ | မိုင်းဆတ် | ၆.၉ | ၆ | ပဲခူး | ၆.၉ |
| ၂ | ဟားခါး | ၆.၈ | ၇ | တောင်ငူ | ၆.၈ |
| ၃ | ပြင်ဦးလွင် | ၆.၉ | ၈ | ဘီးလင်း | ၆.၅ |
| ၄ | ကလေးဝ | ၇.၂ | ၉ | ဘားအံ | ၆.၉ |
| ၅ | မှော်ဘီ | ၆.၆ | ၁၀ | ကော့သောင်း | ၆.၈ |



## မုဒုံမြို့၌ ဂျုံးဂျုံးကျတောရကျောင်းဆရာတော် ဝိဇာတမင်္ဂလာအခမ်းအနား ကျင်းပ

**မုဒုံ ဇန်နဝါရီ ၅**

မွန်ပြည်နယ် မုဒုံမြို့နယ် ဂျုံးဂျုံးကျတောရကျောင်းတိုက် ပဓာနနာယက မြို့နယ်သံဃနာယက ဆရာတော် ဘဒ္ဒန္တကိတ္တိဝဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ)၏ (၇၃)နှစ်ပြည့် ဝိဇ္ဇာတမင်္ဂလာ၊ (၃၅)ကြိမ်မြောက် ယဉ်ကျေးမှုနှင့် အဘိဓမ္မာသင်တန်းဆုပေးပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ ဆရာတော်ကြီးထံမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းအောင်၊ ဆရာ ဆရာမများနှင့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။ ယင်းနောက် ဒါယကာ၊ ဒါယိကာမများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ဆက်လက်၍ (၃၅)ကြိမ်မြောက် ယဉ်ကျေးမှုနှင့် အဘိဓမ္မာစာမေးပွဲတွင် အောင်မြင်ခဲ့ကြသည့် သီလရှင်၊ လူပုဂ္ဂိုလ်နှင့် ကျောင်းသား ကျောင်းသူများအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက စာအောင်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## ညောင်လေးပင်မြို့၌ ပဥ္စမအကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ညောင်လေးပင် ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ (၂) ရပ်ကွက် သမစိတ္တလမ်းရှိ အင်္ဂါဆွမ်းလောင်းအသင်းကြီး၏ ပဥ္စမအကြိမ်မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ယမန်နေ့မွန်းလွဲပိုင်းက စည်ကားသိုက်မြိုက်အောင်မြင်စွာ လောင်းလှူခဲ့ကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ညောင်လေးပင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၃၉ ကျောင်းမှ သံဃာတော်အရှင်သူမြတ်များက မော်တော်ယာဉ်များဖြင့် ကြွရောက်အလှူခံကြရာ သံဃာတော် ၇၅၆ ပါးတို့အား ရည်မှန်း၍ အင်္ဂါဆွမ်းလောင်း အသင်းကြီး ဗဟိုမဏ္ဍပ်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဝတ္ထုငွေများ လှူဒါန်းခဲ့ကြသည်။ ထို့ပြင် မြို့မ (၂) ရပ်ကွက်အတွင်းရှိ လမ်းပေါင်း ၁၅ လမ်းမှ အလှူရှင်များကလည်း ပစ္စည်းလေးပါးအစုံဖြင့် သဒ္ဓါတရားထက်သန်စွာ လောင်းလှူကြရာ မော်တော်ယာဉ်များ ပြည့်လုနီးနီး ဆွမ်းဆန်တော်များ အလှူခံရရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**




## ပွင့်ဖြူမြို့နယ်၌ မိုးစပါး ၆၇၀၃၄ ဧက ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၆၇၀၃၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၉၉၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ဒေသခံတောင်သူများက ယခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၆၇၀၃၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် စပါး ၈၈ ဒသမ ၂၃ တင်း ထွက်ရှိကြောင်း သိရသည်။

"စပါးစိုက်ခင်းများ ရိတ်သိမ်းခြွေလှေ့ခြင်းနဲ့ ပတ်သက်ပြီး အထွက်နှုန်း မလျော့အောင်၊ အရည်အသွေးကောင်းအောင် အချိန်မီ ရိတ်သိမ်းခြွေလှေ့ကြဖို့၊ ရိတ်သိမ်းပြီးတဲ့ စပါးတွေကိုလည်း အမိုးအကာအောက်သို့ အချိန်မီ စနစ်တကျ သိုလှောင်ထိန်းသိမ်းနိုင်ကြဖို့ တောင်သူတွေကို ကွင်းဆင်းအသိပညာပေးတာတွေ ဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

**ကွင်းဆင်းဆောင်ရွက်ပေး**

ပွင့်ဖြူမြို့နယ်၌ မိုးစပါး ၆၉၉၄၄ ဧက စိုက်ပျိုးရန်လျာထားပြီး မြေပြင်စိုက်ပျိုးနိုင်မှု ၆၉၉၉၉ ဧက စိုက်ပျိုးပြီးစီးခဲ့သဖြင့် လျာထားစိုက်ဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စပါးစိုက်တောင်သူများ အထွက်နှုန်းတိုးပွားရေးနှင့် သီးနှံအရည်အသွေးကောင်းမွန်စေရေးအတွက် တောင်သူပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# NMA International Five Star Hospitality သင်တန်းကျောင်း၏ ကျောင်းသား ကျောင်းသူများ Bed Making Competition ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၅**

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ သင်တန်းကျောင်းအသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်ရရှိထားသော NMA International Five Star Hospitality သင်တန်းကျောင်း၏ ကျောင်းသား ကျောင်းသူများအတွက် ပြုလုပ်သော Bed Making Competition ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်လမ်းရှိ Espace Avenir ၌ ကျင်းပသည်။



"ဒီနေ့ပွဲက International Five Star Hospitality Management Institute ကပြုလုပ်တဲ့ Bed Making Competition ပြိုင်ပွဲဖြစ်ပါတယ်၊ ကျွန်တော်တို့ကျောင်းက မြန်မာနိုင်ငံမှာရှိတဲ့အလုပ်သမားဝန်ကြီးဌာနအောက်မှာရှိတဲ့ NSSA ကျွမ်းကျင်လုပ်သားစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ကနေ အသိအမှတ်ပြုထားတဲ့ကျောင်းဖြစ်ပါတယ်၊ ဒီနေ့ပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အဖွဲ့ ခုနစ်ဖွဲ့ဖွဲ့ထားပါတယ်၊ NSSA က သတ်မှတ်ထားတဲ့စည်းကမ်းမူဝါဒအတိုင်း အမှတ်ပေးစည်းမျဉ်းအတိုင်းပေးသွားမှာဖြစ်ပြီး ဆုငါးဆုချီးမြှင့်သွားမှာ ဖြစ်ပါတယ်"ဟု International Five Star Hospitality Management Institute မှ CEO ဦးလင်းမြတ်ကိုက ပြိုင်ပွဲနှင့်ပတ်သက်၍ ပြောသည်။

အခမ်းအနားတွင် ဆရာကိုင်ဇာက ပြိုင်ပွဲပြုလုပ်ရခြင်းနှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်များက အုပ်စုအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်သက်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးအလုပ်သမားဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် Htoo Hospitality Group-Espace Avenir (CEO)ဖြစ်သူ Manish Gupta တို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ Bed Making Competition ပြိုင်ပွဲသည် NMA International Five Star Hospitality သင်တန်းကျောင်းရှိလူငယ်လူရွယ်များ ကျောင်းမှ သင်ကြားသည့် အသိပညာအတတ်ပညာများအားလုံး ပြည့်ဝပျော့ရွှင်စွာ သင်ကြားတတ်မြောက်ပြီး နိုင်ငံတကာအလယ်တွင် အောက်ခြေဝန်ထမ်းဘဝ ကျင်လည်ရာမှ Management Level တစ်ခု အဆင်ပြေစွာဝင်ရောက်နိုင်ရန် ရည်ရွယ်ပြုလုပ်သည့် ပြိုင်ပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# ဆိပ်ဖြူမြို့နယ်၌ ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ဆိပ်ဖြူ ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဆိပ်ဖြူ(အထက) နဝရတ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်မင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်နှင်းယုက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ကာယ၊ ဥာဏ စွမ်းရည်ပြိုင်ပွဲများ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများ၏ ပညာရေးစုံညီပွဲတော်အခမ်းအနား ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကိုဖွဲ့(အညာမြေ)**



# ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံကြီး၌ နိုင်ငံ့ဝန်ထမ်းများအား H1 N1 ရာသီတုပ်ကွေးရောဂါကာကွယ်ဆေး ထိုးနှံပေး

**ဂန့်ဂေါ ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအနေဖြင့် H1 N1 ရာသီတုပ်ကွေးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံကြီး၌ စတင်ထိုးနှံပေးသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံခြင်းကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ခံ ဒေါက်တာကျော်ကျော်လွင် ဦးဆောင်သည့် မြို့နယ်ကျန်းမာရေးမှူး ဦးစန်းဝင်း၊ ကျန်းမာရေးမှူး-၁ ဦးထွန်းဇော်လင်းနှင့် ကျန်းမာရေးဌာနမှဝန်ထမ်းများက ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာ အရာထမ်း/အမှုထမ်းများ၊ ခရိုင်/ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၃၀၀ကို H1 N1 ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရာသို့ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနန္ဒ၊ ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဆွေဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကာလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**မောင်မျိုးမင်း(ပြန်/ဆက်)**

**❖ ကျောဖုံးမှ**

ထုတ်ပြန်ခြင်းမရှိသေးသော်လည်း ပတ်လည်စနစ်ဖြင့် ကျင်းပဖွယ်ရှိနေသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ဒီဇင်ဘာလလယ်ပိုင်းကတည်းက စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား ယုကီတက်ဆုရိုက ကိုင်တွယ်လျက်ရှိပြီး ပဏာမကစားသမား ၃၂ ဦး ရွေးချယ်ထားသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၊ အာရှဖလား အမျိုးသမီး ခြေစစ်ပွဲနှင့် (၃၃) ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည် ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

# ASEAN Cup ပြိုင်ပွဲတွင် ဗီယက်နမ်အသင်း ချန်ပီယံဆု ဆွတ်ခူး

**ရန်ကုန် ဇန်နဝါရီ ၅**

2024 ASEAN Cup ပြိုင်ပွဲ ဗိုလ်လုပွဲ ဒုတိယအကျော့ကို ဇန်နဝါရီ ၅ ရက်က ထိုင်းနိုင်ငံ၌ ကျင်းပရာ ဗီယက်နမ်အသင်းက ထိုင်းအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-သုံးဂိုးဖြင့် ချန်ပီယံဆု ဆွတ်ခူးခဲ့သည်။

ယခုပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် ဗီယက်နမ်အသင်းသည် ရှုံးပွဲမရှိ မှတ်တမ်းနှင့်အတူ နာမည်ကြီးထိုင်းအသင်းကို နှစ်ကျော့စလုံးအနိုင်ကစားပြီး ချန်ပီယံဆု သုံးကြိမ်မြောက် ရယူနိုင်ခဲ့သည်။ ဗီယက်နမ်အသင်းသည် ၂၀၀၈ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် ဗိုလ်စွဲပြီးနောက် ယခုနှစ်တွင် ထပ်မံဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်အသင်းသည် အဝေးကွင်းတွင်လည်း ထိုင်းအသင်းကို အကောင်းဆုံးရင်ဆိုင်ခဲ့ပြီး ပွဲအစ ခုနစ်မိနစ်မှာပင် တူရန်ဟိုင်ဖန်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ထိုင်းအသင်းသည် အိမ်ကွင်း၌ ဂိုးစတင်ပေးလိုက်ရသောကြောင့် ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းလာပြီး ၂၈ မိနစ်တွင် ဘင်ဒေးဗီးစ်က ဂိုးပြန်သွင်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ၆၄ မိနစ်တွင် ဆူပါချော့က ထိုင်းအသင်းအတွက် ဒုတိယဂိုးသွင်းယူသော်လည်း ၇၅ မိနစ်တွင် ပွန်ဖမ် အထုတ်ခံရသဖြင့် တစ်ယောက်လျော့သွားပြီး ဗီယက်နမ်အသင်း၏ဂိုးများ ပြန်လည်ခွင့်ပြုခဲ့ရသည်။ ၈၂ မိနစ်တွင် ပန်ဆာ ကိုယ့်ဂိုးကိုယ်သွင်းသဖြင့် ဗီယက်နမ်အသင်း ချေပဂိုးရပြီး မိနစ် ၉၀+၂၀ တွင် ငုယင်ဟိုင်လောင်က အနိုင်ဂိုးသွင်းယူခဲ့သည်။



ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ- FAT**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၅**

တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာရဲ့ အောင်မြင်မှုခြေလှမ်း ဖြောင့်တန်းဖို့ မျှော်လင့်ချက်ရောင်ခြည် သန်းလာခြင်းလား



မန်စီးတီးအသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ ဇန်နဝါရီ ၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၂၀)မှာ မန်စီးတီးအသင်းက ဝက်စ်ဟမ်းအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် မန်စီးတီးအသင်းဟာ ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့်(၆)နေရာကို တက်လှမ်းခွင့် ရရှိခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၀ မိနစ်မှာ ဝက်စ်ဟမ်းအသင်းကစားသမား ကော့ဖော့ရဲ့ ကိုယ့်ဂိုးကိုယ် သွင်းမိသလိုဖြစ်ခဲ့တဲ့ သွင်းဂိုး၊ ၄၄ မိနစ်နဲ့ ၅၅ မိနစ်တို့မှာ တိုက်စစ်မှူး ဟာလန်းက နှစ်ဂိုး၊ ၅၈ မိနစ်မှာ ဖိုဒန်က တစ်ဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၇၁ မိနစ်မှာ ဖူးလ်ကရက်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းအနေနဲ့ ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့တာဟာ အောက်တိုဘာလနောက်ပိုင်း ပထမဆုံးအကြိမ်နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်ပြီး ဩဂုတ်လနောက်ပိုင်း ပရီမီယာလိဂ်ပြိုင်ပွဲမှာ ပထမဆုံးအကြိမ် သွင်းဂိုး လေးဂိုးအထိသွင်းယူကာ အနိုင်ရရှိခဲ့တာလည်းဖြစ်ပါတယ်။

အခုပွဲစဉ်မှာ မန်စီးတီးအသင်းနဲ့အတူ သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟာလန်းကတော့ စက်တင်ဘာလနောက်ပိုင်း ပရီမီယာလိဂ်ပြိုင်ပွဲမှာ ပထမဆုံးအကြိမ် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းအနေနဲ့ ဝက်စ်ဟမ်းအသင်းကို အခုလို အနိုင်ရရှိခဲ့တာဟာ ပရီမီယာလိဂ်အမှတ်ပေးဇယား တတိယနေရာက နော့တင်ဟမ်ဖောရက်စ်အသင်းနဲ့ သုံးမှတ်အကွာ အမှတ်ပေးဇယားအဆင့်(၆)နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းကတော့ မန်စီးတီးအသင်းကို အိမ်ကွင်းမှာ လေးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၁၃)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

နည်းပြဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းဟာ ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့တာကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ် ၁၀ ပွဲမှာ နှစ်ပွဲ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ အခုပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့တဲ့ ဖီးလ်ဖိုဒန်ဟာ ယခုဘောလုံးရာသီအတွင်း ဒုတိယမြောက် ပရီမီယာလိဂ်သွင်းဂိုးကို သွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းဟာ လက်ရှိအချိန်မှာ ပရီမီယာလိဂ် နှစ်ပွဲဆက်အနိုင်ရရှိခဲ့ပြီဖြစ်တာကြောင့် နည်းပြဂွါဒီယိုလာအတွက် အောင်မြင်မှုခြေလှမ်းဖြောင့်တန်းဖို့ မျှော်လင့်ချက်ရောင်ခြည် သန်းလာခြင်းလားဆိုတာကတော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။



## ဦးဆောင်ဂိုး စတင်သွင်းယူနိုင်ခဲ့ပေမယ့် သရေတစ်မှတ်နဲ့သာ အာဆင်နယ်အသင်း ကျေနပ်ခဲ့ရ

ဘရိုက်တန်အသင်းနဲ့ အာဆင်နယ်အသင်းတို့ ဇန်နဝါရီ ၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၂၀)မှာ အာဆင်နယ်အသင်းဟာ ပထမပိုင်းပွဲကစားချိန် ၁၆ မိနစ်မှာ ရရှိခဲ့တဲ့ အင်န်ဝါနီရီရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပေမယ့် တစ်ဖက်တစ်ဂိုးစီသရေရလဒ်သာ ထွက်ပေါ်ခဲ့တာကြောင့် သရေတစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင်အဖြစ် ညှော့ခံကစားခဲ့တဲ့ ဘရိုက်တန်အသင်းအတွက် ချေပဂိုးကို ဒုတိယပိုင်းပွဲကစားချိန် ၆၁ မိနစ်မှာ ဂျော်ပက်ဒရိုက ပင်နယ်တီကနေတစ်ဆင့် သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

နည်းပြအာတီတာဟာ ကိုင်ဟာဗက်ဇ်၊ အိုဒီဂတ်၊ ဘူကာယိုဆာကာ စတဲ့ အသင်းအတွက် အားထားရတဲ့ ကစားသမားတွေ မပါဝင်နိုင်ခဲ့ပေမယ့် အသင်းအတွက် အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၂၀) ယှဉ်ပြိုင်ကစားပြီးချိန်မှာ အမှတ်ပေးဇယားထိပ်ဆုံးက လီဗာပူးအသင်းနဲ့ ငါးမှတ်အကွာ အမှတ်ပေးဇယား ဒုတိယနေရာမှာ ဆက်လက်ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

ဘရိုက်တန်အသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၁၀)နေရာမှာ ဆက်လက်ရပ်တည်နေတာလည်းဖြစ်ပါတယ်။

## လီဗာပူးအသင်းက နောက်ခံလူ အလက်ဇန္ဒားအာနိုးကို ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် ကမ်းလှမ်း



ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ လီဗာပူးအသင်းဟာ အသင်းအတွက် အားထားရတဲ့ နောက်တန်းကစားသမား အလက်ဇန္ဒားအာနိုးကို ပေါင် ၇၈ သန်းတန်ဖိုးရှိ ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ကို ထပ်တိုးချုပ်ဆိုဖို့ ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိအင်္ဂလန်နောက်တန်းကစားသမား အလက်ဇန္ဒားအာနိုးကို စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ခဲ့မယ်ဆိုပါက တစ်ပတ်လုပ်ခလစာ ပေါင် သုံးသိန်းရရှိမှာလည်း ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ နောက်ခံကစားသမား အလက်ဇန္ဒားအာနိုးကို စာချုပ်သစ်ချုပ်ဆိုဖို့ ကမ်းလှမ်းထားတဲ့အပြင် တိုက်စစ်မှူး မိုဟာမက်ဆာလာနဲ့ နောက်တန်းကစားသမား ဗန်ဒိုက်တို့ကိုလည်း နှစ်နှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။

## စပါးအသင်းက ဂိုးသမား ကင်စကိုင်းကို ပြောင်းရွှေ့ကြေး ပေါင် ၁၂ ဒသမ ၅ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူ




ပရီမီယာလိဂ်ကလပ် စပါးအသင်းဟာ ဆလာဗီယာပရက်ဂ်အသင်းမှ အသက် ၂၁ နှစ်အရွယ်ရှိ ဂိုးသမား ကင်စကိုင်းကို ပြောင်းရွှေ့ကြေး ပေါင် ၁၂ ဒသမ ၅ သန်းနဲ့ စာချုပ်ချုပ်ဆို ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။

စပါးအသင်းဟာ နိုဝင်ဘာ ၂၄ ရက်က မန်စီးတီးအသင်းကို လေးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်နောက်ပိုင်း အသင်းရဲ့ ပထမဦးစားပေးဂိုးသမား ဗီကာရီယို ပါဝင်နိုင်ခဲ့ခြင်းမရှိတာကြောင့် လက်ရှိအချိန်မှာ အသင်းအတွက် လူငယ်ဂိုးသမား ကင်စကိုင်းကို ခေါ်ယူခဲ့တာဖြစ်ပါတယ်။

စပါးအသင်းဟာ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ် ၁၁ ပွဲမှာ နှစ်ပွဲသာ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၁၂)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ လက်ရှိစပါးအသင်းက ခေါ်ယူခဲ့တဲ့ ဂိုးသမားကင်စကိုင်းဟာ ၂၀၃၁ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားတာ ဖြစ်ပါတယ်။

ဂိုးသမားကင်စကိုင်းဟာ ယခုဘောလုံးရာသီမှာ ဆလာဗီယာအသင်းနဲ့အတူ ၂၉ ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာမှာ ၁၄ ပွဲအထိ ပေးဂိုးမရှိအောင် စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- နယ်သာလန်အသင်းတိုက်စစ်မှူး ဇာဇီးဟာ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေတာကြောင့် လက်ရှိကလပ် မန်ယူအသင်းကနေ ထွက်ခွာဖို့ စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။
- လီဗာပူးအသင်းဟာ အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာရဲ့ နေရာမှာ အစားထိုးကစားသမားအဖြစ် ခေါ်ယူရေးအတွက် ဘိုင်ယန်မြူးနစ်အသင်းမှ ဂျာမနီတောင်ပံကစားသမား ဆာနေးကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်




## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ ဦးရှိန်းနောင်နောင်[၁၀/မလမ(နိုင်)၁၈၉၄၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးရှိန်းနောင်နောင်နှင့် ဒေါ်မိုးမိုးအောင်တို့သည် (၂၀၁၀)ခုနှစ်တွင် ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး (၂၀၁၅)ခုနှစ်တွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သဖြင့် လမ်းခွဲခဲ့ကြကြောင်း သိရှိရပါသည်။ ယခုအခါ ဒေါ်မိုးမိုးအောင်သည် (၂၀၂၃)နှစ်တွင် အိမ်ထောင်ပြုသွားပြီဖြစ်သည့်အတွက်ကြောင့် ကျွန်ုပ်တို့မိတ်ဆွေ ဦးရှိန်းနောင်နောင်နှင့် ဒေါ်မိုးမိုးအောင်တို့သည် မည်သို့မျှ ပတ်သက်ဆက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စများသည် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း ဒေါ်မိုးမိုးအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရှိန်းနောင်နောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးဇင်သင်းအောင် | ဒေါ်ယမင်းလတ် | ဦးထင်ရှားကျော် | ဒေါ်ပွင့်သစ္စာခိုင် |
|---|---|---|---|
| LL.B, B.D.S, WIPO (Switzerland) | LL.B, D.B.L, WIPO (Switzerland) | (P.G.D.L) | (P.G.D.L) |
| စဉ် - ၁၄၄၇၉ | စဉ် - ၈၅၆၄ | စဉ်-၅၅၉၁၇ | စဉ်-၅၅၉၂၆ |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

ရုံးအမှတ်(၉/၁၁)၊ ပထမထပ်(၁၀၃-H)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၅၃၄၆၈၊ ၀၉-၉၆၅၀၅၃၄၆၈၊ ၀၉-၅၁၈၁၂၁၀၊ ၀၉-၇၈၅၁၈၁၂၁၀

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/D(၁၄/၁၅/၁၆)၊ မြေကွက်အမှတ်(၁၇၆)၊ အကျယ်အဝန်း(အလျား၅၀ပေx အနံ၇၀ပေ)ရှိ မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော(မြောက်ဘက်ခြမ်း) အကျယ်အဝန်း(အလျား ၂၅ပေx အနံ၇၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ (၅)လမ်းမြောက်၊ အမှတ်(၈၂/ B)ဟု ခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်နီလာ(A/RGN-၀၁၉၆၇၀)[၁၂/ဗဟန(နိုင်)၀၄၈၈၈၀] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ --**

| ဒေါ်မြလှဲ့ဝင်း(L.L.B) | ဒေါ်အေးအေးသိန်း(B.A, PGDL) | ဒေါ်စန်းမြသက်(B.Sc, PGDL) |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၁၂) | အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆) | အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၅) |

အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅

## လင်မယားအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၂၆၉)တွင်နေထိုင်သော ဒေါ်တင်အေးခိုင်[၁၂/မရက(နိုင်)၁၆၃၄၆၉]၏ ခင်ပွန်းဖြစ်သူ ဦးလှိုင်ဘွားအောင်[၁၂/ဥကမ(နိုင်)၂၁၉၀၉၀]သည် (၁-၆-၂၀၂၂)တွင် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်၍ အားလုံးတို့ကို တာဝန်မယူနိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်တင်အေးခိုင်
[၁၂/မရက(နိုင်)၁၆၃၄၆၉]

တောတောင်
ပျက်ပြုန်း
မြေဆီ
သုဦး၏

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- စက်မှုလက်မှု၊ မြေကွက်အမှတ်-၁၁၊ ဧရိယာ(၀.၃၂၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၁၊ ရန်နိုင်ဆွေ (၂)လမ်း၊ သာကေတစက်မှုဇုန်၊ သာကေတမြို့နယ်ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်သော (၁)ဦးဂျင်မီတျို [၁၂/မရက(နိုင်)၁၀၉၈၄၈]၊ (၂)ဦးတင်မောင်နွယ်(ခ)တိန်ကော့[၁၂/ဗတထ(နိုင်)၀၂၃၄၆၃]နှင့် (၃)ကျန်တော့(ခ) ဦးခင်မောင်နွယ်[၁၂/လသန(နိုင်)၀၀၉၄၄၆]တို့ (၃)ဦးထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြို့မ(၈)လမ်း၊ အမှတ်-၃၈၉ (က+ခ)ဟု ခေါ်တွင်သည့် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦမှ(လမ်းမဘက်မှကြည့်လျှင် ယာဘက်ခြမ်း)၊ (၁၇ပေx ၅၄ပေ) အကျယ်အဝန်းရှိ (ပထမထပ်) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို မိမိပိုင်ဆိုင်ကြောင်းအဆိုပြုသူ ဦးဇော်နိုင်[၁၂/သကတ(နိုင်)၀၇၄၀၃၂]က အမွေဆိုင်အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၆၇(မြေညီထပ်)၊ ၃၈-လမ်း (အလယ်)၊ ၆-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၁၄၃၂၃၂၊ ၀၉-၇၉၉၅၉၅၅၀၅**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စော်ဘွား (၄)ရပ်ကွက်(ခေတ္တ) စင်ကာပူနေ ကိုဝင်းမြင့်ဇော်ဦး (ဘ)ဦးဝင်းဆင့် [၅/တမန(နိုင်)၀၇၁၅၂၉] ကိုင်ဆောင်သူနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ စော်ဘွား(၄) ရပ်ကွက် (ခေတ္တ)စင်ကာပူနေ ကျွန်ုပ်၏မိတ်ဆွေ မနန်းဝေဝေလှိုင်(ဘ) ဦးခင်မောင်ထွန်း[၅/တမန(နိုင်)၀၅၄၂၆၇]ကိုင်ဆောင်သူတို့သည် လွန်ခဲ့သော(၉-၁-၂၀၁၃) ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်လာခဲ့ကြပြီး သားတစ်ဦး ထွန်းကားခဲ့ပါသည်။ ယနေ့အချိန်ထိလည်း ကိုဝင်းမြင့်ဇော်ဦးနှင့် မနန်းဝေဝေလှိုင်တို့မှာ တရားဝင်လက်ထပ်ပေါင်းသင်းနေထိုင်နေဆဲဖြစ်သည့် တရားဝင်အကြင်လင်မယားများဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
**မနန်းဝေဝေလှိုင်**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုဇန်မြင့်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၆၇)**
**တ/၁၅ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉-၉၆၅၈၂၈၀၂၆**

## "အများသိစေရန်"

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မေသဇင်ဦး (ဘ) ဦးသန်းဦး [၁၂/အစန(နိုင်) ၁၉၆၈၆၁]ကိုင်ဆောင်သူနှင့် ဦးပြည့်ဖြိုးထိုက် (ဘ)ဦးစောမြင့် [၇/လပတ(နိုင်)၁၂၆၄၉၁]ကိုင်ဆောင်သူတို့သည် (၇-၈-၂၀၂၄)ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ မြို့နယ်တရားသူကြီးရှေ့တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ထို့ကြောင့် ဦးပြည့်ဖြိုးထိုက်သည် KMTK Medical Co.,Ltd နှင့်သော်လည်းကောင်း၊ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မေသဇင်ဦး၏ လုပ်ငန်းများနှင့်သော်လည်းကောင်း လုပ်ငန်းကိစ္စ၊ ငွေကြေးကိစ္စအဝဝတို့သည် ဦးပြည့်ဖြိုးထိုက်နှင့် ပတ်သက်မှုမရှိတော့ကြောင်း၊ အကယ်၍ ပြဿနာ အရှုပ်အရှင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ကျွန်ုပ်တို့၏မိတ်ဆွေနှင့် မည်သို့မျှပတ်သက်မှုလုံးဝ (လုံးဝ)မရှိပါသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ဦးပြည့်ဖြိုးထိုက်အပြင် အခြားမည်သူမဆို ကုမ္ပဏီနှင့် ပတ်သက်ပြီး Online မှသော်လည်းကောင်း၊ ဒေါ်မေသဇင်ဦးနှင့် ပတ်သက်ပြီး Online မှသော်လည်းကောင်း၊ မဟုတ်မမှန်သတင်းများ ပြောဆိုခြင်း၊ ဖြန့်ခြင်း၊ နှောင့်ယှက်ခြင်း အစရှိသည်တို့ ပြုလုပ်ခဲ့သည်ရှိသော် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသဇင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်ခင်မမသောင်း (LL.B, D.I.L) | ဒေါ်ချောနန္ဒာ (LL.B, D.B.L) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၂၆၇၈/၈၄) | (စဉ်- ၁၁၂၇၁/၂၀၁၆) |

Ph:09-426060388

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

## ၂၀ပေ×၆၀ပေ RC ၃ ထပ်တိုက်ရောင်းမည်

ထောင့်ကွက်၊ မင်းဂေါင် ၁ လမ်း၊ (ဗြဟ္မစိုရ်လမ်းကျော ကပ်)၊ ၆ ရပ်ကွက်၊ တောင်ဥက္ကလာ၊ ဂရံအမည်ပေါက်၊ 3MB၊ GYM ခန်း၊ ပန်းခြံ၊ ဘုရားခန်း၊ Level 2 EV အားသွင်းစက်။ ပါဝါ+ ရိုးရိုးမီတာ။ အဝီစိ+ ဂျီးဖြူရေ၊ တိုက်သက်တမ်း ၅ နှစ်။ ကား ၄ စီးရပ်နိုင်။

09 43021001 ၁၂၅၀၀သိန်း(ညှိနှိုင်း)

## အများသိစေရန် အသိပေးကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ်(၅၃-စီ-၁)မြဝတီတောင်ကွင်း၊ ဦးပိုင်အမှတ်(၂၄)အတွင်း ဥယျာဉ်မြေ၊ ဧရိယာ(၄.၅၀)ဧကအနက်မှ (၁.၀၀)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိသီးပင်စားပင်များအပါအဝင် မြေကွက်၏ တရားဝင်အကျိုးခံစားခွင့်အားလုံးတို့သည် ကရင်ပြည်နယ်၊ မြဝတီမြို့၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ မြို့မြေစာရင်းတွင် ဦးရွှေကြာ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးရွှေကြာ ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအေးမင်း [၆/ကသန(နိုင်)၀၆၆၀၇၅]မှ လိုအပ်သည့်နေရာတွင် လိုအပ်သလိုအသုံးပြု ဆောင်ရွက်နိုင်ရန်အတွက်(၁)ဒေါက်တာ အရှင်ဓမ္မပါလ[၁၃/ကတန(သ)၀၀၀၉၄၈]၊ (၂)အရှင်သုမင်္ဂလ[၁၃/တကန(သ)၀၀၂၄၁၂]၊ (၃)အရှင်နေမိန္ဒ[၇/တငန(သ)၀၀၁၈၆၇]၊ (၄) ဦးဧေယျဓမ္မ [၁၄/ဓနဖ(သ)၀၀၀၉၅၉]၊ (၅)ဦးဣန္ဒက[၁၄/ညတန(သ)၀၀၂၃၃၁] တို့အား (၂၁-၁၂-၂၀၂၄)ရက်နေ့တွင် လက်ထိလက်ရောက် လွှဲပြောင်းလှူဒါန်းခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား လိုအပ်သလိုအသုံးပြုရန်အတွက် စီမံခန့်ခွဲတော့မည်ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**၁။ ဒေါက်တာအရှင်ဓမ္မပါလ၊ ၂။ အရှင်သုမင်္ဂလ၊ ၃။ အရှင်နေမိန္ဒ၊ ၄။ ဦးဧေယျဓမ္မ၊ ၅။ ဦးဣန္ဒက တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခိုင်ငြိမ်းအောင်**
**LL.B, LL.M (International Law), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၉)**
**အမှတ်(၆၈၁)၊ ဝေဇယန္တာအနောက်(၁၅)လမ်း၊**
**၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၇၇၃၁၅**

## ပျောက်ဆုံးကြောင်း အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်စိုး(ခ) ဦးစူပရာမန်းနီး [၁၄/ဘကလ(ပြု)၀၀၀၀၀၁] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်မိတ်ဆွေ အမည်ပေါက်ပိုင်ဆိုင် လက်ရှိဖြစ်သည့် "ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ မင်းပိုင်းရပ်ကွက်၊ အကွက်အမှတ်(၁၅-ဈေး)၊ ဦးပိုင်အမှတ်-၇၅၊ ဧရိယာ-၀.၀၅၅ ဧက" ၏ ပိုင်ဆိုင်မှု စာချုပ်စာရွက်စာတမ်းမူရင်းများနှင့် ဂရန်မူရင်းတို့သည် (၁၃-၈-၂၀၂၄) ရက်နေ့တွင် ပျောက်ဆုံးခဲ့ပါ၍ မူရင်းလက်ဝယ်ရရှိထားသူတို့သည် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ပြန်လည်ပေးအပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမြတ်ထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၆၃၄၆)**
**အမှတ်-၁၄၀၊ ဒု-ထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၁၄၂၂၈၄၂**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ အောင်ချမ်းသာ(၄)လမ်း၊ အမှတ်(၆၂၈)နေ ဒေါ်အေးနိုင်ဝင်း [၁၂/သကတ(နိုင်)၁၅၉၂၁၇] ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးနိုင်ဝင်းနှင့် ဦးဝေဖြိုးထက်တို့သည် (၅-၆-၂၀၀၅)ရက်နေ့တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင် အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ကြရာ သားသမီး (၂)ဦး ထွန်းကားခဲ့ကြပါသည်။ ယနေ့အချိန်ထိ ဒေါ်အေးနိုင်ဝင်းနှင့်ဦးဝေဖြိုးထက်တို့သည်အကြင်လင်မယားအဖြစ်အတူတကွ ပေါင်းသင်းနေထိုင်လျက်ရှိနေပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးနိုင်ဝင်းသည် ဦးဝေဖြိုးထက်၏ တရားဝင်ဇနီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးနိုင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်ငြိမ်းအောင်**
**LL.B, LL.M (International Law), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၉)**
**အမှတ်(၆၈၁)၊ ဝေဇယန္တာအနောက်(၁၅)လမ်း၊**
**၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၇၇၃၁၅**

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁၀-၂-၂၀၂၅ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

( င ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www. myawady.net.mm/Sgt(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၇-၁၂-၂၀၂၄ ရက်နေ့မှ ၂၉-၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည် အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ် ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) အခြေခံလစာ (၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ (၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာများခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| ( ခ ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| ( ဂ ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ် နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးသင်တန်းသူများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁၀-၃-၂၀၂၅ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀နှစ်ထက် မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

( င ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www.myawady.net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါ စာရွက်စာတမ်းများနှင့်အတူ ၁၇-၁၂-၂၀၂၄ ရက်နေ့မှ ၂၃-၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့် သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာများ ခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| ( ခ ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| ( ဂ ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက်သတ်မှတ်ချက်များနှင့် အကျုံးဝင်သည့်အချိန်တွင် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအတွက် စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ...**

❖ **စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ...**

❖ **စာတတ်ပြီး စာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ...**

❖ **လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန် မိမိတို့အားပေးကြရမည်ဖြစ်...**

❖ **စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---


**ယနေ့ ဖတ်စရာ**

**ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Together Urban Force အမည်ခံ အကြမ်းဖက်အဖွဲ့မှ တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ**
စာမျက်နှာ » ၁၅

**တိတိကျကျ စိုက်ပျိုးသည့်ခေတ်**
နည်းပညာနှင့် သုတကဏ္ဍ စာမျက်နှာ » ၂၂

**ASEAN Cup ပြိုင်ပွဲတွင် ဗီယက်နမ်အသင်း ချန်ပီယံဆု ဆွတ်ခူး**
စာမျက်နှာ » ၂၄

**မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာရဲ့ အောင်မြင်မှုခြေလှမ်း ဖြောင့်တန်းဖို့ မျှော်လင့်ချက်ရောင်ခြည် သန်းလာခြင်းလား**
စာမျက်နှာ » ၂၅




MIU အသင်းနှင့် SGF အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MFF ဖူဆယ်လိဂ် (၁) ပြိုင်ပွဲ ပွဲစဉ် (၃) တွင် MIU အသင်း သုံးပွဲဆက် အနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၅

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်(၁) ပြိုင်ပွဲ ပွဲစဉ် (၃) ကို ဇန်နဝါရီ ၅ ရက်က ဆက်လက်ကျင်းပရာ ထိပ်ဆုံးတွင် ဦးဆောင်နေသည့် MIU အသင်း သုံးပွဲဆက် အနိုင်ရခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ❂

---

**၅ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၃၃၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ



မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။

## နီပေါ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအပါအဝင် လေးသင်းယှဉ်ပြိုင်မည်ဟု နီပေါဘောလုံးအဖွဲ့ချုပ် ထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၅

ဖေဖော်ဝါရီလတွင် ကျင်းပမည့် နီပေါ ဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းအပါအဝင် လေးသင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း နီပေါဘောလုံးအဖွဲ့ချုပ်က ပြီးခဲ့သည့်ရက်ပိုင်းက သတင်းထုတ်ပြန်သည်။

နီပေါဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်အရ ယင်းပြိုင်ပွဲတွင် အိမ်ရှင်နီပေါအသင်း၊ မြန်မာအသင်း၊ ကာဂျစ္စတန်အသင်း၊ လက်ဘနွန်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၆ ရက်အတွင်း ကျင်းပမည်ဖြစ်သည်။ နီပေါဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပြိုင်ပွဲကျင်းပမည့်ပုံစံ

စာမျက်နှာ၂၄ ကော်လံ ၁ သို့ ❖